
MinnHtetAung..
တက္ကသိုလ်
နေလင်းအောင်
ရေခဲလိုက်ရူ
琅琊榜
ပထမပိုင်း
သုံးအုပ်တွဲသိုင်းစာစဉ်
原著 海宴
主演 胡歌
ကုလုံ၏ ဟုန်ကျူ့တောင်းစု
2006
30.12.2016
Alien မှ pdf အဖြစ် စကန်ဖတ်သည်
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

## ရေခဲလိုဏ်ဂူ



ပထမပိုင်း

တက္ကသိုလ်
# နေလင်းအောင်

---

## ရေခဲလိုက်ဂူ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၁၀၅၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၆၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးမြတ်ကျော် (မြ - ၀၅၇၇၈)
မြတ်ကျော် ပုံနှိပ်တိုက်
အမှတ် -၂၁၇၊ လမ်း - ၃၀
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အခန်း ၁။

## ထူးဆန်းသောအိပ်မက်

နေ့နှင့်ညဟူသော အချိန်ကာလ အပိုင်းအခြားကလေးတွင် မည်သည့်အချိန်၌မဆို ပွင့်နေသော မျက်လုံးအစုံကို စုံမှိတ်လျက် မေ့စက်အိပ်ပျော်ခဲ့မိလျှင် အိပ်မက်ဧည့်သည် မဖိတ်ခေါ်ထားပါဘဲ အခန့်သား အလည်လာတတ်၏။

သို့သော် မနှင်ဘဲလည်း ထွက်ခွာသွားတတ်၏။

လူတိုင်း အိပ်မက်ဧည့်သည်နှင့် တွေ့ကြုံဆုံဆည်းခဲ့ကြဖူး၏။

အိပ်မက်ဧည့်သည်သည် လှည့်စားတတ်သောမာယာအတတ်ကို တစ်ဘက်ကမ်းခတ်အောင် တတ်ကျွမ်းခဲ့သူပင် ဖြစ်ပါ၏။

ထို့ကြောင့် ....

အဖြစ်အပျက် အကြောင်းအရာ အစုံအလင်ကို လွမ်းမောတသဖွယ်၊ ကြည်နူးဆွတ်ပျံ့ဖွယ်၊ အံ့သြထိတ်လန့်ဖွယ်တို့ဖြင့် ဖန်ဆင်း

ချယ်လှယ်နိုင်သော ဇာတ်ဆရာနှင့်ပင် တူလှ၏။

သည်တစ်ကြိမ်တွင်မူ အိပ်မက်ဇာတ်ဆရာသည် အလွန်တရာ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို တင်ဆက်ပြသခဲ့လေ၏။

ဤဇာတ်လမ်းလောက် မည်သည့်ဇာတ်လမ်းကမျှ ထူးဆန်းအံ့ဩဖွယ် ကောင်းလိမ့်မည် မဟုတ်ပါ။

✦✦✦



နုပျိုလန်းဆန်းသောညသည် တဖြည်းဖြည်း အိုမင်းရင့်ရော်လာ၏။

ဟိုလင်ဖုန်းသည် အိုမင်းရင့်ရော်လာပြီဖြစ်သော ည၏ ညင်းညင်းညံ့ညံ့ တိုက်ခတ်လာသည့် လေပြေလေနုအေးကို အားပါးတရ ရှူရှိုက်လိုက်ပြီး မြန်ဆန်သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့၏။

သူ့စိတ်အစဉ်က ရွှင်လန်းတက်ကြွနေသဖြင့် သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း လေထဲတွင် လွင့်နေသော ပေါ့ပါးလွန်းသည့် လဲပွင့်ကလေးပမာ ဖြစ်နေ၏။

အကြောင်းမှာမူ ....

ဟိုလင်ဖုန်းသည် ငွေရှင်နေပြီဖြစ်၏။

ငွေဒင်္ဂါးပေါင်း ငါးဆယ်ကျော်က သူ့အိတ်ထဲတွင် ကြွားဝင့်စွာ ရှိနေကြပြီ မဟုတ်ပါလား။

ယနေ့သည် ဟိုလင်ဖုန်း၏နေ့ဟု ဆိုရမည်ပင်။

တကယ်ပင် သူသည် ဤယနေ့မှာမှ ဖဲဝိုင်းတွင် မည်သူကမျှ မယှဉ်သာအောင် ဖဲကံထခဲ့ခြင်းပင် ဖြစ်၏။

ယနေ့ ဖဲဝိုင်းတွင် သူက ဒိုင်ကိုင်၏။

ကျန်လူများက ထိုးသားများဖြစ်ကြပြီး သူတို့ ကစားကြသော ဖဲကစားနည်းမှာ ကိုးပွင့်သုံးချပ် ဖဲကစားနည်းပင် ဖြစ်၏။

ဒိုင်က 'တစ်ပေါက်'တည်းသာ ရှိနေသောအချိန်တွင် ကျန် ထိုးသားများအားလုံးမှာ 'ဘူ'ဖြစ်နေ၏။

ထိုးသားများက 'ကိုး'ပေါက် ဖြစ်နေသောအချိန်တွင် ဒိုင်က ကုလားသုံးကောင် ဖြစ်နေ၏။

ဤသို့ဖြင့် ....

ဟိုလင်ဖုန်းသည် ဖဲကံထ၍ အမြဲအနိုင်ရနေ၏။

ယနေ့ နိုင်လိုက်သော ငွေဒင်္ဂါးပေါင်း ငါးဆယ်ကျော်မှာလည်း ဟိုလင်ဖုန်းအဖို့ သူ ဖဲကစားခဲ့သော ဖဲသက်တမ်းတစ်လျှောက်လုံးတွင် အနိုင်ဆုံးစံချိန်သစ်ပင် ဖြစ်ပါ၏။

ဖဲဝိုင်းမှ ပြန်လာခဲ့ပြီးနောက် ဟိုလင်ဖုန်းသည် ဦးစွာ အရက်ဆိုင်သို့ဝင်ပြီး အရက်သုံးလေးခွက်ကို ဆက်တိုက်မော့သောက်လိုက်၏။

အရက်သောက်ရင်း ချက်ချင်းပင် သူက ရှောင်ချွေကို သတိရလိုက်မိ၏။



ရှောင်ချွေကို သတိရမိသည်နှင့် တစ်ပြိုင်နက် ကြာပန်းဂေဟာသို့ သွားရောက်ရန် ဟိုလင်ဖုန်းက အလိုလိုဆုံးဖြတ်လိုက်ပြီး ဖြစ်သည်။

ကြာပန်းဂေဟာသည် ကြီးကျယ်၏။ ခမ်းနား၏။ အစောင့်အကြပ်များကလည်း ဝန်းရံစောင့်ကြပ်ထားကြ၏။

ကြာပန်းဂေဟာသို့ ငွေဒင်္ဂါးများများစားစား မပါဘဲ လာခဲ့မိလျှင် မျက်နှာငယ်ရမည်မှာ သေချာသည်။

ကြာပန်းဂေဟာသို့ ငွေဒင်္ဂါးမျက်နှာ တစ်ခုတည်းကိုသာ အရေးမူတတ်သော ဂေဟာပင် ဖြစ်ပါ၏။

ရှောင်ချွေမှာ ကြာပန်းဂေဟာ၏ မိန်းကလေးတစ်ဦးပင် ဖြစ်ပါ၏။

ဟိုလင်ဖုန်း၏ အနှစ်သက်ဆုံးသော မိန်းမချောကလေး တစ်ဦးလည်း ဖြစ်ပါ၏။

ဟိုလင်ဖုန်းသည် ကြာပန်းဂေဟာသို့ လာခဲ့ရခြင်းမှာလည်း ရှောင်ချွေနှင့် တွေ့ဆုံရန်ပင် ဖြစ်၏။

ရှောင်ချွေနှင့် ဟိုလင်ဖုန်းသည် ဖက်လဲတကင်း ရင်းနှီးကျွမ်းဝင်ခဲ့ကြသူများလည်း ဖြစ်၏။

ယခု ....

ဟိုလင်ဖုန်းသည် .... ကြာပန်းဂေဟာထဲသို့ ခပ်ကြွားကြွားကလေးပင် ဟန်ပါပါဖြင့် ဝင်လာခဲ့၏။

ခါတိုင်းဆိုလျှင် ဤဂေဟာထဲမှ အစောင့်အကြပ်များသည် သူ့ကို အထင်သေး၍ အရေးပင် မစိုက်ချင်ကြ။

ဟိုလင်ဖုန်းက ရင်ကိုကော့လျက် ခေါင်းကိုမော့လိုက်ကာ မည်သူ့ကိုမျှ အရေးမစိုက်သောဟန်ဖြင့် တစ်လှမ်းချင်း လျှောက်လှမ်းကာ ကြာပန်းဂေဟာထဲသို့ ဝင်လာခဲ့ရင်း သူ့အိတ်ထဲမှ ငွေဒင်္ဂါးငါးဆယ် ကျော်ကိုလည်း တချွင်ချွင် အသံမြည်အောင် တမင်သက်သက် ပြုလုပ်လိုက်၏။

တံခါးစောင့်က ဟိုလင်ဖုန်းကို တွေ့လိုက်ရသောအခါ ခါးကို ကိုင်းညွတ်ကာ အရိုအသေပြုလုပ်ပြီး ပြုံးချိုသော မျက်နှာထားဖြင့်

"ဆရာကြီး ရောက်လာပြီကိုး .... "

ဟိုလင်ဖုန်းက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။

"ဘာလဲ .... ငါက လာလို့မရဘူးလား .... "

"ဒီလို မဟုတ်ရပါဘူး ခင်ဗျာ .... ကျွန်တော်တို့က ဆရာကြီး ကိုပဲ မျှော်နေတာပါ .... ဆရာကြီးကို အမြဲတမ်း ကြိုဆိုလျက်ပါပဲ"

တံခါးစောင့်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြောလိုက်၏။

ပြီးနောက် ....

အသံကျယ်ကျယ်ဖြင့် လှမ်းအော်လိုက်သည်။

"ဆရာကြီးဟိုလင်ဖုန်း ရောက်လာပါပြီ .... ဆရာကြီးကို ကြိုဆိုဧည့်ခံလိုက်ကြပါဦး .... "



ထိုစဉ် ....

အတွင်းဘက်မှ အစောင့်များသည် ကပျာကယာ ပြေးထွက်လာကြပြီး ဟိုလင်ဖုန်းအနီးသို့ ရောက်သောအခါ ခါးကို ညွတ်လိုက်ကာ အရိုအသေ ပြုလိုက်ကြသည်။

ဟိုလင်ဖုန်းသည် ဘေးတစ်ဘက်တစ်ချက်တွင် အစောင့်များက ဝန်းရံလျက် ကြာပန်းဂေဟာအတွင်းသို့ ခေါ်ဆောင်သွားကြလေသည်။

ဟိုလင်ဖုန်းကို သန်းကြွယ်သူဌေးကြီး တစ်ဦးပမာ ဧည့်ခံကြိုဆိုလိုက်ကြခြင်းပင် ဖြစ်ပါသည်။

ဟိုလင်ဖုန်းမှာမူ အတော်ကလေး ဘဝင်မြင့်သွားမိ၏။

ဟိုလင်ဖုန်းသည် စေ့ရုံသာ စေ့ထားသော တံခါးကို တွန်းဖွင့်လိုက်ပြီး ရှောင်ချွေအခန်းထဲသို့ ဝင်လာခဲ့၏။

ရှောင်ချွေက သူ့ကို တွေ့တွေ့ခြင်းပင် နှုတ်ခမ်းကလေး စူလိုက်ကာ အပြစ်တင်စကား ဆိုလိုက်၏။

"အခုမှ လာရသလား .... မိုးချုပ်ကတည်းက မျှော်နေရတာ၊ ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျရတာလဲ .... "

ဟိုလင်ဖုန်းက ရယ်လျက် ....

"အစောကြီး လာမလို့ဘဲ .... ဒါပေမယ့် ဖဲကံထနေတော့ ငါက မပြန်နိုင်တော့ဘူး .... "

ပြောပြောဆိုဆို ဟိုလင်ဖုန်းက သူ့အိတ်ထဲမှ ငွေဒင်္ဂါးငါးဆယ် ကျော် ထည့်ထားသော အိတ်ကလေးကို ရှောင်ချွေလက်ထဲသို့ လှမ်း ပေးလိုက်ပြီး ....

"ရော့ .... ဒါက နင့်အတွက် .... "

ရှောင်ချွေက ထိုငွေဒင်္ဂါးထည့်ထားသော အိတ်ကလေးကို လက်ထဲတွင် တဆဆ ကိုင်မြှောက်လိုက်ရင်း ....

"ဒါက ငွေဒင်္ဂါးတွေလား .... "

ဟိုလင်ဖုန်းက ရှောင်ချွေမျက်နှာကို စေ့စေ့ကြည့်ရင်း ပြုံး လျက် ....

"ဟုတ်တယ် .... ငွေဒင်္ဂါးက ငါးဆယ်ကျော်တယ် .... နင့် အတွက် ငါယူလာတာပဲ .... "

ဟိုလင်ဖုန်းက ရှောင်ချွေသည် အလွန် ဝမ်းသာအားရ ဖြစ် လိမ့်မည်ဟု ထင်ခဲ့မိ၏။

သို့သော် ....

ရှောင်ချွေက ငွေဒင်္ဂါးထည့်ထားသော အိတ်ကလေးကို ဖွင့် ၍မျှပင် မကြည့်ဘဲ သူမန်ဘေးတွင် ချထားလိုက်ပြီး ကြေကွဲဆို့နင့် သော အသံဖြင့် ဟိုလင်ဖုန်းကို အပြစ်ပင် တင်လိုက်သေး၏။

"သူများက .... တကယ့် အရေးကြီးတဲ့ကိစ္စနဲ့ သူ့ကို စောင့် နေတာ .... သူကတော့ အရက်သောက် ဖဲရိုက်ဖို့ပဲ သိတယ် .... "



"ရှောင်ချွေရယ် .... နင့်အတွက် ငါက ဒီလိုလုပ်နေရတာပါ၊ နင့်အမေက နေမကောင်းဘူးဆိုတော့ ငွေသိပ်လိုနေတယ်ဆို .... "

ရှောင်ချွေက ခေါင်းခါရမ်းလိုက်ပြီး ....

"အမေ့ရောဂါက ပျောက်သွားပါပြီ .... အခု ပြောနေတာက နင့်ရဲ့ကိစ္စ သိရဲ့လား .... "

ဟိုလင်ဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားပြီး နားမလည် ဟန်ဖြင့် ....

"ငါ့ရဲ့ကိစ္စ ဟုတ်လား .... ဘာကိစ္စလဲ .... "

ရှောင်ချွေက ဟိုလင်ဖုန်း၏ အမေးကို အဖြေသေးဘဲ ထိုင် နေရာမှ ရုတ်တရက်ထသွားပြီး စေ့ထားသော အခန်းတံခါးကို ပိတ် လိုက်၏။ ပြီးနောက် ....

ဟိုလင်ဖုန်း၏ လက်ကိုဆွဲကာ ခုတင်ပေါ်သို့ ခေါ်ဆောင် သွားပြီး ဟိုလင်ဖုန်းနှင့် ပခုံးချင်းယှဉ်၍ ထိုင်လိုက်လေသည်။

သူ့လက်ကို ဆုပ်ကိုင်ထားသော .... ရှောင်ချွေ၏လက်မှာ တဆတ်ဆတ် တုန်ခါနေသည်ကို ဟိုလင်ဖုန်းက သတိထားလိုက်မိ သောအခါ အံ့အားသင့်သွား၏။

"ရှောင်ချွေရယ် .... ဘာကိစ္စမို့လို့ ဒီလောက်တောင် အရေး တကြီး ဖြစ်နေရတာလဲ .... "

ရှောင်ချွေက ဟိုလင်ဖုန်း၏ ပခုံးနှင့် ထိလုမတတ် နီးကပ်စွာ

တိုး၍ ထိုင်လိုက်ပြီး သာယာတိုးညှင်းသော အသံဖြင့် ....

"အစ်ကို .... "

သူ့ကို အစ်ကိုဟု ရှောင်ချွေက ခေါ်လိုက်သောကြောင့် ဟိုလင်ဖုန်း၏ရင်ထဲတွင် သာယာကြည်နူးမိသလို ခံစားလိုက်ရသည်။

"အစ်ကိုက အသက်လည်း ငယ်ပါသေးတယ် .... ပြီးတော့ သိုင်းပညာလည်း သိပ်တော်တာပဲ .... ဘာဖြစ်လို့ အခုလို အရက်သောက် .... ဖဲရိုက်ပြီး ကိုယ့်ဘဝကို ကိုယ်ဖျက်ဆီးပစ်ရတာလဲ .... တကယ်တော့ .... အစ်ကိုဟာ အလုပ်အကိုင်တစ်ခုခုကိုတော့ လုပ်ဖို့ကောင်းပါပြီ .... "

ဟိုလင်ဖုန်းက တွေဝေသော မျက်လုံးအစုံဖြင့် ရှောင်ချွေကို ငဲ့စောင်း၍ ကြည့်လိုက်ပြီး အတန်ကြာမှ ခြောက်ကပ်သော အသံဖြင့် ရယ်လျက် ....

"နင်က .... ငါ့ကို ဘယ်လို အလုပ်အကိုင်မျိုးကို လုပ်စေချင်လို့လဲ .... ငါက ငါ့ရဲ့သိုင်းပညာကို အသုံးချပြီး ခိုးဆိုးတိုက်ခိုက် လုယက်ရမှာလား .... "

"အို .... ဒီလိုမဟုတ်ပါဘူး အစ်ကိုရယ် .... အစ်ကိုက အစ်ကို့ရဲ့ သိုင်းပညာနဲ့ မတရားတဲ့ ကိစ္စတွေမှန်သမျှကို သုတ်သင်ရှင်းလင်းပေးစေချင်တယ် .... အစ်ကို့ကို သူရဲကောင်းအလုပ်လုပ်ဖို့ ပြောနေတာပါ .... "



"ဒီသူရဲကောင်း အလုပ်ကိုတော့ ငါ မလုပ်နိုင်ဘူး .... ဝါသနာလည်း မပါဘူး .... ဒီလိုအလုပ်မျိုးကို လုပ်တဲ့သူက နှစ်မျိုးနှစ်စားပဲရှိတယ် .... တစ်မျိုးက ပိုက်ဆံသိပ်ချမ်းသာပြီး ဂုဏ်နဲ့ နာမည်လိုချင်လို့ ဒီလိုအလုပ်မျိုးကို လုပ်တာပဲ .... နောက်တစ်မျိုးကတော့ ပိုက်ဆံမရှိဘူး .... ဒါပေမယ့် နာမည်ကျော်အောင်လုပ်ပြီး နေရာကောင်းတစ်နေရာ ရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့လုပ်တာ .... တကယ်ဆိုတော့ .... ဒီလူတွေဟာ ဂုဏ်ပကာသနကို ခုံမင်မက်မောတာကလွဲပြီး ဘာမှစေတနာပါတာ မဟုတ်ဘူး .... ဒါကြောင့် ဘယ်ကလာ သူရဲကောင်း ဖြစ်ရမှာလဲ .... "

မှန်ပေသည်။

ဟိုလင်ဖုန်းစကားသည် သွေးထွက်အောင်မှန်သော သစ္စာစကား ဖြစ်ပေသည်။

မည်သူပင်ဖြစ်စေ မိမိ၏အတ္တ၊ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်သမျှသည် မည်မျှခက်ခဲ ပင်ပန်း၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်စေကာမူ သူရဲကောင်းဟူသော ဂုဏ်ပုဒ်နှင့် ထိုက်တန်ခြင်း မရှိပေ။

သူရဲကောင်းဟူသည် မိမိ၏အတ္တ၊ ကိုယ်ကျိုးမှန်သမျှကို စွန့်လွှတ်အနစ်နာခံပြီး လူများစုကြီး၏ တရားမှန်ကန်သောဘက်မှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှသာလျှင် သူရဲကောင်းဟူသော ဂုဏ်ပုဒ်နှင့်

ထိုက်တန်ပေသည်။

သူရဲကောင်းဟူသည် မိမိ၏အတ္တကို စွန့်လွှတ်ပြီး လူများစုကြီး၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ မိမိ၏ သွေးအသက်ခန္ဓာကို စွန့်လွှတ်ရဲမှသာလျှင် သူရဲကောင်းမည်ပေသည်။

ရှောင်ချွေသည် ဟိုလင်ဖုန်း၏ စကားကြောင့် မဲ့ပြုံးပြုံးလိုက်ပြီး

"အစ်ကိုနဲ့ ဒီသဘောတရားတွေကို မဆွေးနွေးချင်တော့ပါဘူး .... အစ်ကို့ကို ကျွန်မ တစ်ခုမေးမယ် .... အစ်ကိုက အစ်ကို့အတွက် မစဉ်းစားရင်လည်း ကျွန်မအတွက်တော့ ထည့်စဉ်းစားပါဦး .... ကျွန်မ ဒီငရဲတွင်းမှာ တစ်သက်လုံး ဒီလိုပဲ နေသွားရတော့မှာလား .... "

"ငါက .... နင့်ကို အစောကြီးကတည်းက ပြောထားတယ် မဟုတ်လား .... ငါ့လက်ထဲမှာ ငွေရှိလာတာနဲ့ နင့်ကို ဒီငရဲခန်းထဲမှာ လုံးဝမထားတော့ဘူး .... ချက်ချင်း ငွေပေးပြီး ရွေးထုတ်လိုက်မှာပဲ"

"ဘယ်အချိန်ထိ စောင့်ရဦးမှာလဲ အစ်ကိုရယ် .... "

ရှောင်ချွေက မျက်နှာညှိုးငယ်စွာဖြင့် မေးလိုက်၏။

"ဒီည အခြေအနေမျိုးနဲ့ဆိုရင်တော့ သိပ်ကြာကြာ စောင့်ရတော့မယ် မထင်ပါဘူး .... "

"ဟင့်အင်း .... ကျွန်မကတော့ တစ်ရက်ကလေးတောင်မှ မစောင့်နိုင်တော့ဘူး အစ်ကို .... အစ်ကိုက အခုချက်ချင်းပဲ ကျွန်မကို ခေါ်ထုတ်သွားပါတော့လား .... "



ဟိုလင်ဖုန်း၏ မျက်ခုံးနှစ်ဘက်စလုံး မြင့်တက်သွားပြီး

"အခု .... ဟုတ်လား"

"ဟုတ်တယ် အစ်ကို .... အခုချက်ချင်းပဲ ထွက်ပြေးကြပါစို့ .... ဟိုအဝေးကြီးတစ်နေရာကို ထွက်ပြေးကြမယ်လေ .... "

ဟိုလင်ဖုန်းက ရှောင်ချွေ၏ နဖူးပြင်တွင် ဝေ့ဝဲရစ်ခွေနေသော ဆံနွယ်ဆံစတို့ကို လက်တစ်ဖက်ဖြင့် ယုယစွာ ပွတ်သပ်ပေးရင်း ....

"ရှောင်ချွေ .... မင်း အရက်တွေမူးပြီး တွေ့ကရာ လျှောက်ပြောနေတာ မဟုတ်ပါဘူးနော် .... "

ရှောင်ချွေက ဟိုလင်ဖုန်းကို တင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီး တုန်ယင်သော အသံဖြင့် ....

"အစ်ကို .... ကျွန်မ အရက်မူးပြီး တွေ့ကရာ လျှောက်ပြောနေတာ မဟုတ်ပါဘူး .... ကျွန်မ တကယ်ပြောနေတာပါ .... ကျွန်မကို ဒီနေရာက အမြန်ဆုံး ခေါ်သွားပါတော့လား အစ်ကိုရယ် .... နို့မို့ရင်တော့ .... "

ထိုစဉ် အပြင်ဘက်မှ တံခါးခေါက်သံကို ကြားလိုက်ရ၏။

ရှောင်ချွေသည် ကြောက်ရွံ့တတ်သော ယုန်သူငယ်ကဲ့သို့ ကမန်းကတန်း ထိုင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး သူမ

၏ မျက်လုံးကလေးများမှာ ဝိုင်းဝိုင်းလည်သွားလျက် ....

"ဘယ်သူလဲ .... "

"ငါပါ .... ဒေါ်လေးပါ .... တံခါးဖွင့်ပေးပါဦး .... ငါက အစ်ကိုလေးအတွက် အမူးပြေဆေးရည်တစ်ခွက် လာပို့တာပါ .... "

အပြင်ဘက်မှ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ရောင်ရွှေ၏မျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားပြီး သူမက ဟိုလင်ဖုန်းကို အားကိုးတကြီး အကြည့်မျိုးဖြင့် လှမ်းကြည့်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

ပြီးနောက် တံခါးကို ဖွင့်ပေးလိုက်၏။

ဒေါ်လေးဆိုသူက အခန်းထဲသို့ ဝင်လာ၏။

သူမသည် ကြာပန်းဂေဟာတွင် ဝေယျာဝစ္စအလုပ်များကို ဆောင်ရွက်ပေးရသူပင် ဖြစ်ပါသည်။

ယခု .... သူမက လင်ပန်းတစ်ချပ်ပေါ်တွင် ခွက်တစ်ခွက်ကို တင်၍ ယူဆောင်လာပြီး ဟိုလင်ဖုန်းကို ပြုံးပြလျက် ....

"အစ်ကိုလေးအတွက် အမူးပြေဆေးရည် ယူလာတာပါ .... ပူနေတုန်း သောက်လိုက်ပါဦး .... "

ဟိုလင်ဖုန်းက စိတ်မပါ့တပါဖြင့် ....

"ကျေးဇူးတင်ပါတယ် .... ခုံပေါ်မှာ တင်ထားခဲ့ပါ .... "

ဒေါ်လေးဆိုသူက လင်ပန်းကိုကိုင်ထားရင်း ပြုံးလိုက်ပြီး ဟို



လင်ဖုန်းအနီးသို့ လျှောက်လာခဲ့၏။

"ဒီဆေးရည်က ပူနေတုန်းမှ သောက်လို့ကောင်းတာ .... အခု သောက်လိုက်ပါလား .... ကျွန်မ တစ်ခါတည်း လင်ပန်းနဲ့ခွက်ကို ပြန်ယူသွားချင်လို့ပါ .... "

ဟိုလင်ဖုန်းက သူမကို ဤအခန်းထဲမှ မြန်မြန်ထွက်သွားစေချင်သဖြင့် ဆေးခွက်ကို လှမ်းယူကာ မော့သောက်လိုက်၏။

"ကဲ .... ဒေါ်လေး .... ဒီအခန်းထဲက ကျေးဇူးပြုပြီး ထွက်သွားစေချင်ပါတယ် .... "

ဒေါ်လေးဆိုသူက ရယ်လျက် ....

"အစ်ကိုလေးက ကျွန်မကို နှင်နေတာကိုး .... ကျွန်မက အစ်ကိုလေးရဲ့ တန်ဖိုးရှိတဲ့အချိန်ကို လာပြီးအနှောင့်အယှက် ပေးသလို ဖြစ်နေပါတယ် .... ကျွန်မ စိတ်မကောင်းပါဘူး .... ဒီအတွက် ကျွန်မက အနူးအညွတ် တောင်းပန်ပါတယ်ရှင် .... ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ အခုပဲ ဒီအခန်းထဲက ထွက်သွားပါ့မယ် .... "

ဒေါ်လေးဆိုသူက ဤအခန်းထဲမှ ယခုပင် ထွက်သွားပါမည်ဟု ပြောသော်လည်း သူမ၏ ခြေလှမ်းများသည် လုံးဝရွေ့လျားခြင်းမရှိဘဲ ဟိုလင်ဖုန်းကိုသာ ပြုံးဖြီးဖြီးဖြင့် ငေးစိုက်၍ ကြည့်နေလေသည်။

ဟိုလင်ဖုန်းက သူမကို တစ်စုံတစ်ခု ပြောရန်ဟန်ပြင်လိုက်၏။

သို့သော် ....

သူ့မျက်ခွံများမှာ တဖြည်းဖြည်း လေးလံလာပြီး သူ့တစ်ကိုယ်လုံးမှာလည်း နွမ်းနယ်ပျော့ခွေလာကာ နောက်ဆုံးတွင် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့၏။

ဟိုလင်ဖုန်း အိပ်ပျော်သွားသောအခါ အိပ်မက်ဇာတ်ဆရာသည် အလွန်တရာ ထူးဆန်းအံ့သြဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို စတင် တင်ဆက်ကပြတော့သည်။

ထိုအိပ်မက် ဇာတ်လမ်းတွင် ဟိုလင်ဖုန်းကိုယ်တိုင် ပါဝင်သရုပ်ဆောင် ကပြခဲ့ရလေတော့သည်။

◆◆◆



ဟိုလင်ဖုန်းသည် သူ အချိန်မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည်ကို မသိခဲ့ရချေ။

သို့ရာတွင် ....

မှိတ်ထားသော သူ့မျက်လုံးအစုံကို မဖွင့်ရသေးခင်မှာပင် သူ့နှာခေါင်းထဲသို့ သင်းပျံ့မွှေးကြိုင်သော ရနံ့များက တိုးဝင်လာသည်ကိုမူ သူ သတိထားလိုက်မိ၏။

အမွှေးရနံ့များမှာ အခန်းတစ်ခုလုံးတွင် သင်းပျံ့လှိုင်နေ၏။

ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ မွေ့ရာမှအစ အားလုံး အမွှေးရနံ့များက သင်းထုံကြိုင်လျှမ်းနေ၏။

ဤအမွှေးရနံ့များမှာ သူ့နှာခေါင်းထဲတွင် ထူးခြားဆန်းသစ်နေသည်။

ကြာပန်းဂေဟာမှ အပြာမယ်များ ဆွတ်ဖြန်းလိမ်းကျံနိုင်သော အမွှေးနံ့သာမျိုး မဟုတ်မှန်းလည်း ဟိုလင်ဖုန်း ရိပ်စားလိုက်မိ၏။

ဟိုလင်ဖုန်းသည် သူ့ခန္ဓာကိုယ်ကို တစ်ချက်မျှ လှုပ်လှုပ်လိုက်ကာ မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိ၏။

ထိုအခါ ဟိုလင်ဖုန်းသည် ခုတင်ဘေးတွင်ရပ်ကာ သူ့ကိုပြုံး၍ ကြည့်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုမိန်းကလေးမှာ အသက် ဆယ့်လေးနှစ်ခန့်သာရှိပြီး အခြွေအရံတစ်ဦး ဖြစ်ဟန်တူသည်။

သူက မျက်လုံးကို ပွတ်သပ်၍ ကြည့်လိုက်မိသောအခါတွင်မှ မိမိမှာ ခမ်းနားထည်ဝါလှသော အခန်းတစ်ခန်းတွင် ရောက်ရှိနေမှန်း သိလိုက်ရသည်။

ထို့ပြင် ....

ဟိုလင်ဖုန်းသည် ဖွင့်ထားသော ပြတင်းပေါက်ကို ကျော်၍ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်ရှုလိုက်ပြန်သည်။

အပြင်ဘက်မှ သာယာတင့်ဆန်းသော ပန်းဥယျာဉ်ကို လှမ်းမြင်နေရသည်။

ထိုပန်းဥယျာဉ်တွင် လှမျိုးစုံသော ဖြူနီညိုပြာ ပန်းမာလာတို့သည် ငွားငွားစွင့်စွင့် ဖူးပွင့်နေကြပြီး၊ ပန်းဝတ်ရည်ကို စုပ်ယူသုံးဆောင်တတ်သော ပျားနှင့် လိပ်ပြာတို့သည်လည်း လှူးလာပျံသန်းလျက် ပန်းပွင့်ကလေးများပေါ်တွင် နိုနားနေကြသည်။

တစ်ခါတစ်ရံ တိုက်ခတ်လာသော လေပြေလေညင်းကြောင့်



ပန်းရနံ့သည် မွှေးပျံ့လျက် ပန်းပင်များမှာလည်း ဘယ်ညာယိမ်းနွဲ့နေကြ၏။

ပန်းဥယျာဉ်၏ အလယ်ဗဟိုတွင် ရေကန်တစ်ကန်ကို တွေ့ရပြန်သည်။

ကန်ရေပြင်သည် ကြည်ပြာစိမ်းလဲ့လျက် ကြာငုံကြာဖူးတို့ဖြင့် လှပတင့်တယ်လျက် ရှိ၏။

ဟိုလင်ဖုန်းသည် သာယာကြည်နူးဖွယ်ကောင်းသော ရှုခင်းကို ငေးမောကြည့်ရှုနေမိ၏။

ထိုစဉ် ....

အခြွေအရံမလေးက ခါးကိုကိုင်းညွှတ်လျက် သူ့ကို အရိုအသေ ပြုလိုက်သည်။

"သခင်ကြီး .... နိုးလာပြီနော် .... "

ဟိုလင်ဖုန်းသည် တွေဝေငေးကြောင်နေသော မျက်လုံးဖြင့် အခြွေအရံမကလေးကို စိုက်ကြည့်လိုက်ပြီး ....

"ငါ .... ငါ .... "

ဟိုလင်ဖုန်း၏ စကားမဆုံးခင်မှာပင် အခြွေရံမကလေးက ရိုသေကျိုးနွံစွာဖြင့် ပြောလိုက်၏။

"သခင်ကြီး အိပ်ပျော်နေတာ အတော့်ကို ကြာသွားပြီ .... စောစောက သခင်မတောင် သခင်ကြီးကို လာကြည့်သွားသေးတယ်၊

အဲဒီတုန်းက သခင်ကြီး မနိုးသေးဘူး .... သမင်မကို သခင်ကြီး နိုးနေပြီဆိုတာ ကျွန်မ သွားပြီးအကြောင်းကြားလိုက်ပါဦးမယ် .... ”

အခြွေအရံမလေးက ထိုသို့ပြောရင်း ဟိုလင်ဖုန်းအနားမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

“ဟဲ့ .... ကလေးမ ခဏနေပါဦး .... အခု ငါ ဘယ်နေရာကို ရောက်နေတာလဲ .... ”

ဟိုလင်ဖုန်း၏ အလောတကြီး မေးလိုက်သောစကားကြောင့် အခြွေအရံမကလေးသည် ရုတ်တရက် ကြောင်သွားပြီး သူ့ပါးစပ်ကိုသူ လက်ဝါးဖြင့်အုပ်၍ ရယ်လိုက်သည်။

ပြီးမှ ....

“သခင်ကြီးက အရက်မူး မပြေသေးဘူးထင်တယ် .... ”

“ငါက မူးမှမမူးဘဲ .... ငါမေးတာကိုသာ ဖြေစမ်းပါ .... ”

“သခင်ကြီးက .... ကိုယ့်အိမ်ကိုယ်တောင် မမှတ်မိတော့ဘူးလား .... ”

ဟိုလင်ဖုန်းက အံ့အားသင့်သွားဟန်ဖြင့် ....

“ဒါ .... ငါ့အိမ် ဟုတ်လား .... ”

“ဟုတ်တယ်လေ .... ဒီအိမ်က သခင်ကြီးရဲ့အိမ်ပဲဟာ .... ကြို့ချီမြို့မှာ အထင်ပေါ်ဆုံး .... အကျော်ကြားဆုံးဖြစ်တဲ့ ဗိမာန်ဂေဟာ ဆိုရင် သခင်ကြီးရဲ့အိမ်မှန်း လူတိုင်းသိကြတာပဲ .... ဒီအခန်းကလည်း



သခင်ကြီးရဲ့ သဘောအကျဆုံးဖြစ်တဲ့ သစ်ခွပန်းအဆောင်လေ .... ”

“ဗိမာန်ဂေဟာက သစ်ခွပန်းအဆောင် .... ဗိမာန်ဂေဟာက သစ်ခွပန်းအဆောင် .... ”

ဟိုလင်ဖုန်းသည် စိတ်ထဲမှ တီးတိုးရေရွတ်လိုက်ပြီးနောက် အာမေဋိတ်သံဖြင့် ....

“ဩော်

မင်းပြောတဲ့ ဒီဂေဟာက ကြို့ချီမြို့က နာမည်ကျော် သူဌေးကြီးရဲ့ မိဗာန်ဂေဟာကိုး .... ”

အခြွေရံမလေးက ပြုံးလျက် ....

“တော်သေးတာပေါ့ .... သခင်ကြီး ပြန်ပြီးစဉ်းစားလို့ရတာ”

“ဒီလိုဆို ငါက ဘယ်သူလဲ .... ”

ဟိုလင်ဖုန်းက မျက်မှောင်ကုတ်လျက် ဖြည်းညင်းစွာ တစ်လုံးချင်း မေးလိုက်၏။

အခြွေအရံမကလေး၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားပြီး ကြောင်အမ်းအမ်းဖြင့် ဟိုလင်ဖုန်းကို ငေးစိုက်၍ ကြည့်လိုက်၏။

“သခင်ကြီးက ကိုယ့်နာမည်ကိုတောင် ကိုယ်မမှတ်မိတော့ဘူးလား .... ”

“မမှတ်မိလို့တော့ မဟုတ်ပါဘူး .... ငါဘယ်သူလဲဆိုတာ ငါ

သိပါတယ် .... ဒါပေမယ့် ငါက ဒီဗိမာန်ဂေဟာကြီးနဲ့ ဘာမှမပတ်သက်ဘဲ ဘာဖြစ်လို့ ဒီနေရာကို ရောက်လာရတာလဲ .... "

အခြွေအရံမကလေးသည် စောစောကထက် ပို၍ မျက်လုံးပြူးသွားသော်လည်း သူက ရယ်လျက် ....

"သခင်ကြီးက .... ဒီဗိမာန်ဂေဟာနဲ့ ဘာမှမပတ်သက်ဘူးဟုတ်လား .... ဒါဖြင့် သခင်ကြီးက ဘယ်သူလဲ .... "

"ငါ့နာမည် ဟိုလင်ဖုန်းလို့ ခေါ်တယ် .... ငါနေတာက လော့ရန်မြို့မှာ နေတာ .... ဒီနာမည်ကြီး ဗိမာန်ဂေဟာနဲ့ ငါဟာ ဘာမှမပတ်သက်ပါဘူး .... "

ဟိုလင်ဖုန်း၏ စကားကြောင့် .... အခြွေအရံမကလေးသည် အလွန် အံ့အားသင့်သွားပြီး ဟိုလင်ဖုန်းကို ငေးကြောင်သော မျက်လုံးအစုံဖြင့် တွေတွေကြီး စိုက်ကြည့်လိုက်ရင်း ရုတ်ခြည်းပင် ထိုအခန်းထဲမှ အလန့်တကြား လှစ်ခနဲ ပြေးထွက်သွား၏။

သူမက အခန်းဝသို့ရောက်လျှင် လူနှစ်ယောက်နှင့် ဝင်တိုက်မိသည်။

ထိုလူနှစ်ယောက်မှာ အဝါရောင်ဝတ်စုံကို ဝတ်ထားသော အခြွေအရံမကလေးတစ်ဦးနှင့် တောက်ပြောင်သစ်လွင်သော ဝတ်စုံကို ဝတ်ဆင်ထားသည့် သခင်မကိုယ်တိုင် ဖြစ်နေလေသည်။

အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အခြွေအရံမကလေး



ဟာ တင်းမာခက်ထန်သော လေသံဖြင့် ....

"ဟဲ့ .... ရှောင်လန် .... မင်းက ဘယ်လိုဖြစ်လာရတာလဲ"

"သခင်မကြီးနဲ့ မမမေအော်တို့ ရောက်လာတာ အတော်ပဲ၊ အမြန်ဆုံး သခင်ကြီးကို ကြည့်ကြပါဦး .... သူ .... သူ .... "

ရှောင်လန်က စိုးရိမ်ထိတ်လန့်နေဟန်ဖြင့် ပြောလိုက်၏။

"သခင်ကြီး ဘာဖြစ်နေလို့လဲ .... "

သခင်မကြီးက တည်ငြိမ်ခန့်ညားသော အသံဖြင့် မေးလိုက်၏။

"သူ .... သူ .... ဘယ်လိုလဲ မသိဘူး .... ဒီနေရာကိုလည်း မသိဘူးတဲ့ .... နောက်ပြီး သခင်ကြီးက သူ့နာမည်ဟာ ဟိုလင်ဖုန်းတဲ့ .... ဒီဗိမာန်ဂေဟာကြီးနဲ့လည်း သခင်ကြီးက ဘာမှမပတ်သက်ဘူးလို့ ပြောနေပါတယ် .... "

"သူက တကယ်ပဲ ဒီလို ပြောလိုက်သလား .... "

"သခင်မကို ကျွန်မ လိမ်ညာပြီး မပြောဝံ့ပါဘူး .... သခင်ကြီးက ကျွန်မကို ဒီအတိုင်းပဲ ပြောခဲ့ပါတယ် .... "

ရှောင်လန်က ထိုသို့ပြောလိုက်ပြီး ခါးကိုကိုင်းညွတ်လျက် သခင်မဆိုသူကို အရိုအသေ ပြုလိုက်၏။

"သခင်မ .... ရှောင်လန်ရဲ့စကားကို မယုံပါနဲ့ .... ဇကန္တ သခင်ကြီးက အရက်မူးပြေကာစမို့ နောက်ပြောင်ပြီး ပြောလိုက်တာ

ပဲ ဖြစ်ရမယ် .... ”

မေအော်က သူ၏ထင်မြင်ချက်ကို သခင်မအား တင်ပြလိုက်၏။

“သခင်ကြီးရဲ့ အမူအရာကိုကြည့်ရတာတော့ .... နောက်ပြောင်ပြီး ပြောလိုက်တာ မဖြစ်နိုင်ပါဘူး .... သူက တကယ်ပဲ ခပ်တည်တည်နဲ့ ပြောလိုက်တာပါ .... ”

ရှောင်လန်က ငြင်းဆိုလိုက်၏။

သခင်မသည် သူမ၏ ကော့ပျံနေသော မျက်တောင်ရှည်များကို ပုတ်ခတ်လိုက်ပြီး သစ်ခွပန်းအဆောင်ထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာခဲ့၏။

သူမ၏နောက်မှ ရှောင်လန်နှင့် မေအော်တို့လည်း လိုက်ပါလာကြသည်။

သူတို့သုံးဦးစလုံး သစ်ခွပန်းအဆောင်ထဲသို့ ရောက်လာကြသောအခါ ခုတင်ပေါ်တွင် လဲလျောင်းနေသော ဟိုလင်ဖုန်းကို တွေ့လိုက်ကြရ၏။

သခင်မသည် ဟိုလင်ဖုန်းအနီးသို့ လျှောက်သွားပြီး အကဲခတ်သော မျက်လုံးအစုံဖြင့် ဟိုလင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

“မောင် .... အမူးပြေသွားပြီထင်တယ် .... ”

ဟိုလင်ဖုန်းက ဘာမှပြန်မပြောဘဲ သခင်မကို မျက်တောင်



မခတ်ဘဲ စိုက်၍ကြည့်နေမိ၏။

သခင်မသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ရှောင်လန်ဘက်သို့ လှည့်လျက် ....

“ဟော့ ရှောင်လန် .... မင်းကိုတော့ ငါ ရိုက်ပြီးဆုံးမဖို့တောင် ကောင်းနေပြီ .... သခင်ကြီးက ဘာမှမဖြစ်ပါဘူး .... အခု ကောင်းကောင်းမွန်မွန်ပဲဥစ္စာ .... ”

“ဟုတ်သားပဲ .... ရှောင်လန်က ဘာတွေလျှောက်ပြောခဲ့မှန်း မသိဘူး .... ”

မေအော်ကပါ ရှောင်လန်ကို အပြစ်တင်လိုက်၏။

“သူ့ကို အပြစ်မတင်ကြပါနဲ့ .... သူပြောတာ မှန်ပါတယ် .... ကျုပ်နာမည် ဟိုလင်ဖုန်းပါ .... ကျုပ်က ဒီဗိမာန်ဂေဟာကြီးနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး .... ဒီကိစ္စက တစ်ခုခု မှားနေပြီထင်တယ်”

“မှားနေတယ် ဟုတ်လား .... ဘာမှားနေတာလဲ .... ”

မေအော်က အံ့ဩစွာဖြင့် မေးလိုက်သည်။

သခင်မမှာမူ မဲလှုပ်မယှက်ဘဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တိတ်ဆိတ်နေ၏။

“ခင်ဗျားတို့က ကျုပ်ကို .... တခြားလူတစ်ယောက်ယောက်နဲ့ မှားနေပြီထင်တယ် .... ”

ဟိုလင်ဖုန်းက အေးစက်တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

သခင်မက မဲ့ပြုံးပြုံးလိုက်ပြီး ....

"မောင်ရယ် .... ကလေးမတွေကို ဒီလိုတော့ မနောက်ပြောင်ပါနဲ့ .... မောင် နောက်ပြောင်တာ အရေးမကြီးဘူး .... တော်ကြာ တကယ်လို့ ဒီသတင်းသာ ပေါက်ကြားသွားရင် ဗိမာန်ဂေဟာကြီးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်သွားနိုင်ပါတယ် .... "

"ကျုပ် တကယ်ပြောနေတာပါ .... နောက်ပြောင်နေတာ မဟုတ်ပါဘူး .... "

သခင်မက မျက်ခုံးတစ်ဘက် မြင့်တက်သွားပြီး ....

"မောင်က .... ကျွန်မကိုကော မှတ်မိသေးရဲ့လား .... "

"စိတ်မရှိပါနဲ့ဗျာ .... ခင်ဗျားကို ကျုပ် တစ်ခါမှလည်း အရင်က မမြင်ဖူးဘူး .... ပြီးတော့ ဒီတစ်ကြိမ် တွေ့ဖူးတာဟာ ပထမဆုံး အကြိမ်ပါပဲ .... ဒါပေမယ့် ခင်ဗျားဟာ ဗိမာန်ဂေဟာကြီးရဲ့ အရှင်သခင်ဖြစ်တဲ့ ရန်ကျိဝေရဲ့ ဇနီးဖြစ်ရမယ်ဆိုတာကိုတော့ .... ကျုပ် ခန့်မှန်းလို့ ရပါတယ် .... "

သခင်မက စိတ်ဆိုးရအခက်၊ ရယ်ရအခက်ဖြင့် မေအော်ဘက်သို့ လှည့်လျက် ....

"ကြည့်စမ်းပါဦး မေအော်ရယ် .... မောင်က ငါ့ကိုတောင် မမှတ်မိတော့ဘူးတဲ့ .... "

"သခင်ကြီးက အမူးမပြေသေးဘူး ထင်ပါတယ် သခင်မ"



"အင်း .... ခက်တော့တာပဲ .... "

သခင်မက သက်ပြင်းတစ်ချက်ချလျက် ဟိုလင်ဖုန်းကို ရွှန်းလက်သော မျက်လုံးအစုံဖြင့် ငေးစိုက်၍ ကြည့်နေမိသည်။

ဟိုလင်ဖုန်းသည် ယခုမှ သခင်မ၏အလှကို သေသေချာချာ အကဲခတ်မိသည်။

သခင်မသည် အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိပေဦးမည်။

သို့သော် ....

သူမ၏ရုပ်ရည်က နုပျိုလန်းဆန်းမှုထက် တည်ငြိမ်ခန့်ညားသော အသွင်ကို ဆောင်လျက်ရှိသည်။

အေးမြကြည်လင်သောမျက်နှာ၊ တောက်ပြောင်ရွှန်းလက်သော မျက်ဝန်း၊ ကော့ပျံရှည်လျားသော မျက်တောင်၊ ဖြောင့်စင်းသော နှာတံ၊ နီထွေးသော နှုတ်ခမ်းတို့ဖြင့် အချိုးအဆစ် ပြေပြစ်ကျနသော ကိုယ်နေကိုယ်ဟန်တို့သည် ရှုမဝနိုင်သော ဣန္ဒြေရှင်၏ အလှမျိုးပင် ဖြစ်ပါသည်။

ထိုဣန္ဒြေရှင်၏ ရှုမဝနိုင်သော မျက်နှာကလေးမှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွားပြီး၊ မျက်ဝန်းအိမ်တွင်းမှ မျက်ရည်များ ရစ်ဝဲလာကာ သူမ၏အသံမှာလည်း ဒေါသဖြစ်နေသောကြောင့် ပို၍ပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟိုကောင်တွေကြောင့် ဒီလိုဖြစ်ရတာ .... အမြဲတမ်း မောင့်

ကို အရက်မူးအောင် တိုက်ပြီးမှ အိမ်ကိုပြန်ပို့တယ် .... အခုတော့ မောင့်အဖြစ်က ရင်နာစရာ ကောင်းလိုက်တာ .... ကိုယ့်ဘ၀ကိုတောင် ကိုယ် မမှတ်မိနိုင်တော့တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါပေကောလား .... အခုလို ဖြစ်ရတာ ဒင်းတို့တရားခံပဲ .... "

အရက် ....

အရက်ဟူသည် .... လူတို့အား ဟောဒရမ်းသွေးပျက်အောင် အမှောင်တိုက်သို့ တွန်းပို့နိုင်စွမ်း အုံမခန်းသည့် အဆိပ်လက်နက် ဖြစ်ပေ၏။

တကယ်မူ သောက်လေ သောက်လေ ငတ်မပြေသည့် ဆားငန်ရည်ဆိုသကဲ့သို့ ....

အရက်ဟူသည့် အဆိပ်ရည်ကား သောက်လေ သောက်လေ မူးယစ်ဝေကြ လောကရဲ့ အမှောင်တိုက်တွင်း ကျင့်ပျက်ဂုဏ်ရည် မရှိလေဟု မမွှသံဝေ ထားခဲ့ချေ၏ မဟုတ်လော .... ။

"သခင်မ .... ဟိုဝန်မင်းကို သွားခေါ်ရင်ကောင်းလိမ့်မယ် ထင်တယ် .... သခင်ကြီးကို အရက်သောက်ဖို့ လာခေါ်သွားတာ သူပဲ မဟုတ်လား .... "

မေအော်က အကြံပေးလိုက်၏။

သခင်မသည် ရစ်ဝဲနေသော မျက်ရည်စများကို မျက်တောင်များဖြင့် တဖျတ်ဖျတ် သိမ်းခတ်လိုက်ပြီး ....



"အေး .... ကောင်းတယ် .... သူက ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့ .... "

သခင်မက ထိုသို့ပြောရင်း ရှောင်လန်ဘက်သို့ မျက်လုံးတစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီး အမိန့်ပေးလိုက်၏။

"ရှောင်လန် .... မင်း အခုချက်ချင်း ဟိုဝန်မင်းကို ဒီကို ခေါ်လာခဲ့ပါ .... ပြီးတော့ မနေ့ညက သခင်ကြီးနဲ့အတူတူ သောက်ကြစားကြတဲ့လူတွေကိုပါ တစ်ပါတည်း ခေါ်လာခဲ့ဖို့ ဟိုဝန်မင်းကို ပြောလိုက် .... ကဲ .... မင်း သွားတော့ .... "

ရှောင်လန်က ခါးကို ကိုင်းညွှတ်လျက် အရိုအသေ ပြုလိုက်ပြီး သခင်မအနားမှ ချက်ချင်းပင် ထွက်ခွာလာခဲ့သည်။

"စောစောက .... ခင်ဗျားသွားခေါ်ခိုင်းလိုက်တဲ့ ဟိုဝန်မင်းဆိုတာ လော့ရန်မြို့က နာမည်ကျော်စားသိုင်းသမား ဟိုဝန်မင်းဆိုတာ မဟုတ်လား .... "

ဟိုလင်ဖုန်းက သခင်မ မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်၏။

သခင်မ၏မျက်နှာတွင် ပြုံးရောင်ယှက်သမ်းလာပြီး ဟိုလင်ဖုန်း၏ အမေးကို နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြလိုက်သည်။

မေအော်က ဝမ်းသာသွားဟန်ဖြင့် ....

"သခင်မ .... သခင်မ .... သခင်ကြီးက ဟိုဝန်မင်းကို မှတ်

မိနေတယ်ဆိုတော့ အခြေအနေ သိပ်မဆိုးသေးပါဘူး .... ”

ဟိုလင်ဖုန်းက မေအော်နှင့် သခင်မကို လှမ်းကြည့်ရင်း ....

“အင်းလေ .... ဘာပဲဖြစ်ဖြစ် အခုလို အချိန်အခါမျိုးမှာ ဟိုဝန်မင်းကို သွားခေါ်တာ အကောင်းဆုံးပါပဲ .... ကျုပ်အထင်တော့ ဒီကိစ္စက ဟိုဝန်မင်းနဲ့ ကျုပ်တွေ့လိုက်ရရင် ပြေလည်သွားလိမ့်မယ်ထင်တာပဲ .... ”

✦✦✦



အခန်း ၂။

## ထူးဆန်းသောအတွေ့အကြုံ

ဗိမာန်ဂေဟာ၌မှ သစ်ခွပန်းဆောင်ထဲသို့ ရှေ့ဆုံးမှဝင်လာသူမှာ ဟိုဝန်မင်းပင် ဖြစ်ပါ၏။

သူ့နောက်မှ လိုက်ပါလာကြသော သူများမှာလည်း ကြို့ချိုမြို့မှ သူဌေးသူကြွယ်များ ဖြစ်ကြသည်။

သူတို့အားလုံးသည် သစ်လွင်တောက်ပြောင်သော ဝတ်စုံများကို ဝတ်ဆင်ထားကြပြီး ဟိုလင်ဖုန်းကို စူးစမ်းသော မျက်လုံးများဖြင့် အကဲခတ်ကြည့်ရှု နေကြသည်။

ဟိုလင်ဖုန်းမှာ ကုလားထိုင်ပေါ်တွင် အေးစက်တည်ငြိမ်စွာဖြင့် ထိုင်နေ၏။

ဟိုဝန်မင်းက ရှောင်လန်ထံမှ ဟိုလင်ဖုန်း၏ အကြောင်းရင်းကို သိထားသောကြောင့် သူ့မျက်နှာတွင် စိုးရိမ်ပူပန်မှုများက အထင်းသား ပေါ်လွင်နေ၏။

သူက ဟိုလင်ဖုန်းကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် လှမ်းအော်၍ မေးလိုက်၏။

"ရန်ကျိဝေ .... ခင်ဗျား ဘာဖြစ်နေတာလဲ .... "

ဟိုလင်ဖုန်းက ဟိုဝန်မင်း၏ အမေးကိုမဖြေဘဲ ပြုံးပြလိုက်၏။

ဟိုဝန်မင်းသည် ရုတ်တရက် ကြောင်သွားပြီး သခင်မဘက်သို့ လှည့်လျက် ....

"ရန်ကျိဝေက လူကောင်းတစ်ယောက်လိုပါပဲ .... ဘာမှ ထူးခြားပြောင်းလွဲနေတာမှ မဟုတ်တာ .... ရှောင်လန်ကပြောတော့ ရန်ကျိဝေဟာ သူ့ဘဝကိုတောင် သူမမှတ်မိတော့ဘူးတဲ့ .... အရူးတစ်ယောက်လို ဖြစ်နေတယ်ဆို .... "

သခင်မက ခေါင်းညိတ်လိုက်ပြီး ....

"သူ ရူးသလား မရူးသလားဆိုတာတော့ ကျွန်မ မသိဘူး၊ မနေ့ညကတော့ သူဟာလူကောင်းတစ်ယောက်ပါပဲ .... ဒီနေ့ အိပ်ရာကနိုးလာတော့မှ သူက တစ်မျိုးဖြစ်နေတယ် .... ဒီဗိမာန်ဂေဟာဟာလည်း သူနဲ့ လုံးဝမပတ်သက်ဘူးတဲ့ .... ပြီးတော့ နာမည်က ဟိုလင်ဖုန်းလို့ သူက ပြောနေပါကလား .... "

ဟိုဝန်မင်းက မျက်မှောင်ကုတ်၍ စဉ်းစားဟန်ပြုလိုက်ပြီး

"ဒီလိုဆို .... ဒီကိစ္စက အတော့်ကို ထူးဆန်းနေပြီ .... မနေ့



ညကတောင် သူက ဘာမှမဖြစ်တာ .... ကျွန်တော်တို့အားလုံး အရက်အတူတူ သောက်ခဲ့ကြသေးတာပဲ .... "

"ဟုတ်တယ်လေ .... ရှင်တို့နဲ့ အရက်အတူတူ သောက်ပြီးကတည်းက အခုလို ဖြစ်သွားရတာပဲ .... "

သခင်မက ဟိုဝန်မင်းကို အပြစ်တင်လိုက်၏။

"နေ့တိုင်းလည်း ကျွန်တော်တို့နဲ့အတူ အရက်သောက်ခဲ့တာပဲဗျာ .... ရန်ကျိဝေ ဘာမှမဖြစ်ခဲ့ပါဘူး .... အခုကျမှ .... "

ဟိုဝန်မင်း၏ စကားမဆုံးခင်မှာပင် သခင်မက အေးစက်တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

"ရှင်တို့က သူ့ရဲ့ သူငယ်ချင်းတွေဆိုတော့ သူ့ကို မေးကြည့်ပါလား .... "

ထိုအခါကျမှ ဟိုဝန်မင်းသည် ဟိုလင်ဖုန်းကို အသေအချာစိုက်ကြည့်လိုက်ပြီး ....

"ရန်ကျိဝေ .... ခင်ဗျားက ဘယ်လိုဖြစ်နေတာလဲ .... ကျုပ်တို့ သူငယ်ချင်းတွေကိုတော့ မနှောက်ပါနဲ့ဗျာ .... "

ဟိုလင်ဖုန်းသည် ဟိုဝန်မင်းက မိမိကို ရန်ကျိဝေဟု ခေါ်လိုက်သောကြောင့် အခံရခက်သွားပြီး မဲ့ပြုံး ပြုံးလိုက်ရင်း ....

"ဟိုဝန်မင်း .... ခင်ဗျားက ကျုပ်ကို သေသေချာချာ ကြည့်ပါဦး .... ကျုပ်က တကယ်ပဲ ဗိမာန်ဂေဟာကြီးရဲ့ သူဌေးကြီး ရန်ကျိ

ဝေလား .... "

ဟိုဝန်မင်းက ရယ်လျက် ....

"ရန်ကျိဝေ .... ခင်ဗျားဟာ အတော့်ကို ရယ်စရာကောင်းတဲ့လူပဲ .... ခင်ဗျားဟာ ဗိမာန်ဂေဟာကြီးရဲ့ သူဌေးကြီး ရန်ကျိဝေမှ ရန်ကျိဝေအစစ် .... "

"ဒီလောကမှာ ရုပ်ချင်းတူတဲ့လူတွေ မရှားပါဘူးဗျာ .... ခင်ဗျား လူမှားနေပြီထင်တယ် .... "

"ကျုပ်က လူမှားနေပြီ ဟုတ်လား .... အံ့သြစရာဗျာ .... ကျုပ်ကလေ ခင်ဗျားရုပ်ကို ခွေးချီသွားတောင် မှတ်မိနေမှာပဲ .... ဟား ဟား ဟား .... "

ဟိုဝန်မင်းက အားပါးတရ ရယ်လိုက်ပြီးမှ စကားဆက်ပြောပြန်၏။

"ဒီမှာ ရန်ကျိဝေ .... ကျုပ်က လူမှားတယ်ပဲ ထားလိုက်ပါတော့ .... ဒီက သူငယ်ချင်းတွေ အားလုံးကကော လူမှားနိုင်ပါ့မလား"

"ကျွန်တော်တို့အားလုံးကလည်း အစ်ကိုရန်ကျိဝေကို မှတ်မိနေကြတာပဲ .... ဘယ်နည်းနဲ့မှ လူမမှားနိုင်ပါဘူး .... "

ဟိုဝန်မင်းနှင့် လိုက်ပါလာကြသူများထဲမှ အသက်အငယ်ဆုံးဖြစ်ဟန်တူသော လူငယ်တစ်ယောက်က ဝင်ရောက်ပြောဆိုလိုက်၏။



"ဒါပေမယ့် .... ကျုပ်က ရန်ကျိဝေ မဟုတ်ဘူး ...."

ဟိုလင်ဖုန်းက ပြတ်သားတင်းမာသော အသံဖြင့် ပြောလိုက်၏။

သူတို့အားလုံးသည် ဟိုလင်ဖုန်း၏စကားကြောင့် ရုတ်တရက်ကြောင်အမ်းအမ်း ဖြစ်သွားကြပြီး ဟိုလင်ဖုန်းကို အံ့သြသော အမူအရာများဖြင့် ဝိုင်းဝန်းကြည့်ရှုလိုက်ကြ၏။

"ကျုပ်က ခင်ဗျားကို တစ်ခုမေးချင်တယ် .... "

"မေးနိုင်ပါတယ် ရန်ကျိဝေ .... ခင်ဗျားရဲ့အမေး ကျုပ်ကဖြေဖို့ အသင့်ပဲ .... "

"တစ်ခါတုန်းက .... ခင်ဗျားဟာ လော့ရန်မြို့ပြင်မှာရှိတဲ့ တောအုပ်ထဲမှာ လူပေလူတေတစ်ယောက်နဲ့ မြားပစ်ပြိုင်ခဲ့တာကို သတိရသေးရဲ့လား .... နောက်ဆုံးတော့ သူနဲ့ခင်ဗျားဟာ မိတ်ဆွေဖြစ်သွားကြတယ် မဟုတ်လား .... သူနဲ့ ခင်ဗျားဟာ ယုန်သားတွေတောင် ကင်စားခဲ့ကြသေးတာ .... ခင်ဗျား မှတ်မိမှာပေါ့ .... "

"ဩော် .... ခင်ဗျားက တေပေပျက်စီးနေတဲ့ ဟိုလင်ဖုန်းကို ပြောတာလား .... "

"ဟုတ်ပါတယ် .... ခင်ဗျား ဟိုလင်ဖုန်းကို အခုမြင်ရရင် မှတ်မိပါ့မလား .... "

ဟိုဝန်မင်းက ပြုံး၍ ပြောလိုက်၏။

"ဟိုလင်ဖုန်းလို လူမျိုးကို .... ကျုပ် ဘယ်နေရာ ဘယ်အချိန်မျိုးမှာပဲတွေ့တွေ့ မှတ်မိပါတယ်ဗျာ .... သူက သိုင်းပညာ သိပ်တော်တဲ့လူ .... ကျုပ်တို့ထက်တောင် သိုင်းပညာတော်မယ်ထင်တာပဲ .... ဒါပေမယ့် .... ဒီလူက အရက်သောက် ဖဲရိုက်နဲ့ ကိုယ့်ဘဝကို ကိုယ်ဖျက်ဆီးနေတဲ့ လူတစ်ယောက်ပဲ .... "

"တကယ်လို့ .... ဟိုလင်ဖုန်းကို အခု ခင်ဗျားတွေ့ရင်ကော မှတ်မိပါ့မလား .... "

ဟိုလင်ဖုန်းက ထပ်၍ မေးလိုက်ပြန်၏။

"ခင်ဗျားကို ကျုပ် ပြောပြီးပါပကော .... ဟိုလင်ဖုန်းလို လူမျိုးကို ဘယ်နေရာ ဘယ်အချိန်မျိုးမှာပဲတွေ့တွေ့ ကျုပ် မှတ်မိတယ်လို့ .... "

"ခင်ဗျားက ဟိုလင်ဖုန်းကို မတွေ့ချင်ဘူးလား .... "

ဟိုဝန်မင်းက ခေါင်းတစ်ချက် ရမ်းလိုက်ပြီး ....

"ဟိုလင်ဖုန်းကို .... ဒီတစ်သက်မှာ ဘယ်တော့မှ တွေ့ခွင့်ရတော့မှာ မဟုတ်ပါဘူး .... "

"ဘာဖြစ်လို့လဲဗျ .... "

"ဟိုလင်ဖုန်းက သေသွားပြီပဲ .... "

"ဗျာ .... ဟိုလင်ဖုန်း သေသွားပြီဟုတ်လား .... "

ဟိုလင်ဖုန်းသည် မျက်ခုံးနှစ်ဘက်စလုံး မြင့်တက်သွားကာ



ထိုနေရာမှ ရုတ်တရက်ထလိုက်ပြီး ....

"ဟိုလင်ဖုန်း သေပြီလို့ ခင်ဗျားကို ဘယ်သူပြောလဲ .... "

ဟိုဝန်မင်းက သူ့နောက်တွင် ရပ်နေသော လူတစ်ယောက်ကို လက်ညှိုးထိုးပြလိုက်ရင်း ....

"ရှောင်ထင် ပြောတာပဲ .... "

ရှောင်ထင်ဆိုသူမှာ အသက်လေးဆယ်ခန့်ရှိပြီး မျက်နှာမှာ စုတ်ချွန်းချွန်းနှင့် ကိုယ်ကာယကြံ့လှီသေးသွယ်သူ ဖြစ်၏။

သို့သော် ....

သူ့မျက်နှာမှာ အမြဲတမ်း ပြုံးရွှင်နေပြီး လူရည်လည်ပုံ ရလေသည်။

ထိုစဉ် ....

ရှောင်ထင်က ရှေ့သို့တိုးလာပြီး ပြုံးရွှင်သော မျက်နှာထားဖြင့် ....

"ဟုတ်တယ်ဗျို့ .... ဟိုလင်ဖုန်း သေပြီဆိုတဲ့ သတင်းကို ကျွန်တော် အခုမနက်ကမှ ကြားခဲ့ရတာပဲ .... "

ဟိုလင်ဖုန်းက ရှောင်ထင်၏ပါးကို ရိုက်ချင်စိတ်ပင် ပေါက်လာမိ၏။

သို့ရာတွင် သူက စိတ်ထိန်းချုပ်လိုက်ကာ ....

"ခင်ဗျားကြားခဲ့ရတဲ့ သတင်းကို ပြောပြစမ်းပါဦး .... "

"လူတွေ ပြောကြတာကတော့ မနေ့ညက .... ဟိုလင်ဖုန်းဟာ ဖဲအတော်နိုင်ခဲ့တယ်ဆိုပဲ .... ပြီးတော့ အရက်တွေသောက်ပြီးမှ ကြာပန်းဂေဟာကိုရောက်တော့ အပြာမယ် ရှောင်ချွေနဲ့ ဟိုလင်ဖုန်းဟာ တစ်ညလုံး ပျော်ပါးခဲ့တယ် .... ဒါပေမယ့် မနက်မိုးလင်းကျတော့ အပြာမယ် ရှောင်ချွေရဲ့ အခန်းထဲမှာ ဟိုလင်ဖုန်း သေနေတာကို တွေ့ရတယ်တဲ့ .... တချို့လူတွေက ဟိုလင်ဖုန်းဟာ ငွေကြောင့် အသတ်ခံရတာလို့ ပြောကြပြီး .... တချို့က ဟိုလင်ဖုန်းဟာ အားပြတ်ပြီး"

ရှောင်ထင်က သူ့စကားကို ရုတ်တရက် ရပ်လိုက်ပြီး သခင်မဘက်သို့လှည့်လျက် ....

"သခင်မရဲ့ရှေ့မှာ ဒီစကားမျိုး ပြောခဲ့မိတာ .... ကျုပ်ကို ခွင့်လွှတ်ပါဗျာ .... "

ဟိုလင်ဖုန်းက ခနဲ့ပြုံး ပြုံးလိုက်ပြီး ....

"တကယ်တော့ .... ဟိုလင်ဖုန်း သေနေတာကို .... ခင်ဗျား ကိုယ်တိုင် မြင်ခဲ့ရတာမှ မဟုတ်ဘဲ .... ဒါကြောင့် ဒီသတင်းက ဘယ်လိုလုပ် မှန်တယ်လို့ ပြောလို့ရမှာလဲ .... "

"ဒီသတင်းက တကယ်မှန်တဲ့ သတင်းပါ .... လူတွေလုပ်ကြံပြီး ပြောကြတဲ့ သတင်းမျိုး မဟုတ်ပါဘူး .... အခုထက်ထိ ဟိုလင်ဖုန်းရဲ့ အလောင်းဟာ ကြာပန်းဂေဟာမှာ ရှိနေသေးတယ် .... လူဆိုးထိန်းတွေက ဟိုလင်ဖုန်းရဲ့ အလောင်းကို စစ်ဆေးနေကြတုန်းပါ"



ဟိုလင်ဖုန်းက ရယ်လျက် ....

"ဟိုလင်ဖုန်းက သေကို မသေသေးဘူးဗျ .... ဒါကြောင့် ခင်ဗျား ကြားခဲ့ရတဲ့သတင်းဟာ ဘယ်နည်းနဲ့မှ မမှန်နိုင်ဘူး .... "

"ဟိုလင်ဖုန်းက သေကို သေနေပါပြီဗျာ .... ဘာဖြစ်လို့ မသေသေးဘူးလို့ ခင်ဗျား ပြောနေရတာလဲ .... "

ရှောင်ထင်က ရယ်ကျဲကျဲဖြင့် ပြောလိုက်၏။

ဟိုလင်ဖုန်း၏ မျက်နှာသည် ပို၍ တည်ငြိမ်သွားပြီး သူက တစ်လုံးချင်း ပြတ်သားစွာဖြင့် ပြောလိုက်၏။

"ကျုပ်က ရန်ကျိဝေ မဟုတ်ဘူးဗျ .... ဟိုလင်ဖုန်းဆိုတာ ကျုပ်ပဲ .... "

ဟိုလင်ဖုန်း၏ စကားကြောင့် အားလုံးထိတ်လန့်သွားကြပြီး တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်း၍ကြည့်လိုက်ကြသည်။

ထိုစဉ် ....

ဟိုဝန်မင်းက ဟိုလင်ဖုန်း၏လက်ကို ညင်သာယုယစွာ ဆုပ်ကိုင်လိုက်ပြီး ....

"ရန်ကျိဝေ .... ခင်ဗျား စိတ်ကောင်းကောင်းထားပါဗျာ .... ခင်ဗျား နေကောင်းပါတယ်နော် .... "

ဟိုလင်ဖုန်း၏ မျက်နှာသည် စောစောကထက်ပင် ပို၍ တည်ငြိမ်သွားပြီး သူက တင်းမာခက်ထန်သော လေသံဖြင့် ....

"ဘာလဲ .... ခင်ဗျားက ကျုပ်ကို စိတ်ကောင်းကောင်းထား ပါလို့ ပြောနေတော့ .... ကျုပ်ကို ရူးနေပြီလို့ ဆိုလိုတာလား .... "

ဟိုဝန်မင်းက မဲ့ပြုံး ပြုံးလိုက်ပြီး ....

"ကျုပ်ကို တလွဲမထင်ပါနဲ့ မိတ်ဆွေကြီး ရန်ကျိုဝေ .... ကျုပ် က ဟိုလင်ဖုန်းကို တွေ့ဖူးတဲ့လူပါ .... ခင်ဗျားက ရန်ကျိုဝေပဲ .... သူက ဟိုလင်ဖုန်း .... တခြားစီပါဗျာ .... "

"အင်း .... ဒီကိစ္စကတော့ အတော့်ကို ဖြေရှင်းရခက်နေပြီ၊ ကျုပ်ဟာ ဟိုလင်ဖုန်းဖြစ်ရဲ့သားနဲ့ ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်ကို ရန်ကျိုဝေလို့ ပြောနေရတာလဲ .... "

ဟိုဝန်မင်းသည် .... ပါးစပ်အဟောင်းသားဖြင့် စကားဆက် မပြောနိုင်တော့ဘဲ ဟိုလင်ဖုန်းကို ငေးကြောင်၍ ကြည့်နေမိသည်။

သခင်မသည် မျက်ရည်များ ရစ်ဝဲနေသော မျက်လုံးအစုံဖြင့် ဟိုလင်ဖုန်းကို ကရုဏာသက်စွာ ငေးကြည့်နေရင်းမှ သူမက ရုတ် တရက် ရှိုက်ငိုလိုက်ပြီး ....

"အဲဒါ ရှင်တို့အပြစ် သိကြရဲ့လား .... ရှင်တို့အပြစ် .... ရှင် တို့က ကျွန်မယောကျာ်းကို ဒီလောက်တောင် အရက်မူးအောင်တိုက် လို့ ကျွန်မယောကျာ်း အခုလိုဖြစ်ရတာ .... "

"ခင်ဗျားယောကျာ်းအတွက် ဒီလောက်တောင်လည်း စိတ် မပူပါနဲ့ဗျာ .... ကျုပ်အထင် ပြောရရင်တော့ သူ့ကို မကောင်းဆိုးဝါး



များ ကပ်နေသလားမသိဘူး .... "

ဟိုဝန်မင်းက ပျာပျာသလဲ ပြောလိုက်၏။

"ဘာ မကောင်းဆိုးဝါး ကပ်ရမှာလဲ .... ရှင်တို့က ကျွန်မ ယောကျာ်းကို အရက်သောက်ဖို့ ခေါ်မသွားရင် သူက အခုလိုဖြစ်မှာ မဟုတ်ဘူး .... "

သခင်မက ဒေါသသံဖြင့် အော်၍ပြောလိုက်သောကြောင့် ဟိုဝန်မင်းသည် မျက်နှာကွက်ခနဲ ပျက်သွားပြီး ရှောင်ထင်ဘက်သို့ လှည့်လျက် ....

"ခင်ဗျားကြားခဲ့ရတဲ့ သတင်းက သေချာရဲ့လား .... "

"သိပ်ကို သေချာတာပေါ့ဗျာ .... "

ရှောင်ထင်က ရဲရဲဝံ့ဝံ့ပင် ပြောလိုက်၏။

"ဒီလိုဆိုရင် .... ခင်ဗျား အခုချက်ချင်း လော့ရန်မြို့ကို သွား ပြီး ဟိုလင်ဖုန်းရဲ့အလောင်းကို တွေ့လိုက်ရတဲ့အခါကျမှ သူ့စိတ်ထဲ မှာ သံသယဖြစ်နေတာတွေ အကုန်လုံး ကင်းရှင်းသွားလိမ့်မယ်"

သခင်မနှင့်တကွ အားလုံးက ဟိုဝန်မင်း၏ စကားကို လက်ခံ သဘောတူလိုက်ကြသည်။

ဟိုလင်ဖုန်းမှာမူ သူတို့အားလုံး၏ မျက်နှာကို စေ့စေ့ကြည့် ရင်း ပြုံးနေမိ၏။

"အင်း .... အလောင်း ဒီနေရာကို ရောက်လာတော့မှပဲ မင်း

တို့ လူချင်းမှားနေတာကို မင်းတို့ ကောင်းကောင်းသိရလိမ့်မယ်"

ဖိုးလင်းဖုန်းသည် စိတ်ထဲမှ ထိုသို့ ရေရွတ်လိုက်ပြီး သူတို့အားလုံး၏ မျက်နှာကို လှမ်းကြည့်လိုက်ပြန်သည်။

ပြီးမှ ဟားတိုက်၍ ရယ်လိုက်၏။

အားလုံးက ဟိုလင်းဖုန်းမှာ တကယ်ပင် ရူးသွပ်သွားလေပြီဟု ထင်နေကြတော့၏။

✦✦✦



အချိန်အတန်ကြာသောအခါတွင် ဗိမာန်ဂေဟာမှ သစ်ခွပန်းအဆောင်သို့ ရှောင်ထင် ပြန်ရောက်လာသည်။

သူ့နောက်တွင် လူနှစ်ယောက်သည် ထမ်းစင်ကိုထမ်းလျက်လိုက်ပါလာခဲ့ကြ၏။

ထိုထမ်းစင်ပေါ်တွင် အလောင်းတစ်လောင်းကို တင်ထားပြီး အလောင်းကို ပိတ်ဖြူဖြင့် ဖုံးအုပ်ထားလေသည်။

"ရှောင်ထင် .... ခင်ဗျားလည်း အတော်ပင်ပန်းနေရောပေါ့"

ဟိုဝန်မင်းက ထမ်းစင်ပေါ်က အလောင်းကို လှမ်းကြည့်လိုက်ရင်း ပြောလိုက်၏။

ရှောင်ထင်က သူ့မျက်နှာပေါ်မှ ချွေးသီးများကို လက်ဝါးဖြင့် သုတ်လိုက်ပြီး ....

"ပင်ပန်းတယ်လို့တော့ မဟုတ်ပါဘူး .... ကျုပ်က ဒီကိစ္စကို ပြေလည်သွားအောင်လို့ အတတ်နိုင်ဆုံး ကြိုးစားပြီး ဒီအလောင်းကို သယ်လာခဲ့ရတာပဲ .... "

"ကျုပ်တို့က ရှောင်ထင်ကို အများကြီး ကျေးဇူးတင်ပါတယ်ဗျာ .... ကျုပ်တို့မိတ်ဆွေကြီး ရန်ကျိဝေရဲ့ ပြဿနာက ဒီအလောင်းနဲ့ ရှင်းမှပဲ ပြေလည်သွားလိမ့်မယ် ထင်တာပဲ .... "

ဟိုဝန်မင်းက ထိုသို့ပြောလိုက်ပြီး ဟိုလင်ဖုန်းဘက်သို့ လှည့်လျက် ....

"ကဲ .... ရန်ကျိဝေ .... ခင်ဗျားကိုယ် ခင်ဗျား ဟိုလင်ဖုန်းလို့ ထင်နေသေးရင်တော့ အခု ဟိုလင်ဖုန်းရဲ့အလောင်းကို ကြည့်မယ် မဟုတ်လား .... "

ဟိုလင်ဖုန်းက ပြုံးရွှင်သော မျက်နှာထားဖြင့် ....

"ကြည့်မှာပေါ့ .... ဒီလောကမှာ ဟိုလင်ဖုန်းနှစ်ယောက် ရှိနိုင်ပါ့မလား .... "

ပြောပြောဆိုဆို ဟိုလင်ဖုန်းသည် ထမ်းစင်အနီးသို့ လျှောက်လာကာ ပိတ်ဖြူကိုလှန်လျက် အလောင်းကို ကြည့်ရှုလေသည်။

ထိုအခါ ပြုံးရွှင်နေသော ဟိုလင်ဖုန်း၏ မျက်နှာသည် ရုတ်ခြည်းပင် ပြောင်းလဲသွား၏။

ဟိုလင်ဖုန်း၏ မျက်နှာတစ်ခုလုံးတွင် အံ့သြတုန်လှုပ်ခြင်း အရိပ်အယောင်များက ယှက်သမ်းလာပြီး သူ့တစ်ကိုယ်လုံးမှာလည်း ရေခဲတုံး တစ်တုံးပမာ အေးစက်တောင့်တင်းသွားတော့၏။

အဘယ်ကြောင့်ဆိုမူ ....

ထမ်းစင်ပေါ်မှ အလောင်းသည် တကယ်ပင် ဟိုလင်ဖုန်း၏



ရုပ်ကလာပ် ဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

ဟိုဝန်မင်းက ဝင့်ကြွားသော အပြုံးမျိုးဖြင့် ပြုံးလိုက်ပြီး ....

"ကဲ ရန်ကျိဝေ .... ခင်ဗျား အခု ယုံပြီမဟုတ်လား .... "

ဟိုလင်ဖုန်းမှာ ဘာမျှပြန်မပြောနိုင်တော့ဘဲ သူ့ဦးနှောက်တစ်ခုလုံးမှာလည်း သပွတ်အူပမာ ရှုပ်ထွေးစပြုလာပြီး ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ငြိမ်သက်နေရာမှ သူက ရုတ်တရက် ရှောင်ထင်၏ လက်ကောက်ဝတ်မှ သွေးကြောကို ဆုပ်ဖမ်းလိုက်ကာ ကျယ်လောင်သောအသံဖြင့် အော်၍ပြောလိုက်၏။

"ခင်ဗျားက .... ဒီအလောင်းတုကြီးကို ဘယ်ကနေ ယူလာတာလဲ .... မြန်မြန်ပြောစမ်း .... "

"မဟုတ်ပါဘူး .... ဒါ .... ဒါက ဟိုလင်ဖုန်းရဲ့ အလောင်းအစစ်ပါပဲ .... ဒါ .... ဒါက အတုမဟုတ်ပါဘူး .... တကယ့်အစစ်ပါ"

ရှောင်ထင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၏။

ထိုစဉ် ....

သူတို့အနီးသို့ အားလုံး ဝိုင်းအုံလာပြီး .... ဟိုလင်ဖုန်းကို ဝိုင်းဝန်း၍ တစ်ယောက်တစ်ခွန်း ဟန့်တားလိုက်ကြသည်။

"ရန်ကျိဝေ .... ခင်ဗျားစိတ်ကို ခင်ဗျားပြန်ပြီး ထိန်းထားပါ။ ဒေါသမထွက်ပါနဲ့ .... "

"ရန်ကျိဝေ .... ခင်ဗျား ရှောင်ထင်ကို လွှတ်လိုက်ပါ .... "

ဟိုလင်ဖုန်းက သူ၏မျက်နှာကို လက်ဝါးဖြင့် ပွတ်သပ်လိုက်

ရင်း သူ့စိတ်ကို သူ မထိန်းသိမ်းနိုင်တော့ဘဲ စူးဝါးသောအသံဖြင့် တစ်ချက် အော်လိုက်ပြီး ရှောင်ထင်ကို အဝေးတစ်နေရာသို့ရောက်အောင် ဆွဲလွှင့်ပစ်လိုက်သည်။

သူကိုယ်တိုင်မှာမူ ပြတင်းပေါက် အပြင်ဘက်သို့ လွှားခနဲ ခုန်ထွက်သွားလေသည်။

ဟိုလင်ဖုန်းသည် အပြင်ဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ရေကန်အနီးသို့ ကမန်းကတန်း ပြေးသွားပြန်သည်။ ရေကန်အနီးသို့ ရောက်သောအခါ ခါးကို ကိုင်းညွတ်လိုက်ပြီး ရေပြင်ကို ငုံ့ကြည့်လိုက်၏။

"သူ့ကို မြန်မြန် ဖမ်းဆွဲထားလိုက်ပါ .... သူ ရေကန်ထဲ ခုန်ချတော့မယ် .... "

"သူ့ရဲ့အကြောကို အရင်ထိုးပိတ်လိုက်ပြီး ဖမ်းချုပ်ထားလိုက်"

"ရန်ကျိဝေ တကယ်ရူးသွားပြီ .... သူ့ကို ဝိုင်းဖမ်းကြ"

တစ်ယောက်တစ်ခွန်း အော်ဟစ်၍ ပြောဆိုလိုက်သောအသံများက ဆူညံသွား၏။

အမှန်မှာ ....

ဟိုလင်ဖုန်းသည် ရူးသွပ်သွားခြင်း မဟုတ်ပါ။ သူက ရေထဲသို့ ခုန်ချပြီး သေကြောင်းကြံရန်လည်း မရည်ရွယ်ခဲ့ပါ။

သို့သော် ....

သူ ရည်ရွယ်သည်မှာ သူ၏ရုပ်ရည်ကို ကန်ရေပြင်ထဲတွင် မြန်



၍ ကြည့်ရန်ပင် ဖြစ်ပါ၏။

ကန်ရေပြင်ထဲတွင် ထင်းခနဲ ပေါ်လွင်နေသော သူ့မျက်နှာကို မြင်လိုက်ရသောအခါ ဟိုလင်ဖုန်းသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။

အဘယ်ကြောင့်ဆိုသော် ....

ရေပြင်ထဲမှ ဟိုလင်ဖုန်း၏မျက်နှာမှာ အခြားသူတစ်ယောက်မျက်နှာဖြစ်နေသောကြောင့်ပင် ဖြစ်ပါ၏။

ထိုတခြားလူတစ်ယောက်၏ မျက်နှာမှာလည်း အမှန်ပင် ဗိမာန်ဂေဟာကြီးမှ အရှင်သခင် သူဌေးကြီး ရန်ကျိဝေ၏မျက်နှာဖြစ်နေလေသည်။

ထိုအခါမှ ဟိုလင်ဖုန်းသည် ရူးချင်စိတ် ပေါက်လာမိ၏။

သူ့ဦးနှောက်တစ်ခုလုံးသည်လည်း အိုးထိန်းစက်ပမာ ချာချာလည်စ ပြုလာသည်။

ငါဟာ တကယ်ပဲ ရန်ကျိဝေ ဖြစ်နေပြီလား။

ဟိုလင်ဖုန်းသည် ထိုသို့ တွေးတောစဉ်းစားနေချိန်မှာပင် သူ့ကို ဟိုဝန်မင်းတို့လူသိုက်က ဝိုင်းရံထားလိုက်ကြပြီး ဟိုလင်ဖုန်း၏ လက်နှင့် ခြေထောက်ကို ဆွဲသူကဆွဲလျက် အကြောထိုးပိတ်သူက ပိတ်ဖြင့် နောက်ဆုံးတွင် ဟိုလင်ဖုန်းကို ဗိမာန်ဂေဟာမှ သစ်ခွပန်းအဆောင်ထဲသို့ ဟိုဝန်မင်းတို့လူသိုက်က ခေါ်ဆောင်လာခဲ့ကြ၏။

ကြို့ချီမြို့တစ်ခုလုံးတွင် ဗိမာန်ဂေဟာကြီးမှာ အထင်ကရ

ကျော်ကြားလှသော ဂေဟာကြီးဖြစ်သည့်ပြင်၊ သိုင်းလောကတစ်ခုလုံးတွင်လည်း ထိုဂေဟာကြီး၏ နာမည်မှာ ဟိုးဟိုးကျော်လျက် ရှိနေသည်။

ဗိမာန်ဂေဟာကြီးသည် ဘုရင့်နန်းတော်တမျှပင် ခမ်းနားထည်ဝါလွန်းလှပြီး အစောင့်အကြပ်များကလည်း နေရာမလပ် စောင့်ကြပ်ဝန်းရံလျက် ရှိနေသည်။

ဟိုလင်ဖုန်းသည် ဗိမာန်ဂေဟာကြီးထဲမှ ထွက်ပြေးလွတ်မြောက်ရန် မလွယ်ကူမှန်း သိထားပြီး ဖြစ်လေသည်။

ဟိုလင်ဖုန်းသည် ဤသို့ အကြံထုတ်နေရခြင်းမှာလည်း ခမ်းနားထည်ဝါသော ဗိမာန်ဂေဟာကြီးတွင် ယစ်မူးပျော်မွေ့ဖွယ်ကောင်းသော စည်းစိမ်မျိုးကို စွန့်ပယ်ဝံ့ပါမည်နည်း။

အဘယ်သူသည် ထိုစည်းစိမ်မျိုးကို စွန့်ပယ်ဝံ့ပါမည်နည်း။

သို့ရာတွင် ....

မိမိမှာ ဟိုလင်ဖုန်း ဖြစ်ပါလျက် အဘယ်ကြောင့် ဗိမာန်ဂေဟာကြီး၏ အရှင်သခင် သူဌေးကြီး ရန်ကျိဝေ ဖြစ်လာရသနည်းဟူသော ပြဿနာကို သူသည် မည်သို့မျှ စဉ်းစားတွေးခေါ်၍ မရနိုင်အောင် ဖြစ်နေလေသည်။

ထိုပြဿနာ၏ အဖြေမှန်ကို သူသည် သိချင်နေ၏။

ထို့ကြောင့် ....

ဤဂေဟာမှ ထွက်ပြေးရန် ကြံစည်စိတ်ကူးမိခြင်းသာ ဖြစ်ပါ



၏။

ယခု သူ ကြုံတွေ့နေရသော အဖြစ်အပျက်များမှာ မယုံကြည်နိုင်လောက်အောင်ပင် ထူးဆန်းအံ့ဩဖွယ် ကောင်းနေ၏။

ရှောင်ထင် သယ်ဆောင်လာခဲ့သော အလောင်းမှာ ဟိုလင်ဖုန်းနှင့် ရုပ်ချင်းခွဲမရအောင် တူနေသည့် ရုပ်ကလာပ် ဖြစ်နေသော အခါ ဟိုလင်ဖုန်းသည် အလွန်တရာ အံ့ဩရပြန်သည်။

ထို့ပြင် ....

သူ့ရုပ်ရည်ကို ရေကန်ထဲမှ ကန်ရေပြင်တွင် ကြည့်လိုက်သော အခါတွင် သူသည် ဟိုလင်ဖုန်း မဟုတ်တော့ဘဲ ဗိမာန်ဂေဟာကြီးမှ သူဌေးကြီးရန်ကျိဝေ ဖြစ်နေရပြန်သဖြင့် သူ့ဦးနှောက်တစ်ခုလုံးသည် ပင့်ကူအိမ်ပမာ ရှုပ်ထွေးရင်း နောက်ဆုံးတွင် ရှောင်ချွေနှင့် တွေ့ခဲ့သေးသည် မဟုတ်ပါလား။

သို့ဆိုလျှင် ....

ဤအဖြစ်အပျက်အ ̧နှင့်ကို သိနိုင်သူမှာ ရှောင်ချွေကလွဲလျှင် မည်သူများ ရှိနိုင်ဦးမည်နည်း။

မနေ့ညက ဟိုလင်ဖုန်းသည် ရှောင်ချွေ၏ ခုတင်ပေါ်တွင် အိပ်မောကျသွားပြီးနောက် ယခုလို အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့သည် မဟုတ်ပါလား။

သူက အမှတ်တရ ဖြစ်နေပြန်သည်မှာ သူ အိပ်မပျော်မီအချိန်တွင် ရှောင်ချွေက သူ့ကို အဝေးတစ်နေရာသို့ ခေါ်ဆောင်သွားရန်

ပြောခဲ့သောစကားပင် ဖြစ်ပါ၏။

နောက်ဆုံးတွင် ဟိုလင်ဖုန်းသည် ရှောင်ချွေနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ချက် ချလိုက်ပြီး ဤဗိမာန်ဂေဟာကြီးမှ ထွက်ခွာသွားနိုင်ရန် တစ်ခုတည်းသော နည်းလမ်းကိုလည်း ရှာဖွေတွေ့ရှိသွားလေပြီ ဖြစ်၏။

ထိုနည်းလမ်းမှာ ရန်ကျိဝေ၏ ဇနီးနှင့် ဟိုဝန်မင်းတို့ လူသိုက်ကို မိမိသည် ရန်ကျိဝေ ဖြစ်ပါသည်ဟု ဝန်ခံလိုက်ရုံသာ ရှိတော့သည်။

အမှန်ဆိုရလျှင် ဤသို့ ဝန်မခံ၍လည်း မဖြစ်တော့ပေ။

သူ့ကို သစ်ခွပန်း အဆောင်ထဲတွင် အစောင့်အကြပ်များဖြင့် အကျယ်ချုပ် ချုပ်နှောင်ထားခြင်းမှ လွတ်မြောက်အောင် သူ ကြံဆောင်ရပေတော့မည်။

ထို့ပြင် ....

သစ်ခွပန်းအဆောင်၏ အပြင်ဘက်ခန်းမတွင် ဘုန်းကြီးများ၊ ရသေ့များက တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြပြီး၊ နေ့ညမပြတ် အသံမစဲ ဂါထာမန္တာန်များကို သံပြိုင် ရွတ်ဖတ်သရဇ္ဈာယ် နေကြသည်ကိုလည်း ကြားနေရသဖြင့် ဟိုလင်ဖုန်းသည် နားညည်းနေလေပြီ ဖြစ်၏။

ထိုအသံများကြောင့် ဟိုလင်ဖုန်းသည် အိပ်စက်အနားယူ၍ပင် မရတော့သဖြင့် စိတ်ပျက်လာမိတော့သည်။

ထိုသို့ ဘုန်းကြီးများ ရသေ့များကို ပင့်ဖိတ်လျက် ဂါထာ၊ မန္တာန်များကို ရွတ်ဖတ်သရဇ္ဈာယ်ရခြင်းမှာလည်း ရန်ကျိဝေက မိမိ



ကိုယ်ကိုမိမိ ဟိုလင်ဖုန်းဟု ပြောဆိုခဲ့သောကြောင့် ရန်ကျိဝေကို မကောင်းဆိုးဝါးများ ကပ်ရောက်နေသည်ဟု ဟိုဝန်မင်းနှင့် သခင်မကိုယ်တိုင်က ယူဆထားသဖြင့် ယခုလို ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါ၏။

သို့သော် ....

ဟိုလင်ဖုန်းက တစ်ချိန်လုံး မိမိမှာ ရန်ကျိဝေ မဟုတ်ပါဟု ငြင်းဆိုခဲ့ပြီးမှ ယခု ရုတ်တရက် ချက်ချင်း ဝန်ခံလိုက်လျှင်လည်း သူတို့က ယုံကြည်ချင်မှ ယုံပေလိမ့်မည်။

ထို့ကြောင့် သူတို့ယုံကြည်လာအောင် အကွက်ဆင်ရပေလိမ့်မည်။

ဟိုလင်ဖုန်းသည် ရုတ်ခြည်းပင် သူ့ဦးနှောက်တွင် အကြံတစ်ခု ပေါ်လာသည်။

ဟိုလင်ဖုန်းသည် ထိုအကြံအစည်ကို ချက်ချင်းပင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်၏။

ဂါထာ၊ မန္တာန်များကို ရွတ်ဆိုနေသော ရသေ့များထဲတွင် ဟိုလင်ဖုန်းက ကြည့်မရလောက်အောင် မျက်စိနောက်နေသော ရသေ့တစ်ပါးကို တွေ့လိုက်ရ၏။

ထိုရသေ့၏ မျက်နှာမှာ အကျည်းတန် အရုပ်ဆိုးလှသည့်အပြင် ပါးစပ်ပြဲသည်နှင့်အမျှ အသံကလည်း ရူးရူကျယ်လောင်လွန်းလှ၏။

သူ့အသံကို ကြားလိုက်ရတိုင်း ဟိုလင်ဖုန်းသည် ခဏခဏ

အိပ်ရာမှ လန့်နိုးခဲ့ရ၏။

ယခုလည်း ထိုရသေ့သည် စူးရှကျယ်လောင်သော အသံဖြင့် ဂါထာမန္တာန်များကို ရွတ်ဆိုနေပြန်၏။

သူ့ပါးစပ်ကြီးက ပြလာလေလေ၊ အသံက ပို၍ကျယ်လောင်လာလေလေဖြင့် ဟိုလင်ဖုန်း၏ နားထဲတွင် ထိုအသံကို မကြားချင်တော့လောက်အောင်ပင် ဖြစ်လာမိ၏။

ဟိုလင်ဖုန်းက သူ့နားနှစ်ဘက်ကို လက်ဖြင့်ပိတ်ရန်ပင် စိတ်ကူးလိုက်ပြီးမှ သူက စိတ်ထဲမှ ထိုရသေ့ကို ကျိန်ဆဲလိုက်ပြီး၊ ရုတ်တရက် အိပ်ရာမှထကာ အလန့်တကြား သံကုန်ဟစ်၍ အော်လိုက်၏။

"လာကြပါဦး .... ဟိုမှာ သရဲကြီး .... သရဲကြီး .... "

ဟိုလင်ဖုန်း၏အသံမှာ သစ်ခွပန်းအဆောင်တစ်ခုလုံးကို လွှမ်းမိုးသွား၏။

ဟိုလင်ဖုန်းက ထိုရသေ့ကို လက်ညှိုးထိုးလျက် ထပ်၍ အော်လိုက်ပြန်၏။

"လာကြပါဦးဗျို့ .... လာကြပါဦး .... ဟိုမှာ သရဲကြီး၊ သရဲကြီး .... "

ဟိုဝန်မင်းက ဟိုလင်ဖုန်း၏ အနားတွင်ရှိနေသဖြင့် ဟိုလင်ဖုန်း၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ....

"ရန်ကျိဝေ .... ခင်ဗျား ဘာတွေမြင်နေရလို့လဲ .... ဒီအခန်းထဲမှာ ဘာသရဲမှ မရှိဘူး .... "



ဟိုလင်ဖုန်းက ထိတ်လန့်သော အမူအရာမျိုးဖြင့် ထိုရသေ့ကိုပင် လက်ညှိုးထိုးလျက် ....

"ဟိုမှာ တွေ့လား .... သရဲကြီး သရဲကြီး .... ခြေထောက်က သုံးချောင်း၊ လက်က လေးဘက်နဲ့ ဒီသရဲကြီးကို အမြန်ဖမ်းလိုက်ကြစမ်းပါ .... "

ဟိုဝန်မင်းသည် ကြက်သီးဖြန်းခနဲ ထသွားပြီး ပျာပျာသလဲ မေးလိုက်၏။

"ဘယ်မှာလဲ သရဲ .... "

ဟိုလင်ဖုန်းက ထိုရသေ့ကိုပင် လက်ညှိုးထိုးလျက် ဟစ်အော်၍ ပြောလိုက်ပြန်၏။

"ဟို .... ဟိုမှာ လက်ထဲမှာ ဓားကိုင်ထားတယ် .... အဲဒါ သရဲ .... အဲဒါ သရဲ .... "

ဟိုဝန်မင်းက ဟိုလင်ဖုန်း လက်ညှိုးထိုးပြနေသော ရသေ့ကို လှမ်းကြည့်လိုက်သည်။ ပြီး ပြုံးလျက် ....

"ရန်ကျိဝေ .... ခင်ဗျား မှားနေပြီ .... အဲဒါ သရဲမဟုတ်ဘူး၊ ရသေ့ကြီးပါဗျ .... အဲဒီရသေ့ကြီးတွေကို ပင့်ခေါ်ပြီး ဂါထာ၊ မန္တာန်တွေ ရွတ်ဆိုနေတာက သရဲတွေ မကောင်းဆိုးဝါးတွေကို နှင်ထုတ်နေတာပါ .... "

"မဟုတ်ဘူး မဟုတ်ဘူး .... သူက သရဲမှ သရဲအစစ် .... သရဲက အဲဒီရသေ့ကြီးရဲ့ ကိုယ်ခန္ဓာထဲကို ဝင်သွားတာကို ကျုပ် တွေ့

လိုက်ရတယ် .... သူ့ကို ဖမ်းလိုက်စမ်းပါ .... ”

ထိုစဉ် သခင်မနှင့်အတူ အစောင့်အကြပ်များလည်း ရောက်လာကြသည်။

သခင်မက ဟိုလင်ဖုန်းကို အကဲခတ်သလို လှမ်းကြည့်လိုက်ပြီး ....

“မောင်က တကယ်ပဲ သရဲကို တွေ့ရလို့လား .... ”

ဟိုလင်ဖုန်းက တကယ်ပင် ကြောက်ရွံ့နေဟန်ဖြင့် ....

“ငါက ဒီသရဲကို တကယ်တွေ့နေရတာပါ .... ငါ့ကို ဒီသရဲက ခြောက်လှန့်နှိပ်စက်နေတာ သုံးရက်တောင် ရှိသွားပြီ .... မင်းတို့ ဒီသရဲကို မိအောင်ဖမ်းကြစမ်း .... ”

သခင်မက ဟိုဝန်မင်းဘက်သို့ လှည့်လျက် ....

“ဒါက ဘယ်လိုဖြစ်တာလဲ .... ”

“ကျုပ်တို့ .... ထင်ထားတဲ့ အတိုင်းပါပဲ .... ရန်ကျိဝေကို မကောင်းဆိုးဝါးတွေက အနှောင့်အယှက် ပေးနေတာ သေချာသွားပြီဗျ .... ဒီကနေ့မှ သူက ထူးထူးဆန်းဆန်း ဟောဒီရသေ့ကြီးကို လက်ညှိုးထိုးပြီး .... အလန့်တကြား သရဲကြီး သရဲကြီးလို့ အော်ပြောနေတာပဲ .... ”

ဟိုလင်ဖုန်းက ရုတ်တရက် အော်၍ ပြောလိုက်ပြန်သည်။

“အဲဒီသရဲကို မြန်မြန်ဖမ်းကြစမ်းပါ .... ဒီကောင် ထွက်မပြေးစေနဲ့ .... ဒီကောင်က ငါ့ရဲ့ လိပ်ပြာကို သူ့ဗိုက်ထဲ မျိုချလိုက်ပြီ ....



သူ ထွက်သွားရင် ငါ သေရတော့မယ် .... ”

သခင်မက မျက်မှောင်တစ်ချက်ကုတ်ရင်း စဉ်းစားလိုက်ဟန်ဖြင့် ....

“အခုလောလောဆယ်တော့ ဒီရသေ့ကြီးကို အရင် ဖမ်းချုပ်ရမှာပဲ .... ”

“ဒီလိုလုပ်လို့ သင့်တော်ပါ့မလား .... ”

ဟိုဝန်မင်းက သခင်မမျက်နှာကို လှမ်းကြည့်ရင်း မေးလိုက်၏။

“ဘာဖြစ်လို့ မသင့်တော်ရမှာလဲ .... ဒီလိုအချိန်မျိုးမှာ ကျွန်မယောကျ်ားအတွက် သိပ်ကို အရေးကြီးနေတဲ့ အချိန်ပါ .... နောက်တော့မှ ဒီရသေ့ကြီးကို တောင်းပန်လိုက်တာပေါ့ .... ”

သခင်မက ထိုသို့ပြောလိုက်ပြီး အစောင့်အကြပ်များကို လက်တစ်ဖက် ဝှေ့ယမ်းပြလျက် ထိုရသေ့ကိုဖမ်းရန် အမိန့်ပေးလိုက်သည်။

အစောင့်အကြပ်များက ထိုရသေ့ကို ချက်ချင်းပင် ဖမ်းချုပ်လိုက်ကြ၏။

ရသေ့မှာ ရုတ်တရက် ကြောင်သွားပြီး ဘုန်းကြီးများနှင့် ရသေ့များကလည်း ကြောင်အမ်းအမ်းမျက်လုံးများဖြင့် အစောင့်အကြပ်များကို လှမ်း၍ကြည့်လိုက်ကြသည်။

ရသေ့၏ မျက်လုံးမှာ ပြူးကျယ်ဝိုင်းစက်သွားပြီး ....

“ဒါ .... ဒါက ဘာသဘောလဲ .... ကျုပ်ကို သရဲလာဖမ်းနိုင်း

တာ .... ဘာဖြစ်လို့ အခု ကျုပ်ကို ဖမ်းရတာလဲ .... "

"ခင်ဗျားက သရဲ .... ဒါကြောင့် ခင်ဗျားကို ဖမ်းတာ .... "

ဟိုလင်ဖုန်းက အော်၍ ပြောလိုက်၏။

"ကျုပ် .... ကျုပ်က .... "

ရသေ့၏ ထစ်ငေါ့နေသော စကားမဆုံးခင်မှာပင် ဟိုလင်ဖုန်းက အေးစက်တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားက .... ကျုပ်ရဲ့လိပ်ပြာကို ပြန်ပြီး ထွေးထုတ်လိုက်ပါ .... နို့မဟုတ်ရင်တော့ ခင်ဗျား အသားနာဦးမယ် .... "

ဟိုလင်ဖုန်းက ထိုသို့ ပြောလိုက်ပြီး အစောင့်အကြပ်များဘက်သို့ လှည့်လျက် ....

"ဟေ့ လာကြစမ်း .... ဒီရသေ့ကို အန်ဆေးတိုက်ပြီး ငါ့ရဲ့လိပ်ပြာကို အမြန်ဆုံး အန်ထုတ်ခိုင်းစမ်း .... "

အစောင့်အကြပ်များ ချက်ချင်းပင် အန်ဆေးကိုယူလိုက်ပြီး ထိုရသေ့အား အန်ဆေးကို အတင်းအကြပ် တိုက်လိုက်၏။

ရသေ့က အန်ဆေးကိုမသောက်ဘဲ ရုန်းကန်နေသဖြင့် သခင်မက ထိုရသေ့အနီးသို့ လျှောက်လာပြီး ....

"တပည့်တော်မ တောင်းပန်နေပါတယ် ရှင်ရသေ့ ...., ဒီအန်ဆေးကို ရှင်ရသေ့ အခုသောက်လိုက်ပါ .... "

ထိုအခါကျမှ ရသေ့သည် အန်ဆေးကို သောက်လိုက်၏။

အန်ဆေး၏ အာနိသင်ကြောင့် ရသေ့သည် ချက်ချင်းပင် ဝေါ



ခနဲ ထိုးအန်လိုက်၏။

ထိုစဉ် ဟိုလင်ဖုန်းသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ကာ ခုတင်ပေါ်တွင် ထိုင်နေရာမှ လှဲအိပ်လိုက်ပြီး မျက်လုံးအစုံကို စုံမှိတ်ထားလိုက်၏။

"ကျေးဇူးတင်ပါတယ် ရှင်ရသေ့ .... တပည့်တော်မတို့က ဒီလို ဆက်ဆံခဲ့တာကို ဘယ်လိုမှ စိတ်မရှိပါနဲ့ .... "

သခင်မက ညင်သာသိမ်မွေ့စွာဖြင့် ပြောလိုက်၏။

ထိုအချိန်မှာပင် ဘုန်းကြီးများနှင့် ရသေ့အားလုံးသည် ထိုနေရာမှ ထွက်ခွာသွားကြ၏။

အချိန်အတန်ကြာသောအခါတွင်မှ ဟိုလင်ဖုန်းသည် သတိရလာဟန်ဖြင့် မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ပြီး ဝါးခနဲ သမ်းဝေလိုက်ရင်း ....

"အား .... ဗိုက်ဆာလိုက်တာ .... ဘာစားစရာရှိသလဲ"

ခုတင်ဘေးတွင် ရပ်နေသော သခင်မ၏မျက်နှာတွင် ဝင်းလက်ကြည်လင်သွားပြီး ချက်ချင်းပင် အခြွေအရံများအား စားသောက်ဖွယ်ရာများကို ပြင်ဆင်ခိုင်းလိုက်၏။

"မောင် ဘယ်လိုနေသေးသလဲ .... ဒီကဖြင့် စိတ်ပူလိုက်တာ .... မောင် ပြန်ပြီး သတိရလာပြီနော် .... "

ဟိုလင်ဖုန်း တကယ်ပင် နားမလည်ဟန်ဖြင့် ....

"ငါ ဘာဖြစ်ခဲ့လို့လဲ .... ဘာလဲ ငါက သတိမေ့နေလို့လား"

"ဒါဖြင့် မောင်က ဘယ်သူလဲ .... ဒီနေရာက ဘယ်လိုနေရာလဲဆိုတာကော မောင် ပြောနိုင်ပါ့မလား .... "

ဟိုလင်ဖုန်းက ရယ်လျက် ....

"မင်း .... ဘာတွေ လျှောက်မေးနေတာလဲ .... ဒီနေရာက သစ်ခွပန်း အဆောင်လေ .... ငါတို့ ဗိမာန်ဂေဟာကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ ပန်းခြံနားက ငါ့ရဲ့အဆောင်ကို ငါ ဘာဖြစ်လို့ မမှတ်မိရမှာလဲ .... ပြီးတော့ ငါ ဘယ်သူလဲဆိုတဲ့ မေးခွန်းကို မင်းက မေးနေတော့ ဒီမေးခွန်းကလည်း အတော့်ကို ဆန်းနေတာ .... ငါ ဘာဖြစ်ခဲ့လို့လဲ .... ပြောစမ်းပါဦး .... "

သခင်မက ဟိုလင်ဖုန်း၏အမေးကို မဖြေဘဲ ဆက်၍ မေးလိုက်ပြန်၏။

"မောင့်နာမည်က ဘယ်လိုခေါ်လဲ .... ပြောစမ်းပါဦး"

"ဟောဗျ .... ဒုက္ခပါပဲ .... ငါ့နာမည်က ရန်ကျိဝေလေ .... ဘာလဲ ငါက ရန်ကျိဝေနဲ့ မတူတော့လို့လား .... "

ဟိုလင်ဖုန်းက ပခုံးနှစ်ဘက်ကိုတွန့်ပြီး ပြောလိုက်၏။

သခင်မက သက်ပြင်းချလျက် ....

"အင်း .... အခုမှပဲ စိတ်အေးရတော့တယ် .... တော်သေးတာပေါ့ .... ဘုရားသိကြားမလို့ မောင် ဘာမှမဖြစ်တာ .... "

သခင်မ၏ စကားကို ဟိုလင်ဖုန်းက နားမလည်ဟန်ဖြင့် ....

"ဘာတွေများ ဖြစ်ခဲ့လို့လဲ .... "



ထိုစဉ် ဟိုဝန်မင်းက အလောတကြီး ဝင်၍ ပြောလိုက်၏။

"ဘာမှ မဖြစ်ပါဘူး .... ဟိုနေ့က ကျုပ်အိမ်မှာ ခင်ဗျား အရက်သောက်တာ များသွားလို့ မူးသွားတာကို သခင်မက ကျုပ်ကို အပြစ်တင်နေတာ .... အခုတော့ ခင်ဗျား အမူးပြေသွားပြီပဲ .... ကျုပ် ပြန်တော့မယ် .... "

"ဗျို့ .... ဟိုဝန်မင်း .... ပြန်တော့မလို့လား .... မပြန်ပါနဲ့ဦးဗျာ .... ကျုပ်တို့ အပေါင်းအသင်းတွေ ဆုံကြတုန်း ပျော်ပျော်ပါးပါး သောက်ကြစားကြတာပေါ့ .... ကျုပ်ရဲ့ဇနီးချောကလည်း သဘောကောင်းပါတယ်ဗျာ .... ဒီတစ်ခါတော့ ခင်ဗျားကို အပြစ်တင်မှာ မဟုတ်ပါဘူး .... ကျုပ်ဇနီးချောက ခင်ဗျားကို အပြစ်တင်နေလို့ ခင်ဗျား အရက်မသောက်ရဲတော့တာလား .... "

ဟိုလင်ဖုန်းက ပြုံးရယ်၍ ပြောလိုက်၏။

ဟိုဝန်မင်းက သခင်မ၏မျက်နှာကို မဝံ့မရဲ လှမ်းကြည့်လိုက်ပြီး ....

"ကျွန်တော် စိတ်မဆိုးတတ်ပါဘူးဗျာ .... စိတ်ဆိုးရမယ့်လူတွေလည်း မဟုတ်ပါဘူး .... ဒီဗိမာန်ဂေဟာကြီးနဲ့ ကျုပ်တို့ဟာ မိသားစုတွေလိုပါပဲ .... "

"ဟိုဝန်မင်း .... ရှင်တို့ သောက်ကြ စားကြတာကို ကျွန်မ ဘာမှ မထွန့်တက်ချင်ပါဘူး .... ဒါပေမယ့် ကျွန်မယောကျ်ားကိုတော့ အရက်အလွန်မူးအောင်တော့ မတိုက်ကြပါနဲ့ .... "

သခင်မက ပြုံးချိုသော မျက်နှာထားဖြင့် ပြောလိုက်၏။

“စိတ်ချပါဗျာ .... ဒီတစ်ခါ ခင်ဗျားယောကျ်ား သောက်မယ့် အရက်တွေကို ကျုပ် ကုန်အောင်ကူသောက်ပေးပါ့မယ် .... ကျုပ် အမူး လွန်ပြီး သေချင်သေသွားပါစေ .... ခင်ဗျားယောကျ်ား ဘာမှမဖြစ် စေရပါဘူး .... ”

ဟိုဝန်မင်းက ထိုသို့ပြောပြီး ရယ်လိုက်၏။

“ကဲ .... ရှင်တို့အားလုံး စားသောက်ခန်းထဲကို ကြွခဲ့ကြပါ။ ရှင်တို့ စားဖို့သောက်ဖို့အတွက် အခြွေအရံမလေးတွေကို ကျွန်မ ပြင် ဆင်ခိုင်းလိုက်ပါ့မယ် .... ”

ပြောပြောဆိုဆို သခင်မသည် သစ်ခွပန်းအဆောင်ထဲမှ ထွက် ခွာသွားတော့၏။

သစ်ခွပန်းအဆောင်ထဲမှာပင် ပေလေးဆယ်ခန့် ကျယ်ဝန်း သော ခမ်းနားသပ်ရပ်သော စားသောက်ခန်းတစ်ခန်း ရှိ၏။

စားသောက်ခန်း၏ အလယ်တွင် ဘဲဥပုံသဏ္ဍာန် ကျောက် စားပွဲကြီးတစ်လုံး ရှိနေပြီး ကျောက်စားပွဲကြီး၏ ဘေးပတ်လည်တွင် အရောင်တဖိတ်ဖိတ်တောက်နေသော ကျွန်းကုလားထိုင်ကြီး ခြောက် လုံးကို တွေ့လိုက်ရ၏။

အခြွေအရံမလေး ရှောင်လန်နှင့် မေအော်တို့သည် ကျောက် စားပွဲကြီးပေါ်တွင် စားသောက်ဖွယ်ရာများအပြင် အရက်အိုးတစ်အိုး နှင့် ပန်းခက်များဖြင့် အကွက်ဖော်ထားသော အရက်သောက်ရန် ခြေ



ခွက်များကိုလည်း နေရာတကျ ပြင်ဆင်ထားခဲ့ကြပြီးမှ သစ်ခွပန်း အဆောင်ထဲသို့ ဝင်လာခဲ့ကြသည်။

မေအော်က ဟိုလင်ဖုန်း၏ အရှေ့တွင်ရပ်လိုက်ကာ ခါးညွတ် လျက် အရိုအသေပြုလိုက်ပြီး ....

“သခင်ကြီး စားသောက်ခန်းထဲကို ကြွပါ .... သခင်ကြီးနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ စားသောက်ဖို့အတွက် အားလုံး အဆင် သင့် ပြင်ဆင်ထားပြီးပါပြီ .... ”

ဟိုလင်ဖုန်းက ဟိုဝန်မင်းဘက်သို့ လှည့်လျက် ....

“ကဲ .... ကျုပ်တို့ စားသောက်ခန်းထဲ သွားကြရအောင်”

သူတို့အားလုံးသည် စားသောက်ခန်းထဲသို့ ရောက်လာကြ ပြီး တပျော်တပါး စားသောက်ကြလေသည်။

သခင်မမှာမူ သူ့ယောကျ်ား အရက်သောက်သည်ကို မနှစ်သက် သော်လည်း သူ့ယောကျ်ား သတိပြန်ရလာပြီး ရန်ကျိဝေဟု ဝန်ခံလိုက် သောကြောင့် စိတ်ချမ်းသာသွားပြီး အရက်သောက်ခွင့် ပေးခဲ့ခြင်း ဖြစ် လေသည်။

အမှန်ဆိုရလျှင် ဟိုလင်ဖုန်းသည်လည်း အရက်သောက်ချင် စိတ် မရှိချေ။

သို့ရာတွင် သူက ဤအရက်ဝိုင်းမှ အခွင့်ကောင်းယူ၍ ဗိမာန် ဂေဟာကြီး၏ အခြေအနေကို တစေ့တစောင်း လေ့လာစုံစမ်းချင်၍ ဖြစ်ပါ၏။

ဟိုလင်ဖုန်းသည် .... အရက်ဝိုင်းမှပင် ဗိမာန်ဂေဟာကြီး၏ အကြောင်းကို သိခွင့်ရခဲ့လေသည်။

ရန်ကျိဝေ၏ဇနီးမှာ ဝမ်ကျင်းဖြစ်ပြီး ဝမ်ကျင်းမှာ လျက်လှျိမြို့မှ မဟာဂေဟာကြီး၏ အရှင်သခင် မိုးကြိုးဓားရှင် ဖုန်ရွှယ်၏ညီမ ဖြစ်ကြောင်း ....

ကြို့ချီမြို့မှ ဗိမာန်ဂေဟာကြီး၊ လျက်လှျိမြို့မှ မဟာဂေဟာကြီးနှင့် မုရုံမြို့မှ တိမ်လွှာဂေဟာကြီး သုံးခုစလုံးမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော ဂေဟာကြီးများ ဖြစ်ကြပြီး၊ သိုင်းပညာလည်း အဆင့်မြင့်လျက် ငွေကြေးချမ်းသာသော ဂေဟာကြီးသုံးခုဖြစ်ကြောင်းကို ဟိုလင်ဖုန်း သိခဲ့ရသည့်အပြင် ရန်ကျိဝေမှာ သူ့ဇနီးချော ဝမ်ကျင်းကို အလွန်တရာ ချစ်ခင်ကြင်နာကြောင်းကိုလည်း သိခဲ့ရလေတော့သည်။

✦✦✦



အခန်း ၃။

## အိပ်ခန်း

မိုးသားတိမ်ရိပ်များ ကင်းစင်နေသော မိုးကောင်းကင်တွင် တလက်လက် တောက်ပနေသည့် ကြယ်ကလေးများ၏ အလယ်တွင် ငွေစန္ဒာလမင်းသည် ရွှန်းရွှန်းမြမြ ထိန်ထိန်သာနေ၏။

အေးမြသော ငွေလရောင်သည် ဗိမာန်ဂေဟာကြီးမှ ပန်းဥယျာဉ်နှင့် ကန်ရေပြင်၏အလှကို ပိုမိုတင့်တယ်စေသည်။

ပြာလွဲ့သော ကန်ရေပြင်တွင် မိုးကောင်းကင်မှ ငွေကြယ်ကလေးများနှင့် ငွေစန္ဒာလမင်းတို့က အရိပ်က ထင်ဟတ်လျက် ....

ရောင်စုံပူးပွင့်နေကြသော ပန်းပွင့်ကလေးများမှာလည်း လရောင်ပက်ဖျန်းထားသဖြင့် စိုပြည်လန်းဆန်းနေ၏။

ငွေလရောင်သည် ဖွင့်ထားသော ပြတင်းပေါက်များမှတစ်ဆင့် ဗိမာန်ဂေဟာကြီး၏ အိပ်ခန်းအဆောင်အတွင်းသို့ ဖြာယှက်ကျဆင်းနေ၏။

ဗိမာန်ဂေဟာကြီး၏ အိပ်ခန်းအဆောင်သည် လှပတင့်တ
လွန်းနေသည်။

အိပ်ခန်းအဆောင်အတွင်းမှ လေးဘက်လေးတန်နံရံများပေ
တွင် လက်ရာမြောက်လှသော နဂါးရုပ်များကို ထွင်းထုထားပြီး နဂါ
ရုပ်များ၏ ပါးစပ်ထဲတွင် မီးအိမ်တစ်လုံးစီ ထွန်းညှိထားသည်မှာလည်
တမူထူးခြား၍ ဆန်းသစ်နေသည်။

အိပ်ခန်းဆောင်၏ ဘယ်ဘက်ထောင့်တွင် ကြေးဖြင့် ပြုလု
ထားသော နှစ်ယောက်အိပ် ခုတင်ကြီးတစ်လုံးကို တွေ့ရ၏။

ထိုကြေးခုတင်ကြီးမှာလည်း အရောင်တဖိတ်ဖိတ် တောက်
နေ၏။

ထို ခုတင်ဘေးတွင် အဖြူရောင် ကြွေပန်းအိုးကြီးထဲတွ
အပြာရောင် သစ်ခွပန်းများကို ထိုးစိုက်ထား၏။

သခင်မသည် ကြေးခုတင်ကြီးမှ ဖဲမွေ့ရာတွင် လဲလျော
နေရင်း ဟိုလင်ဖုန်းကို လှမ်း၍ကြည့်လိုက်၏။

ဟိုလင်ဖုန်းသည် အပြာရောင် သစ်ခွပန်းများကို ထိုးစို
ထားသော ကြွေပန်းအိုးကြီး၏ နံဘေးရှိ ကုလားထိုင်တွင် ထိုင်နေရ
ရင်တထိတ်ထိတ်ဖြင့် ခုန်နေ၏။

သခင်မနှင့် မျက်လုံးချင်း ဆိုင်မိသောအခါ သူ့ရင်သည် ဝေ
စောကထက်ပင် ပို၍ ခုန်နေလေပြီ။



ထိုစဉ် ....

ဟိုလင်ဖုန်းသည် စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကို ကမန်းကတန်း ဆွဲယူလိုက်ပြီးမှ လှန်လှောဖတ်ရှုလိုက်၏။

သို့သော် .... သူ့စိတ်အစဉ်က စာအုပ်ထဲမှ စာမျက်နှာပေါ်တွင်မရှိဘဲ အဝေးသို့ လွင့်ပျံ့နေ၏။

သူသည် ရန်ကျိဝေ မဟုတ်ပါချေ။ ဟိုလင်ဖုန်းသာ ဖြစ်ပါ၏။ ထို့ကြောင့် ကိုယ့်လိပ်ပြာကိုယ် မလုံမလဲ ဖြစ်နေမိ၏။

သခင်မနှင့်အတူ ဤအိပ်ခန်းထဲမှ ခုတင်ပေါ်တွင် အတူအိပ်စက်ရမည့်အရေးကိုပင် ဟိုလင်ဖုန်း စိုးရိမ်ထိတ်လန့်နေ၏။

ဟိုလင်ဖုန်းသည် ညင်သာသောအသံဖြင့် ....

"ဝမ်ကျင်း .... မင်း မအိပ်သေးဘူးလား .... အိပ်တော့လေ အိပ်ရေးပျက်ရင် နေမကောင်းဖြစ်နေပါဦးမယ် .... "

"မောင်ကော မအိပ်သေးဘူးလား .... "

"ဟင့်အင်း .... မအိပ်ချင်သေးဘူး .... ဒီစာအုပ်ကို ပြီးအောင်ဖတ်လိုက်ဦးမယ် .... မင်းအိပ်ချင်ရင် အိပ်တော့လေ .... "

ဟိုလင်ဖုန်းက ထိုသို့ပြောပြီး စာအုပ်ကို ဆက်ဖတ်လိုက်၏။

ထိုစဉ် ....

သခင်မသည် ခုတင်ပေါ်တွင် လဲလျောင်းနေရာမှ ထလိုက်ပြီး ဟိုလင်ဖုန်းအနီးသို့ လျှောက်လာခဲ့၏။

"ဒီစာအုပ်က ဘာစာအုပ်မို့လို့ မောင်က ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ .... မောင် မအိပ်ချင်သေးဘူးလားဟင်"

"ဘာမှမဟုတ်ပါဘူး .... ဒီစာအုပ်က .... "

ဟိုလင်ဖုန်းသည် စာအုပ်ကိုပိတ်လိုက်ပြီး ယခုမှ စာအုပ်အဖုံးကို ဖတ်ကြည့်မိလိုက်သည်။

ထိုအခါ ဟိုလင်ဖုန်း၏မျက်နှာသည် ရုတ်တရက် နီရဲသွားပြီး စာအုပ်ကို စာအုပ်စင်ပေါ်တွင် ပြန်၍ ထားလိုက်ရန် ဟန်ပြင်၏။

ထိုအချိန်၌ပင် ....

သခင်မက ထိုစာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး ဖတ်ကြည့်လိုက်၏။

ထိုအခါ သခင်မ၏မျက်နှာသည်လည်း နီမြန်းသွားပြီး စာအုပ်ကို စာအုပ်စင်ပေါ်သို့ ပစ်တင်လိုက်၏။

"သွား .... သူ သိပ်ဆိုးတာပဲ .... လက်စသတ်တော့ မောင်က ဒီလိုစာအုပ်မျိုးကို ဖတ်နေတာကိုး .... "

အမှန်မှာ .... ဤစာအုပ်ကို ဟိုလင်ဖုန်းက တမင်ရွေး၍ ဆွဲထုတ်လိုက်ခြင်း မဟုတ်ဘဲ ဆွဲမိဆွဲရာ ဆွဲထုတ်လိုက်ခြင်းသာဖြစ်ပါ၏။

ဟိုလင်ဖုန်း ဆွဲမိဆွဲရာ ဆွဲထုတ်လိုက်သော စာအုပ်မှာ "အိမ်ထောင်သည်ဘဝ ဖိုမဆက်ဆံရေးကျမ်း"ဟူသော စာအုပ်ပင် ဖြစ်နေလေ၏။



သခင်မသည် ရှက်ရှက်ဖြင့် ဟိုလင်ဖုန်း၏မျက်နှာကို မဝံ့တဝံ့ လှမ်းကြည့်လိုက်ပြီး ဟိုလင်ဖုန်းအနီးမှ ချာခနဲ လှည့်ထွက်သွားရင်း

"မောင် အိပ်ချင်အိပ် မအိပ်ချင်နေ .... ကျွန်မကတော့ အိပ်တော့မယ် .... မီးအိမ်တွေအားလုံး ငြိမ်းလိုက်တော့မယ်နော် .... "

ဗိမာန်ဂေဟာ၏ အိပ်ခန်းဆောင်အတွင်းမှ မီးအိမ်များအားလုံးကို ငြိမ်းလိုက်သောအခါ ငွေလရောင်ဖြင့် အိပ်ခန်းဆောင်သည် မှိန်မှိန်လဲ့လဲ့သာ လင်းနေတော့၏။

"မောင် တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ .... ညဉ့်နက်လှပြီ .... လာအိပ်ပါတော့လား .... "

ဟိုလင်ဖုန်းက ဟင်းခနဲ သက်ပြင်းချလျက် ကုလားထိုင်တွင် ထိုင်နေရာမှထပြီး နေးကွေးသော ခြေလှမ်းများဖြင့် ခုတင်ဆီသို့ လျှောက်သွားလေတော့သည်။

အပြင်ဘက်မှာမူ လရောင်က ထိန်ထိန်သာလျက်ပင် .... ။

ရောင်ချွေသည် ကြာပန်းဂေဟာမှဖြစ်၍ သူမကို မည်သူမဆို အချိန်မရွေး သွားရောက်တွေ့ဆုံနိုင်သည်။

သို့သော် ....

ယခုမူ ဟိုလင်ဖုန်းသည် ရောင်ချွေနှင့် သွားရောက်တွေ့ဆုံရန် ခက်ခဲနေ၏။

အဘယ်ကြောင့်ဆိုသော် ....

သူသည် သာမန်လူတစ်ယောက် မဟုတ်တော့ချေ။

ဗိမာန်ဂေဟာကြီး၏ အရှင်သခင် သူဌေးကြီး ရန်ကျိဝေ ဖြစ်နေပြီမဟုတ်ပါလား။

ထို့ကြောင့် ....

ကြာပန်းဂေဟာသို့ ပြောင်ပြောင်တင်းတင်း သွားရောက်ရန်မှာ သူဌေးဟူသော ဂုဏ်သိက္ခာနှင့် ဗိမာန်ဂေဟာကြီး၏ အစဉ်အလာကိုပါ ထိခိုက်နိုင်သောကြောင့် သူက ရုပ်ဖျက်သွားရောက်ရန် စိတ်ကူးလိုက်၏။

ဟိုလင်ဖုန်းသည် အနက်ရောင်ခမောက်ကို ဆောင်းလိုက်ပြီး ဝတ်ရုံအနက်ရောင်ကို ဝတ်ဆင်လိုက်သည်။

သူ့မျက်နှာတွင်လည်း အပြာရောင် မျက်နှာဖုံးကို စွပ်လျက်ကြာပန်းဂေဟာသို့ ညဥ့်နက်မှ ထွက်လာခဲ့၏။

ကြာပန်းဂေဟာသို့ ဟိုဟင်ဖုန်း ရောက်သောအခါ တံခါးစောင့်က တံခါးကို ဖွင့်ပေးလိုက်၏။

ဟိုလင်ဖုန်းသည် တံခါးစောင့်ကို ငွေဒင်္ဂါးများ ထုတ်ပေးလိုက်ပြီး တိုးညင်းသောလေသံဖြင့် ....

"ရှောင်ချွေကို ငါ တွေ့ချင်တယ် .... ရှောင်ချွေ ရှိရဲ့လား"

"ရှိပါတယ် ဆရာကြီး .... "

"အခု ရှောင်ချွေ ဘယ်အခန်းမှာလဲ .... "



"ဟိုအနောက်ဘက်အခန်းကို ပြောင်းသွားပါပြီ ဆရာကြီး .... ဒါပေမယ့် သူက ဘယ်ဧည့်သည်ကိုမှ လက်မခံတော့ဘူး .... "

"ဘာဖြစ်လို့ အခန်းပြောင်းသွားရတာလဲ .... "

"ရှောင်ချွေရဲ့အခန်းမှာ လူတစ်ယောက် သေခဲ့လို့ပေါ့"

"သေတဲ့လူက ဘယ်သူလဲ .... "

"ဟိုလင်ဖုန်းပါ .... "

တံခါးစောင့်၏စကားကို ကြားရသောအခါ ဟိုလင်ဖုန်းသည် ရုတ်တရက် ကြောင်သွားပြီး ....

"ငါလာတာကို ဘယ်သူမှ မသိစေနဲ့ .... မင်း နှုတ်လုံပါစေ"

ဟိုလင်ဖုန်းက ထိုသို့ပြောရင်း ငွေဒင်္ဂါးများကို တံခါးစောင့်အား ထုတ်ပေးလိုက်ပြန်သည်။

"စိတ်ချပါ ဆရာကြီး .... ဘယ်သူမှ မသိစေရပါဘူး .... ကျွန်တော်က အင်မတန်နှုတ်လုံပါတယ် .... ဆရာကြီး ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ .... ရှောင်ချွေနေတဲ့အခန်းကို ကျွန်တော် လိုက်ပြပါ့မယ် .... "

တံခါးစောင့်က ရိုသေကျိုးနွံစွာဖြင့် ပြောလိုက်၏။

ဟိုလင်ဖုန်းသည် တံခါးစောင့်၏နောက်မှ လိုက်ပါလာခဲ့သည်။

ဟောင်းနွမ်းစုတ်ချာသော အခန်းအနီးသို့ ရောက်သောအခါ

တံခါးစောင့်က ဟိုလင်ဖုန်းဘက်သို့လှည့်လျက် ....

"ရှောင်ချွေနေတာ ဒီအခန်းပဲ ဆရာကြီး .... "

"အေး .... မင်း သွားနိုင်ပြီ .... "

ဟိုလင်ဖုန်းသည် တံခါးစောင့် သူ့အနားမှ ထွက်ခွာသွားသော အခါ ဟောင်းနွမ်းစုတ်ချာနေသော အခန်းကလေးကို ငေးစိုက်၍ ကြည့်နေမိ၏။

ရှောင်ချွေမှာ .... ဟိုလင်ဖုန်းကို တကယ့်မေတ္တာစစ်ဖြင့် ချစ်ခင်နေသူဖြစ်ပြီး ဟိုလင်ဖုန်းကလည်း ရှောင်ချွေကို ခင်တွယ်သနားမိနေပြီ ဖြစ်၏။

ယခု သူ တွေ့ကြုံနေရသော ထူးဆန်းသည့် အဖြစ်သနစ်ကို ရှောင်ချွေတစ်ယောက်သာ အမှန်အတိုင်း သိပေလိမ့်မည်ဟု ဟိုလင်ဖုန်း တွေးထင်ခဲ့၏။

ထို့ကြောင့် ....

ရှောင်ချွေကိုတွေ့လျှင် ဤအကြောင်းကို မေးမည်ဟု ဟိုလင်ဖုန်း စိတ်ကူးထားလိုက်၏။

အခန်းထဲမှာမူ မီးရောင်မှိန်ပျပျ လင်းနေသည်။ တစ်ချက် တစ်ချက် ချောင်းတဟွတ်ဟွတ် ဆိုးသံကိုလည်း ဟိုလင်ဖုန်းက ကြားလိုက်ရ၏။

ဟိုလင်ဖုန်းသည် .... ပိတ်ထားသော အခန်းတံခါးကို အသာ



အယာ ခေါက်လိုက်သည်။

အခန်းထဲမှ ရှောင်ချွေ၏အသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ .... "

"ငါပါ ရှောင်ချွေ .... တံခါး ဖွင့်စမ်းပါဦး .... "

"ရှင်က ဘယ်သူလဲ .... "

"ဟိုလင်ဖုန်းပါ .... မြန်မြန်တံခါးဖွင့်စမ်းပါကွာ .... "

ဟိုလင်ဖုန်းက သူ့နာမည်ကို လွှတ်ခနဲ ပြောလိုက်၏။

ထိုစဉ် အခန်းထဲမှ ရှောင်ချွေ၏ အလန့်တကြား အော်လိုက်သော အသံကို ကြားလိုက်ရပြီး ပြန်လည် တိတ်ဆိတ်သွားလေသည်။

"ငါက ဟိုလင်ဖုန်းကိစ္စအတွက်နဲ့ မင်းဆီ လာခဲ့တာပါ .... တံခါးဖွင့်ပေးစမ်းပါကွာ .... "

ထိုအခါကျမှ ရှောင်ချွေက ပိတ်ထားသော တံခါးကို ဖွင့်ပေးလိုက်သည်။

ဟိုလင်ဖုန်းက တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် အခန်းထဲသို့ လျှင်မြန်စွာ ဝင်လိုက်ပြီး အခန်းတံခါးကို သူကိုယ်တိုင် ပိတ်လိုက်၏။

ရှောင်ချွေက ဟိုလင်ဖုန်းကို ငေးကြောင်၍ ကြည့်နေပြီး ထစ်ငေါ့စွာဖြင့် ....

"ရှင် .... ရှင် ဘယ်သူလဲ .... "

ဟိုလင်ဖုန်းက ခမောက်နှင့် မျက်နှာဖုံးကို ချွတ်လိုက်ပြီး

"ရှောင်ချွေ .... ငါက ဟိုလင်ဖုန်းပါ .... ငါ့ရဲ့မျက်နှာက လုံးဝပြောင်းလဲသွားပေမယ့် တကယ်တော့ ငါဟာ ဟိုလင်ဖုန်းပါ .... ငါပြောတဲ့စကားကို ယုံပါ .... "

ရှောင်ချွေက မျက်လုံးပြူးသွားပြီး ခေါင်းကို ခါယမ်းလိုက်က ....

"မဟုတ်ဘူး မဟုတ်ဘူး .... ရှင် ကျွန်မကို မညာပါနဲ့ .... ဟိုလင်ဖုန်းက သေသွားပြီပဲ .... ရှင် .... ရှင် ဘယ်သူလဲ .... "

"ရှောင်ချွေ .... မင်းက ငါမသေသေးဘူးဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ ဒီလိုစကားမျိုးကို ပြောရတာလဲ .... "

"ရှင်ပြောနေတာ ကျွန်မ လုံးဝမယုံဘူး .... ဟိုလင်ဖုန်းက သေသွားပြီပဲ .... ပြီးတော့ ဟိုလင်ဖုန်းက ကျွန်မရဲ့အခန်းထဲမှာ သေသွားခဲ့တာ .... သူတို့က ဟိုလင်ဖုန်းရဲ့အလောင်းကို သယ်ထုတ်သွားတာကို ကျွန်မကိုယ်တိုင် မြင်လိုက်ရတာပဲ .... "

"ရှောင်ချွေ .... ငါက ဟိုလင်ဖုန်းပါ .... ငါ မသေပါဘူး"

ရှောင်ချွေက ခေါင်းကို ခါယမ်းလိုက်ရင်း ....

"အို .... ရှင် ဘယ်လိုပဲပြောပြော ကျွန်မသိတာတော့ ဟိုလင်ဖုန်းတစ်ယောက် သေသွားပြီဆိုတာတော့ သေချာပါတယ် .... "

ဟိုလင်ဖုန်းက သူ မသေသေးပါဟု ဆက်ပြောနေသော်လည်း



ဘာမျှ အကြောင်းထူးမည် မဟုတ်မှန်း ရိပ်စားလိုက်မိသောကြောင့် စကားလမ်းကြောင်းပြောင်းပြီး ပြောလိုက်၏။

"ကောင်းပြီ .... ငါ မင်းကို တစ်ခုမေးမယ် .... မင်းက ငါ့ရဲ့ မျက်နှာကို သေသေချာချာကြည့်စမ်း .... အရင်တုန်းက မင်း ငါ့ကို တွေ့ဖူးသလား .... "

ရှောင်ချွေက ဟိုလင်ဖုန်း၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်ပြီး ....

"ဟင့်အင်း .... ရှင့်ကို ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး .... "

"ဒီလိုဆို .... ငါတို့က ဒီနေ့မှာမှ ပထမဦးဆုံးအကြိမ် တွေ့ကြတာပေါ့ ဟုတ်လား .... "

"ဟုတ်ပါတယ် .... "

ဟိုလင်ဖုန်းက ရုတ်တရက် ပြုံးလိုက်ပြီး ....

"ဒါပေမယ့် .... မင်းရဲ့ချက်အောက်က မှဲ့လေးတစ်လုံး ရှိတယ်ဆိုတာတော့ ငါ သိတယ် .... နောက်ပြီး မင်းရဲ့ ညာဘက်ပါးမှာ အမည်းကွက်တစ်ကွက် ရှိတယ် .... ငါပြောတာ မှန်ရဲ့လား .... "

ရှောင်ချွေက မျက်မှောင်တစ်ချက်ကုတ်ရင်း ....

"ဒါလည်း မထူးဆန်းပါဘူး .... ကျွန်မတို့လို မိန်းမမျိုးက ဒါတွေက လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး .... "

"မင်းရဲ့ ခန္ဓာကိုယ်ပေါ်က အမှတ်အသားတွေက လျှို့ဝှက်

ချက် မဟုတ်ရင် .... မင်းနဲ့ ဟိုလင်ဖုန်း နောက်ဆုံးတွေ့ခဲ့ကြတုန်းက နှစ်ကိုယ်ကြား ပြောခဲ့တဲ့ စကားတွေကိုတော့ တခြားလူတွေက သိနိုင်မှာမဟုတ်ဘူး မဟုတ်လား .... "

ရှောင်ချွေက မျက်လုံးပြူးလျက် ဟိုလင်ဖုန်းကို စိုက်ကြည့်လိုက်ကာ ခေါင်းညိတ်ပြလိုက်၏။

ဟိုလင်ဖုန်းက တစ်လုံးချင်း ပြတ်သားစွာ ပြောလိုက်၏။

"ဟိုညတုန်းက .... မင်းက ဟိုလင်ဖုန်းကို ပြောခဲ့တယ် မဟုတ်လား .... အဝေးတစ်နေရာကို ထွက်ပြေးကြမယ်ဆိုတာလေ"

ဟိုလင်ဖုန်း၏ စကားကို ကြားလိုက်ရသောအခါ ရှောင်ချွေ၏ မျက်လုံးအစုံသည် ဝိုင်းလည်သွားကာ သူမ၏မျက်နှာတွင် အုံ့ဩဝမ်းသာသည့် အရိပ်အယောင်များက ဖုံးလွှမ်းနေသော်လည်း မယုံမရဲသော မျက်လုံးများဖြင့် ဟိုလင်ဖုန်းကို ငေးစိုက်၍ ကြည့်နေလေသည်။

သို့သော် ....

ရှောင်ချွေ၏မျက်နှာမှာ ချက်ချင်းပင် ဖြူဖပ်ဖြူလျော် ဖြစ်သွားပြီး သူမက အော်ငေါက်၍ ပြောလိုက်သည်။

"ကျွန်မ ရှင့်ရဲ့စကားကို ဘာမှနားမလည်ဘူး .... ရှင် အခု ချက်ချင်း ကျွန်မအခန်းထဲက ထွက်သွားပါ .... နို့မဟုတ်ရင် ကျွန်မ အော်လိုက်ရလိမ့်မယ် .... "

ဟိုလင်ဖုန်းက ရှောင်ချွေ၏စကားကြောင့် အံ့အားသင့်သွား



ပြီး ပခုံးနှစ်ဘက်ကိုတွန့်လျက် အလောတကြီး ပြောလိုက်သည်။

"ရှောင်ချွေ .... မင်းက ဘာကို ကြောက်နေရတာလဲ .... အခု မင်းကို ဘယ်သူက အကြပ်ကိုင်ပြီး ခြိမ်းခြောက်ထားတာလဲ"

ထိုအချိန်မှာပင် 'ဝုန်း'ခနဲ အသံတစ်ချက် ကြားလိုက်ရပြီး ပိတ်ထားသောတံခါးသည် ရုတ်တရက် ပွင့်သွား၏။

တံခါးဝတွင် လူနှစ်ယောက် ရပ်နေ၏။

ထိုလူနှစ်ယောက်မှာမူ မိန်းမကြီးတစ်ယောက် ဖြစ်၏။

ယောကျ်ားဖြစ်သူ၏ မျက်နှာမှာ တင်းမာခက်ထန်နေပြီး ဟိုလင်ဖုန်းကို ခါးထောက်လျက် ရှုတည်တည်ဖြင့် စိုက်ကြည့်နေ၏။

ထိုလူ၏ပုံစံမှာ မိုက်တီမိုက်ကန်း တစ်ဇွတ်ထိုးလုပ်မည့် ပုံစံမျိုးပင် ဖြစ်သည်။

မိန်းမကြီးကိုမူ ဟိုလင်ဖုန်းက မှတ်မိနေ၏။

ထိုမိန်းမကြီးမှာ ဟိုတစ်နေ့ညက သူ့ကို အမူးပြေဆေးရည် သောက်ခိုင်းသည့် ဒေါ်လေးဆိုသောသူပင် ဖြစ်ပါ၏။

ဒေါ်လေးဆိုသူသည် သူ့ကို မမှတ်မိတော့ချေ။

အဘယ်ကြောင့်ဆိုသော် ....

ဟိုလင်ဖုန်း၏ ရုပ်သွင်သည် လုံးဝပြောင်းလဲနေပြီ မဟုတ်ပါလား။

"ဒီမှာ သူငယ် .... မင်း တကယ်အတင့်ရဲပါလား .... ငါတို့ရဲ့

ကြာပန်းဂေဟာထဲကို တစ်ယောက်တည်းလာပြီး နှောင့်ယှက်ရဲတာ အာဂသတ္တိပဲ .... "

ဒေါ်လေးဆိုသူက နှုတ်ခမ်းမဲ့ပြီး ပြောလိုက်၏။

"ခင်ဗျားတို့က ပိုက်ဆံရှိရင် ဒီလိုနေရာမျိုးကို အချိန်မရွေး ဘယ်သူမဆို လာနိုင်တယ် မဟုတ်လား .... ကျုပ်ဘာသာကျုပ် တစ်ယောက်တည်းပဲလာလာ .... သုံးလေးယောက်ပဲ လာလာ .... ခင်ဗျားနဲ့ မဆိုင်ပါဘူး .... "

ဟိုလင်ဖုန်းက ဘုကျကျပင် ပြန်၍ ပြောလိုက်၏။

"မင်းက အရှေ့ဘက်အခန်းတွေမှာ သွားရှာပါလား .... ဒီအနောက်ဘက် အခန်းကို အပြင်လူ လုံးဝမဝင်ရဘူး .... မင်း ဒီနေရာက အမြန်ဆုံးထွက်သွားပါ .... "

ဒေါ်လေးဆိုသူက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်၏။

ထိုစဉ် ....

သူမဘေးတွင် ခါးထောက်လျက် ရပ်နေသောသူသည် ရှေ့သို့ တစ်လှမ်းတိုးလာကာ တင်းမာခက်ထန်နေသော သူ့မျက်နှာမှာလည်း ရုတ်ခြည်းပင် ပြုံးရောင်ယှက်သမ်းလာပြီး ....

"နောင်ကြီးကို ကျွန်တော် မြင်ဖူးသလိုပဲ .... "

"ဩော် .... ခင်ဗျားက ကျုပ်ကို သိတယ်ပေါ့ ဟုတ်လား"

ထိုလူက ဟိုလင်ဖုန်းကို အသေအချာ စိုက်ကြည့်လိုက်ပြီးမှ



ခါးကို ကိုင်းညွှတ်လျက် အရိုအသေ ပြုလိုက်ရင်း ....

"ကျွန်တော်က ဘယ်သူများလဲလို့ .... လက်စသတ်တော့ ခင်ဗျားက ဗိမာန်ဂေဟာကြီးက သူဌေးကြီးကိုး .... လေးစားပါတယ် ခင်ဗျာ .... လေးစားပါတယ် .... လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်"

ဟိုလင်ဖုန်းက ထိုလူကို အကဲခတ်သလို ကြည့်လိုက်ပြီး

"ခင်ဗျားက .... "

"ကျွန်တော်က ဆရာကြီးရှောင်ထင်ရဲ့ လက်အောက်ငယ်သား တစ်ယောက်ပါ .... "

"ဒီကြာပန်းဂေဟာက ခင်ဗျားတို့ရဲ့ စားကျက်လား .... "

"မဟုတ်ပါဘူး ခင်ဗျာ .... ကျွန်တော်က ဆရာကြီးရှောင်ထင်ရဲ့ အမိန့်အတိုင်း ဒီကို ခဏခဏလာပြီး စောင့်ရှောက်နေရတာပါ .... ဒီ ကြာပန်းဂေဟာမှာ ဟိုလင်ဖုန်းဆိုတဲ့လူ သေသွားပြီးကတည်းက ဆိုပါတော့ .... ဩော် .... ဒါနဲ့ သူဌေးကြီးကိုယ်တိုင် ဒီလိုနေရာမျိုးကို ရောက်လာလိမ့်မယ်လို့ ကျွန်တော်တို့ လုံးဝမထင်ခဲ့မိပါဘူး .... ဒီအမျိုးသမီးက သူဌေးကြီးကို မသိလို့ အခုလို ဆက်ဆံမိတာကိုလည်း အများကြီး တောင်းပန်ပါတယ် ခင်ဗျာ .... "

ရှောင်ထင်၏ လက်အောက်ငယ်သားဆိုသူက ထိုသို့ပြောရင်း ဒေါ်လေးဘက်သို့ လှည့်လျက် ....

"သူဌေးကြီးကို ခင်ဗျား ကန်တော့ပြီး တောင်းပန်လိုက်ပါ"

ဒေါ်လေးသည် ချက်ချင်းပင် ဒူးထောက်လျက် ဟိုလင်ဖုန်းကို ကန်တော့၍ တောင်းပန်လိုက်သည်။

ဟိုလင်ဖုန်းသည် ဤနေရာတွင် မိမိ ဆက်နေ၍မဖြစ်တော့မှန်း နားလည်လိုက်ပါ၏။

"ကဲ .... ကျုပ် ပြန်တော့မယ် .... "

ဒေါ်လေးဆိုသူက ခါးကို ကိုင်းညွတ်လျက် အရိုအသေ ပြုလိုက်ပြီး ....

"သူဌေးကြီး ပြန်တော့မလို့လား .... သူဌေးကြီး အလိုရှိတာကိုသာ ပြောပါ .... ကျွန်မတို့ ဆောင်ရွက်ပေးပါရစေ .... စောစောက ကျွန်မ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမိခဲ့တာကိုလည်း ခွင့်လွှတ်ပါလို့ အနူးအညွတ် တောင်းပန်ပါတယ်ရှင် .... "

ဟိုလင်ဖုန်းက ဒေါ်လေးဆိုသူကို ဘာမျှပြန်မပြောဘဲ ရှောင်ထင်၏ လက်အောက်ငယ်သား ဖြစ်သူဘက်သို့ လှည့်လျက် ....

"ကျုပ် .... ဒီနေ့ ဒီကိုလာတဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့နော် .... "

"ကျွန်တော် သဘောပေါက်ပါတယ် သူဌေးကြီး .... စိတ်သာချပါ ခင်ဗျာ .... ဒီလိုကိစ္စမျိုးကို ကျွန်တော်တို့က ဘယ်ပြောပါ့မလဲ"

"ကောင်းပြီ .... ဒီလိုဆို ကျုပ် ပြန်မယ် .... "

ဟိုလင်ဖုန်းသည် ကြာပန်းဂေဟာမှ ထွက်လာခဲ့သည်။



ရှောင်ချွေ့မှာမူ ငိုနေ၏။

စစ်စစ် ရိုင်းစိုင်းသော အပြုအမူသည် တန်ဖိုးမဲ့သော အပြုအမူသာ ဖြစ်ပေသည်။

ရိုင်းစိုင်းခြင်းနှင့် ယဉ်ကျေးခြင်းသည် လူတို့၏ စိတ်ဓာတ်မြင့်မားမှုနှင့် နိမ့်ကျမှုကို တိုင်းထွာသော လူမှုအမွေ ဖြစ်လေသည်။

ယဉ်ကျေးခြင်းသည် လူ၏ အဆင့်မြင့်မားမှု လက္ခဏာရပ်ဖြစ်ပေသည်။

✦✦✦

အခန်း ၄။

## နှုတ်ပိတ်ခြင်း

လျှို့ဝှက်သော မကောင်းသတင်းတို့မှာ ချက်ချင်းပင် ပျံ့နှံ့ပေါက်ကြားတတ်လေသလား မသိ။

မနေ့ညက ဟိုလင်ဖုန်းသည် ကြာပန်းဂေဟာသို့ ရောက်ခဲ့၏။

ထိုသတင်းကို ယခု သခင်မကိုယ်တိုင်က သိရှိနေလေပြီဖြစ်၏။

တခြားသူများ သိသွားစေဦးတော့ .... ဟိုလင်ဖုန်းက ဂရုစိုက်မည် မဟုတ်ပေ။

ယခုမူ .... ဟိုလင်ဖုန်းသည် သခင်မ၏ ကြင်ဖော်ကြင်ဖက်လင်ယောကျ်ား ရန်ကျိဝေ ဖြစ်နေပြီမဟုတ်ပါလား။

ထို့ကြောင့် ....

သခင်မက ထိုကိစ္စကို သိသွားသောအခါ ဟိုလင်ဖုန်းသည် စိုးရိမ်ပူပန်နေမိ၏။



မိန်းမများသည် သဝန်ကြောင်တတ်၏။

အထူးသဖြင့် မနေ့ညက ဟိုလင်ဖုန်းကိုယ်တိုင် ကြာပန်းဂေဟာသို့ ရောက်ရှိခဲ့သည့် ကိစ္စမျိုးကို သခင်မက ခွင့်လွှတ်နိုင်ပါ့မည်လား။

ဝမ်ကျင်း၏ ဣန္ဒြေရ၍ လှပသော မျက်လုံးကလေးမှာ တင်းမာခက်ထန်နေပြီး၊ သူမ၏ မျက်လုံးအစုံမှာလည်း ဒေါသအရိပ်အယောင်များက လွှမ်းမိုးလျက် ဟိုလင်ဖုန်းကို မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

"ရှင် .... မနေ့ညက ဘယ်ကိုသွားခဲ့သလဲ .... "

ဟိုလင်ဖုန်းက မဖြေ။ ခေါင်းငုံ့နေ၏။

"ကျွန်မ မေးနေတာကို မှန်မှန်ဖြေစမ်းပါ .... ရှင်က လိမ်ပြောချင်သေးလို့လား .... "

ဟိုလင်ဖုန်းက တုတ်တုတ်မျှပင်မလှုပ်။ ငြိမ်သက်တိတ်ဆိတ်နေ၏။

"ရှင် .... မနေ့ညက ကြာပန်းဂေဟာကို သွားခဲ့တယ်မဟုတ်လား .... "

ဟိုလင်ဖုန်းက ခေါင်းညိတ်ပြလိုက်၏။

"ရှင် သိပ်ပျော်ခဲ့မှာပေါ့နော် .... "

ဝမ်ကျင်းက ထိုသို့ပြောလိုက်ရင်း သူမ၏နှုတ်ခမ်းများမှာလည်း တဆတ်ဆတ်တုန်နေ၏။

"ကြာပန်းဂေဟာက မိန်းကလေးတွေက ယောကျ်ားတွေကို ပြုစုယုယတဲ့နေရာမှာ သိပ်တော်မှာပဲ .... ရှင်က ဟိုမှာပဲ တစ်သက် လုံးနေလိုက်ပါလား .... ဘာလို့ ဒီကိုပြန်လာရသေးတာလဲ .... ရှင် ရှင် သိပ်မုန်းဖို့ကောင်းတယ် .... "

ဝမ်ကျင်းသည် ထိုသို့ပြောနေရင်းမှ သူမ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲနေပြီး အသံမှာလည်း တုန်ခါနေ၏။

"ဝမ်ကျင်း .... ငါ ရှင်းပြတာကို မင်း နားထောင်ပါဦး"

"အို .... ဘာမှ ရှင်းပြနေစရာ မလိုပါဘူး .... "

ဝမ်ကျင်းက အော်၍ ပြောလိုက်၏။

ဟိုလင်ဖုန်းက ဟင်းခနဲ သက်ပြင်းချလိုက်၏။

"ဒီလိုကိစ္စမျိုးက ဘယ်မိန်းမကမှ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ရှင် သိဖို့ကောင်းတယ် .... ရှင် အခုလို ဖောက်ပြန်ပျက်စီးလာတော့ ကျွန်မ သိပ်စိတ်ဆင်းရဲရပြီ .... "

ဝမ်ကျင်း၏အသံမှာ ကြေကွဲဆို့နင့်နေပြီး သူမ၏ မျက်ဝန်း အိမ်တွင် ရစ်ဝဲနေသော မျက်ရည်များသည်လည်း ပါးပြင်ပေါ်သို့ တလိမ့် လိမ့် ကျဆင်းလာ၏။

"ရှင် .... အခုလို ကြာပန်းဂေဟာကို သွားတဲ့အကြောင်းကို သာ လူတွေ အတော်များများသိသွားရင် .... ဘယ်လောက် ရှက်စရာ ကောင်းလိုက်မလဲ .... ကျွန်မတို့ရဲ့ ဗိမာန်ဂေဟာကြီးရဲ့ ဂုဏ်သိက္ခာ အကြီးအကျယ် ထိခိုက်သွားနိုင်တယ်ဆိုတာကိုကော .... ရှင် မစဉ်း



စားမိဘူးလား .... "

"ငါ မှားပါတယ်ကွာ .... ငါ့ကို ခွင့်လွှတ်ပါ .... နောက်နောင် ဒီလိုကိစ္စမျိုးကို ဘယ်တော့မှ ငါ မလုပ်တော့ပါဘူး .... ငါ ကတိပေး ပါတယ် .... ပြီးတော့ မင်း စိတ်ဆင်းရဲရတယ်ဆိုတော့ ငါက ပိုပြီးတော့ စိတ်မချမ်းမသာ ဖြစ်ရသေးတယ် .... မင်း စိတ်ဆင်းရဲရမယ့် ကိစ္စမျိုး ဆိုရင် ငါ ဘာတစ်ခုမှ မလုပ်တော့ပါဘူး .... မင်း စိတ်ချမ်းသာမယ်၊ မင်း ပြုံးပျော်မယ်ဆိုရင် ငါလေ ဘာကိုပဲလုပ်ရလုပ်ရ လုပ်ရဲပါတယ်"

ဟိုလင်ဖုန်းက .... ထိုသို့ပြောရင်း ဝမ်ကျင်း၏ ပါးပြင်ပေါ်မှ မျက်ရည်စများကို သူ့လက်ဖြင့် တယုတယ သုတ်ပေးလိုက်ပြီး ....

"ကြည့်စမ်း .... အခု မင်းရဲ့ပါးပြင်ပေါ်မှာ မျက်ရည်တွေနဲ့ ဒီမျက်ရည်တွေဟာ ငါ့ကြောင့် မင်းကျရတဲ့ မျက်ရည်တွေပါ .... ငါဟာ သိပ်မိုက်မဲတဲ့ လူတစ်ယောက်ပါလား .... ငါ သိပ်ချစ်ရတဲ့ ဇနီးကို အခုလို မျက်ရည်ကျအောင် ငါ လုပ်ခဲ့မိပြီ .... ငါ နောင်တရလို့ မဆုံး တော့ပါဘူးကွာ .... "

ဟိုလင်ဖုန်းက တကယ်ပင် ဝမ်းနည်းကြေကွဲသံဖြင့် ပြော ရင်း ဝမ်ကျင်းကို နှစ်သိမ့်စကား ဆိုလိုက်သည်။

ဟိုလင်ဖုန်းက နှစ်သိမ့်စကား ဆိုလိုက်တော့မှ ဝမ်ကျင်း၏ ပါးပြင်ပေါ်သို့ မျက်ရည်များက နောက်ထပ်တစ်ဖန် သွယ်လျစီးဆင်း လာပြီး ငိုမဲ့မဲ့မျက်နှာဖြင့် ဟိုလင်ဖုန်းကို ဝမ်ကျင်း တွေတွေကလေး ငေး၍ ကြည့်လိုက်သည်။

ဟိုလင်ဖုန်းက ယုယကြင်နာစွာနှင့် ဝမ်ကျင်း၏ ပါးပြင်ပေါ်မှ စွတ်စိုနေသော မျက်ရည်များကို သူ၏လက်ဖြင့် သုတ်ပေးလိုက်ရင်း

"ငိုမနေပါနဲ့တော့ ဝမ်ကျင်းရယ် .... မင်း အခုလို ငိုနေတာတော့ ငါ မနေတတ်တော့ဘူး .... တိတ်ပါကွယ် .... တိတ်တိတ် .... ငါ ကတိပေးပြီးပြီပဲ .... မင်း စိတ်ဆင်းရဲရမယ့် ကိစ္စမျိုးကို ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ .... "

✦✦✦



တိမ်ကန့်လန့်ကာ နောက်ကွယ်တွင် လမင်းနှင့်အတူ ငွေကြယ်ကလေးများပါ ပုန်းကွယ်နေကြသဖြင့် ညသည် မည်းမှောင်နေ၏။

ညဉ့်နက်လှပြီဖြစ်သဖြင့် ကြာပန်းဂေဟာတွင်လည်း လူသူကင်းမဲ့လျက် ငြိမ်သက်တိတ်ဆိတ်နေ၏။

ကြယ်ရောင်လရောင် ကင်းမဲ့နေသော ညဉ့်၏ အမှောင်ရိပ်တွင် လူတစ်ယောက်ကို တွေ့ရ၏။

ထိုလူမှာ ဟိုလင်ဖုန်းပင် ဖြစ်ပါ၏။

ဟိုလင်ဖုန်းသည် ကြာပန်းဂေဟာထဲသို့ အနောက်ဘက်မှ တိတ်တဆိတ် ခိုးဝင်လာခဲ့ပြီး ရှောင်ချွေ၏ အခန်းရှေ့တွင် ရပ်နေ၏။

သူ့မျက်နှာတွင်လည်း အနက်ရောင် မျက်နှာဖုံးကို စွပ်ထားလေသည်။

ဟိုလင်ဖုန်းသည် ရှောင်ချွေ၏ အခန်းရှေ့တွင် အတန်ကြာ ရပ်နေပြီးမှ ပိတ်ထားသော အခန်းတံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်၏။

အခန်းထဲမှ ဘာသံမျှ မကြားရချေ။

ထို့ကြောင့် ဟိုလင်ဖုန်းက အခန်းတံခါးကို ဖြည်းညင်းစွာ ခေါက်လိုက်ပြန်သည်။

သို့သော် ....

အခန်းထဲမှ ဘာသံမျှ မကြားရဘဲ တံခါးပင် လာရောက်ဖွင့်ပေးခြင်း မရှိသဖြင့် ဟိုလင်ဖုန်းက တိုးညင်းသောအသံဖြင့် ....

"ရောင်ချေ .... ရောင်ချေ .... တံခါးဖွင့်ပေးပါဦး .... "

သို့ရာတွင် ....

အခန်းထဲမှ ဘာသံမျှ မကြားရသောအခါ ဟိုလင်ဖုန်းသည် အခန်းတံခါးကို တွန်းကြည့်လိုက်၏။

အခန်းတံခါးသည် စေ့ရုံစေ့ထားသဖြင့် အလိုက်သင့် ပွင့်သွားသည်။

အခန်းတစ်ခန်းလုံးမှာလည်း မီးအိမ်ကို ငြိမ်းထားသဖြင့် မှောင်မည်းနေ၏။

အခန်းထဲသို့ ဟိုလင်ဖုန်းသည် လျင်မြန်စွာ ဝင်ခဲ့ပြီး မီးအိမ်ကို ထွန်းညှိလိုက်သည်။

မီးအိမ်မှာ အလင်းရောင်ကြောင့် မှောင်မည်းနေသော အခန်းသည် မှိန်ပျပျ လင်းလာ၏။

ဟိုလင်ဖုန်းသည် ရောင်ချေ၏ ခုတင်အနီးသို့ လျှောက်လာခဲ့၏။



ခုတင်ပေါ်တွင် ရောင်ချေသည် နှစ်ခြိုက်စွာပင် အိပ်ပျော်နေလေပြီ ဖြစ်၏။

သူက ရောင်ချေကို လှုပ်နိုးလိုက်၏။

သို့သော် ....

ရောင်ချေက မနိုး။ ဟိုလင်ဖုန်းက ထပ်မံ၍ လှုပ်နှိုးလိုက်ပြီး နှုတ်မှလည်း တတွတ်တွတ် အော်ခေါ်လိုက်သည်။

"ရောင်ချေ .... ရောင်ချေ .... "

ယင်းသို့ အော်လိုက်ရင်း ရောင်ချေ၏ လည်ပင်းကို ကြည့်လိုက်မိသောအခါတွင်မှ ရောင်ချေ၏ လည်ပင်းတွင် ကြိုးတစ်ချောင်း ရစ်ပတ်ထားသည်ကို တွေ့လိုက်ရသည်။

ရောင်ချေသည် ထိုကြိုးဖြင့် သူ့လည်ပင်းကို ဥာစ်သတ်ခံရခြင်းပင် ဖြစ်၏။

သူ့ကိုယ်သူ သတ်သေခဲ့သည်လား သို့မဟုတ် တခြားလူတစ်ယောက်ယောက်က ရောင်ချေကို သတ်သွားခဲ့သည်လား။

ဟိုလင်ဖုန်းသည် ယင်းသို့ တွေးတောမိရင်း အခန်းတစ်ခုလုံးကို စူးရှသော မျက်လုံးအစုံဖြင့် ဟိုဟိုသည်သည် ရှာဖွေကြည့်ရှုလိုက်သည်။

သို့သော် အခန်းထဲတွင် မည်သည့်သဲလွန်စကိုမျှ မတွေ့ရချေ။

သတ္တဝါဟူသည် သေမျိုးချည်း ဖြစ်၏။ ထို့အတူ လူသည်လည်း သေမျိုးဖြစ်၏။

သို့သော် ရှုပ်ထွေးပွေလီသော၊ ကောက်ကျစ်စဉ်းလဲသော ဒုစရိုက်မှုတို့ဖြင့် ဖုံးလွှမ်းသော လောက၌ အသက်ရှင်နေသူတိုင်းသည် ဘယ်သောအခါမျှ အသက်ရှည်ရှည် မနေရပေ။

ဒုစရိုက်လောကသားတို့၏ ဘဝသည် ပင်ပန်းဆင်းရဲခြင်းနှင့် ကြောက်မက်ဖွယ် သေခြင်းတရားတို့နှင့်သာ အဆုံးသတ်ရမြဲဖြစ်လေသည်။

✦✦✦



**အခန်း ၅။**

## ရက်စက်ခြင်း

မိုးသောက်နံနက်ခင်း၏ နွေးထွေးသော နေရောင်ခြည်သည် ဗိမာန်ဂေဟာကြီးမှ သစ်ခွပန်းအဆောင်အတွင်းသို့ဖြာနွဲ့ကျဆင်းနေ၏။

ဗိမာန်ဂေဟာကြီး၏ ပန်းဥယျာဉ်ထဲမှ ပန်းပွင့်ကလေးများ သည်လည်း နွေးထွေးသော နေရောင်ခြည်၏ အထိအတွေ့ကြောင့် မြူးဝင့်လန်းဆန်းနေကြ၏။

ကန်ရေပြင်သည်လည်း နေရောင်ခြည်၏ အရောင်ဟပ်မှုကြောင့် ကြည်လင်မြစိမ်းသော အရောင်ဖြင့် တလက်လက်တောက်ပနေပြီး ကြာငုံ ကြာဖူး ကြာပွင့်တို့က ကန်ရေပြင်၏အလှကို တင့်တယ်ရှုမောစေရန် ဖန်ဆင်းလျက်ရှိ၏။

ဟိုလင်ဖုန်းသည် နံနက်ဆည်းဆာအလှ၏ သာယာလှပသော ရှုခင်းများကို ငေးမောကြည့်ရှုနေမိ၏။

ထိုစဉ် ....

သစ်ခွပန်းအဆောင်ထဲသို့ လူတစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ဝင်လာ၏။

ထိုလူမှာ ရှောင်ထင်ပင် ဖြစ်ပါ၏။

"ဗျို့ .... ရန်ကျိဝေ .... "

ခေါ်သံကြောင့် ဟိုလင်ဖုန်းသည် ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး ....

"ရှောင်ထင်ပါလား .... မနက်စောစောစီးစီး ဘာများကိစ္စရှိလို့လဲဗျ .... "

"ခင်ဗျားကို သတင်းထူးတစ်ခု ပြောရအောင်လို့ လာခဲ့တာပဲ .... "

"ဘယ်လိုသတင်းထူးလဲ .... "

"ကြာပန်းဂေဟာမှာ လူတစ်ယောက် သေပြန်ပြီဗျ .... "

"ဩော် ဟုတ်လား .... ဘယ်သူ သေရပြန်တာလဲ .... "

ဟိုလင်ဖုန်းက မသိဟန်ဖြင့် မေးလိုက်၏။

"ဟိုတစ်နေ့ညက .... ခင်ဗျားသွားတွေ့ခဲ့တဲ့ ရှောင်ချွေဆိုတဲ့ မိန်းကလေးပဲ .... "

ဟိုလင်ဖုန်းက အံ့သြသွားဟန်ဖြင့် ....

"သူက ဘာဖြစ်လို့ သေရတာလဲ .... "

"သူ့ကိုယ်သူ သတ်သေတာလား .... ဒါမှမဟုတ် တခြားလူတစ်ယောက်ယောက်က သတ်သွားတာလားတော့ မပြောတတ်



ဘူး .... သူ့လည်ပင်းမှာ ကြိုးတစ်ချောင်းတော့ တွေ့ရတာပဲ .... ဒီကိစ္စက ခင်ဗျားရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နိုင်တယ် .... ဒါကြောင့် ကျုပ်က အခုလို မနက်အစောကြီး လာပြောရတာပဲ .... "

"ကျုပ်နဲ့ ဘာဆိုင်လို့လဲ"ဟု ဟိုလင်ဖုန်းက မေးလိုက်သည်။

"အလကားပါဗျာ .... ဒီမိန်းမကြီးက ဘယ်တော့မှ စကားအကောင်းမပြောဘူး .... ပေါက်ကရလေးဆယ် သွားပုပ်လေလွင့် သိပ်ပြောတတ်တယ် .... "

ဟိုလင်ဖုန်းက တည်ကြည်သော မျက်နှာထားဖြင့် ....

"သူက .... ဒီလို သွားပုပ်လေလွင့် လျှောက်ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ .... ဒီကိစ္စကို ကျုပ် သူနဲ့ သွားတွေ့ပြီး ဖြေရှင်းရမှာပဲ .... "

ရှောင်ထင်က ရုတ်တရက် ပြုံးလိုက်ပြီး ....

"ဒီကိစ္စကို ခင်ဗျားဖြေရှင်းဖို့ မလိုတော့ပါဘူး .... ကျုပ်က ခင်ဗျားအတွက် ဖြေရှင်းပေးလိုက်ပါပြီ .... "

ဟိုလင်ဖုန်းက ကြောင်အမ်းအမ်း မျက်နှာထားဖြင့် ....

"ခင်ဗျားက ကျုပ်အတွက် ဘယ်လိုဖြေရှင်းလိုက်တာလဲ"

"ခင်ဗျားကိုယ်တိုင် ဖွင့်ကြည့်ပါလား .... "

ရှောင်ထင်က လေသံတိုးတိုးဖြင့် ပြောလိုက်၏။

◆◆◆

ဟိုလင်ဖုန်းသည် သစ်သားဘူးကို ဖွင့်ကြည့်လိုက်၏။

ထိုအခါ ဟိုလင်ဖုန်းသည် ရုတ်တရက် တုန်လှုပ်ချောက်ချားသွား၏။

သို့သော် ....

ဟိုလင်ဖုန်းက ရှောင်ထင်ကို ကျေးဇူးတင်သော အမူအရာမျိုးဖြင့် လှမ်းကြည့်လိုက်၏။

အမှန်ဆိုလျှင် ....

ဟိုလင်ဖုန်းသည် ရှောင်ချွေ သေဆုံးခဲ့ပြီးနောက် ယခု ရန်ကျိဝေအဖြစ် ပြောင်းလဲနေသော သူ့ဘဝကို ဒေါ်လေးဆိုသူထံမှ စုံစမ်းမည်ဟု စိတ်ကူးထား၏။

◆◆◆



ဟိုလင်ဖုန်းသည် စိတ်ပျက်သွားမိ၏။

သူ စိတ်ကူးထားသမျှကိုလည်း ဆက်၍ ဆောင်ရွက်နိုင်တော့မည်မထင်။

ယခုမူ ....

ဟိုလင်ဖုန်းသည် ရန်ကျိဝေအဖြစ်ဖြင့်သာ ဆက်လက်လှုပ်ရှားသွားရန်သာ ရှိတော့၏။

သို့သော် ....

သူကိုယ်တိုင်မှာ ယခု ရန်ကျိဝေ ဖြစ်နေသော်လည်း သူ့ကိုယ်သူ ရန်ကျိဝေဟု ဘယ်သောအခါမှ ယုံကြည်၍ရတော့မည် မဟုတ်ပေ။

သူသည် ဟိုလင်ဖုန်းသာ ဖြစ်သည်မဟုတ်ပါလား။

သို့သော်လည်း ....

သူ့ကို ယခု ရန်ကျိဝေအဖြစ် အသုံးချထားသော လူတစ်စုရှိရမည်ဟု ဟိုလင်ဖုန်းက တွေးထင်ယူဆထား၏။

ထိုလူတစ်စုတွင် မည်ကဲ့သို့သော အကြံအစည်များ ရှိနေသည်ကိုမူ ဟိုလင်ဖုန်းသည် စဉ်းစား၍မရသေးချေ။

သို့ရာတွင် ....

ထိုအကြံအစည်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဘူးပေါ်သလို ပေါ်လာလိမ့်မည်ဟု ဟိုလင်ဖုန်းက မျှော်လင့်ထား၏။

သူ မျှော်လင့်ထားသော အချိန်ကာလမှာလည်း ကြာလိမ့်မည်ဟု မထင်ခဲ့ချေ။

ထို့ကြောင့် ဟိုလင်ဖုန်းသည် ထိုအချိန် ထိုကာလကိုသာ စောင့်စားနေတော့၏။

✦✦✦



မျှော်လင့်စောင့်စားရသော အချိန်ကာလတို့မည်သည် ကုန်ခဲလှသည်ဟု ဟိုလင်ဖုန်းက အထင်ရောက်မိပြန်သည်။

ထိုသို့ အထင်ရောက်မိသည်နှင့်အမျှ စိတ်ရောကိုယ်ပါ နွမ်းနယ်စ ပြုနေပြီဖြစ်သော ဟိုလင်ဖုန်းသည် ရန်ကျိဝေအဖြစ် ပါဝင်သရုပ်ဆောင်ရာ၌ အစစအရာရာ သတိကြီးစွာထားနေရပြန်သည်။

ပြီးနောက် ....

ဗိမာန်ဂေဟာကြီးနှင့် ဆက်စပ်နေသော အကြောင်းအရာများကိုလည်း အလစ်မပေးဘဲ တစေ့တစောင်း အကဲခတ်နေရလေသည်။

ယခုအချိန်အထိ အားလုံးလိုလို အဆင်ပြေနေ၏။

ဟိုလင်ဖုန်းသည် .... ဗိမာန်ဂေဟာသို့ ရန်ကျိဝေအဖြစ်ဖြင့် ရောက်လာခဲ့သည်မှာလည်း အချိန်ကာလအားဖြင့် တစ်လပင်ကျော်လာခဲ့ပြီဖြစ်၏။

သူနှင့် ဝမ်ကျင်းမှာလည်း သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင် ဆက်ဆံနေခဲ့ကြ၏။

ဝမ်ကျင်းက သူ့ကို အလိုလိုက်၏။ ကြင်နာ၏။ ယုယ၏။

သို့သော် ....

အခြေအရံမကလေးများနှင့် အရောတဝင် ဆက်ဆံခြင်းကိုမူ သူမက လုံးဝခွင့်မပြုခဲ့ချေ။

ဟိုဝန်မင်းနှင့် ရှောင်ထင်တို့ လူသိုက်မှာလည်း နေ့စဉ်နှင့် အမျှ ဗိမာန်ဂေဟာကြီးသို့ ရောက်လာပြီး အရက်သောက်၊ ဖဲရိုက်ဖြင့် အချိန်ကုန်လွယ်ခဲ့ကြသည်။

ဟိုလင်ဖုန်းသည် သူတို့လူသိုက်နှင့်လည်း လိုက်လျောညီစွာ ပေါင်းသင်းဆက်ဆံခဲ့ရ၏။

ထို့ကြောင့်လည်း ....

သူဌေးသူကြွယ်တို့၏ ဘဝနှင့် စရိုက်ကိုလည်း ဟိုလင်ဖုန်းသည် နားလည်သဘောပေါက်လာမိ၏။

သူတို့သည် အရာရာကို ငွေကြေးဖြင့်သာ အဆုံးအဖြတ်ပေးလေ့ရှိသည်။

သူတို့၏ ခံယူချက်မှာလည်း ငွေသာလျှင် ပဓာန၊ ငွေသာလျှင် အဓိက၊ ငွေသာလျှင် ယုံကြည်အားထားရာ ဖြစ်၏။

ထို့ပြင် ....

အရက်သောက်မည်၊ ဖဲရိုက်မည်။ ပြီးလျှင် .... မိန်းမတို့၏ အကြောင်းကို အားပါးတရ ပြောကြမည်။

ထိုလူသိုက်နှင့် နေ့ရှိသမျှ တွေ့ဆုံဆက်ဆံနေရသောအခါ ဟို



လင်ဖုန်းသည် စိတ်ပျက်ညည်းငွေ့လာ၏။

ထို့ကြောင့် .... ဟိုလင်ဖုန်းသည် အရက်သောက်နေရင်းမှ ထိုလူသိုက်ကို နှုတ်ဆက်ကာ ပန်းဥယျာဉ်ထဲသို့ လျှောက်လာခဲ့မိ၏။

ပန်းဥယျာဉ်ထဲသို့ ရောက်သောအခါတွင်မှ ဟိုလင်ဖုန်း၏ ညည်းငွေ့နေသော စိတ်အစဉ်သည် လန်းဆန်းသလို ဖြစ်လာမိ၏။

အေးမြသော လေပြေလေညင်းများက တသွင်သွင်တိုက်ခတ်လျက် ပန်းရနံ့တို့က မွှေးပျံ့စေသည်။

မွှေးပျံ့သော ပန်းရနံ့နှင့် အေးမြသော လေပြေကို ဟိုလင်ဖုန်းသည် တရှိုက်မက်မက် ရှူလိုက်မိသည်။

ပြီးနောက် ....

ပန်းဥယျာဉ်ထဲမှ အရိပ်အာဝါသ ကောင်းလှသော သစ်ပင်အောက်မှ ခုံတန်းလျားပေါ်တွင် ဟိုလင်ဖုန်းသည် လှဲအိပ်လိုက်ကာ မျက်လုံးကို စုံမှိတ်လျက် အနားယူ မှေးစက်နေမိ၏။

ထိုစဉ် ....

သူ့နားထဲသို့ တီးတိုးစကားပြောသံများက တိုးဝင်လာ၏။ ထိုအသံများမှာ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့၏ အသံများပင်ဖြစ်ကြောင်း ဟိုလင်ဖုန်းက ရိပ်စားလိုက်မိ၏။

အစပထမတွင် ဟိုလင်ဖုန်းက ဗိမာန်ဂေဟာကြီးမှ အခြေရံမကလေးတစ်ဦးနှင့် အလုပ်သမားတစ်ဦးတို့ ချိန်းတွေ့ကြသည်ဟု ထင်ခဲ့မိ၍ အရေးမစိုက်ခဲ့။

သို့သော် ....

ထိုစကားများကို နားထောင်ရင်း ဟိုလင်ဖုန်း၏အထင်သည် ပါစင်အောင် လွဲမှားသွားခဲ့ရပြီး သူတို့နှစ်ဦးမှာ လျှို့ဝှက်ချက်တစ်ခုကို ပြောဆိုတိုင်ပင်နေကြကြောင်းကို ဟိုလင်ဖုန်းက သတိထားလိုက်မိ၏။

ယောက်ျားအသံက ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာ၏။

"ငါတော့ နိုင်လုံတဲ့ သတင်းတစ်ခု ရထားတယ် .... ဒီနေရာကို နောက်နှစ်ရက်လောက်ကြာလို့ရှိရင် မျောက်ကြီးဆိုတဲ့လူ ရောက်လာပါလိမ့်မယ် .... သူရောက်လာရင် မင်း သတိဝီရိယနဲ့သာ နေပါ။ အမူအရာမပျက်စေနဲ့ .... "

ယောက်ျားအသံ ရပ်သွားသည်နှင့် မိန်းမတစ်ယောက်၏အသံကို ဟိုလင်ဖုန်းသည် ကြားလိုက်ရပြန်၏။

"ကျွန်မစိတ်ထဲမှာ ကြောက်ရွံ့နေသလိုပဲ .... ဒီမျောက်ကြီးဆိုတဲ့လူက လိမ္မာပါးနပ်လွန်းတယ်တဲ့ .... တကယ်လို့များ သူက"

"မင်း ဘာမှကြောက်နေစရာ မလိုဘူး .... အားလုံးအဆင်ပြေအောင် ငါ စီစဉ်ထားပြီးပြီ .... ရဲရဲသာလုပ်ပါ .... အရေးအကြီးဆုံးက စကားနည်းနည်းပဲ ပြော .... "

"ပစ္စည်း/တို့လက်ထဲရောက်ရင် .... ဒီနေရာမှာ ဘာလို့ဆက်နေရဦးမှာလဲ .... ပစ္စည်းရပြီးရင် ဒီနေရာက ကျွန်မတို့ထွက်သွားရင် မကောင်းဘူးလား .... "



"မဖြစ်ဘူး .... ဒီမျောက်ကြီးက သိပ်လျင်တယ် .... ပစ္စည်းရပြီးရင် ဒီနေရာက ချက်ချင်းထွက်သွားလို့ မဖြစ်သေးဘူး .... မျောက်ကြီး ရိပ်မိသွားရင် တို့နောက်က အဆက်မပြတ် လိုက်နေလိမ့်မယ်၊ အဲဒီအခါကျရင် ငါတို့အတွက် ပိုပြီးအခက်အခဲ ရှိလာမှာပေါ့ .... "

"ကျွန်မ စိုးရိမ်နေတာ တစ်ခုရှိသေးတယ် .... "

"မင်းက ဘာများ စိုးရိမ်နေရပြန်တာလဲ .... "

"တခြား မဟုတ်ပါဘူး .... မျောက်ကြီးရဲ့ရှေ့မှာ ဟိုလင်ဖုန်းတစ်ယောက် အလွဲလွဲအချော်ချော် ဖြစ်သွားရင် ဒုက္ခပါပဲ .... "

"စိတ်သာချ .... ဒီကောင်က မင်းထက်တောင် ပိုပြီး ကြိုးစားနေသေးတယ် .... ဒီတစ်လအတောအတွင်းမှာ သူက သိပ်မဆိုးတော့ဘူး .... အတော့်ကို ဟန်ကျနေပြီ .... အချိန်တန်ရင် သူ့ဘာသာသူရင်ဆိုင်သွားလိမ့်မယ် .... ငါတို့က ဒီကောင့်အတွက် စိတ်ပူစရာ မလိုပါဘူး .... "

ဟိုလင်ဖုန်းသည် ထိုစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့ရင်သည် တထိတ်ထိတ် ခုန်သွား၏။

ဒီလူတွေက ငါ့အကြောင်း ပြောနေပါလား။ ငါထင်ထားတဲ့အတိုင်းပါပဲ။ ဒီလူတွေမှာ လျှို့ဝှက်တဲ့အကြံအစည်တွေ ရှိနေကြပြီ။ သူတို့ငါ ငါ့ကိုအသုံးချပြီး ပစ္စည်းတစ်ခုကို ယူမလို့ကိုး။

သူတို့ရဲ့ အကြံအစည်က ဘာလဲ။

မျောက်ကြီးဆိုတဲ့လူကကော ဘယ်သူလဲ။

ဟိုလင်ဖုန်းသည် ယင်းသို့ စဉ်းစားတွေးတောလိုက်ပြီး .... သူက မသိမသာ ခေါင်းကိုမော့၍ အသံလာရာဘက်သို့ ရှာဖွေကြည့်ရှုလိုက်မိသည်။

အသံမှာ ပန်းဥယျာဉ်အနောက်တောင်ဘက်ရှိ သစ်ပင်များကြားမှ ပေါ်ထွက်လာခြင်း ဖြစ်ပါ၏။

"ကျွန်မတို့အနေနဲ့ ဒီဟိုလင်ဖုန်းဆိုတဲ့အကောင်ကို အထင်သေးလို့တော့မရဘူး .... ဒီကောင်က ဒီတစ်လအတောအတွင်းမှာ တကယ်ပဲ သူ့ကိုယ်သူ ရန်ကျိုဝေလို ဂိုက်မျိုးနဲ့ပဲ နေနေတာ .... သူက အရင်ကိစ္စကို လုံးဝတောင် စကားမစတော့ဘူး .... ဒီကောင့်မှာ ဘာရည်ရွယ်ချက်များ ရှိနေလဲမသိဘူး .... "

"သူ .... အခု ဘာမှမတတ်နိုင်တော့ပါဘူးလေ .... ဒီကောင့်မှာ ဘာရည်ရွယ်ချက်များ ရှိနိုင်ဦးမှာလဲ .... သူက သူ့ရဲ့အဖြစ်မှန်ကို ပြောပြလို့ ဘယ်သူကမှလည်း ယုံမှာမဟုတ်ဘူး .... "

"ကျွန်မတို့ကို အထက်က ဘာမှာထားသေးလဲ .... ပစ္စည်းရပြီးရင် ဟိုလင်ဖုန်းကို ဘယ်လိုလုပ်ရမလဲ .... "

"ဟင့်အင်း .... ဒီကိစ္စနဲ့ ပတ်သက်လို့ အထက်က ဘာမှမမှာပါဘူး .... ဒါက တခြားလူရဲ့တာဝန်ပါ .... ငါတို့နဲ့ မဆိုင်ပါဘူး၊ ငါတို့ရဲ့ တာဝန်က ပစ္စည်းပဲ .... ကျန်တာတွေ အရေးစိုက်စရာမလိုဘူး .... "



"ကဲ .... ကျွန်မ သွားတော့မယ် .... "

ဟိုလင်ဖုန်းသည် ထိုအချိန်တွင် လွှားခနဲခုန်လိုက်ပြီး သစ်ခွပန်းအဆောင်၏ ခေါင်မိုးပေါ်သို့ ရောက်လာသည်။

ဟိုလင်ဖုန်းသည် သစ်ခွပန်းအဆောင် ခေါင်မိုးပေါ်မှနေ၍ ဥယျာဉ်တစ်ခုလုံး၏ မြင်ကွင်းကို အပေါ်စီးမှ ထင်ထင်ရှားရှား လှမ်းမြင်နေရသည်။

ပန်းဥယျာဉ်၏ အနောက်တောင်ဘက်ရှိ သစ်ပင်များကြားမှ စောစောက စကားပြောနေကြသော မိန်းမနှင့်ယောကျ်ားသည် ထွက်လာခဲ့ကြ၏။

မိန်းမမှာ အင်္ကျီအစိမ်းရောင်ကို ဝတ်ဆင်ထားပြီး ယောကျ်ားမှာ အင်္ကျီအပြာရောင်ကို ဝတ်ဆင်ထားလေသည်။

သို့သော် ....

ဟိုလင်ဖုန်းသည် သူတို့နှစ်ယောက်၏ မျက်နှာကိုမူ သဲသဲကွဲကွဲ မမြင်ရချေ။

ထို့ကြောင့် ....

ဟိုလင်ဖုန်းသည် ခေါင်မိုးပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။

ထိုအချိန်မှာပင် ....

ယောကျ်ားဖြစ်သူသည် အိမ်ရှေ့ခန်းဘက်သို့ ပြေးဝင်ပျောက်ကွယ်သွားပြီး၊ မိန်းမဖြစ်သူမှာ အနောက်ဘက်ခန်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ဟိုလင်ဖုန်းသည် အနောက်ဘက်ခန်းသို့ ပြေးလိုက်သွား၏။

အကြောင်းမှာ အိမ်ရှေ့ခန်းဘက်တွင် လူများပြီး၊ အပြာရောင် အင်္ကျီကို လူတိုင်းလိုလို ဝတ်ဆင်ထားကြသောကြောင့်ဖြစ်၏။

အနောက်ဘက်အခန်းတွင်မူ လူရှင်း၏။

တံခါးများကို ပိတ်လျက် ရှာဖွေလျှင် ထိုအင်္ကျီအစိမ်းရောင်နှင့် မိန်းမကို အလွယ်တကူ တွေ့နိုင်လိမ့်မည်ဟု ဟိုလင်ဖုန်းက တထစ်ချ ယုံကြည်ထားသောကြောင့်ဖြစ်၏။

◆◆◆



ဟိုလင်ဖုန်းသည် အနောက်ဘက်ခန်းမှတစ်ဆင့် အိမ်ကြီးထဲသို့ ဝင်လာခဲ့မိသည်နှင့်တစ်ပြိုင်နက် ဝမ်ကျင်းနှင့် အခြွေအရံမကလေး မေအော်တို့သည် အပေါ်ထပ်မှ ဆင်းလာသည်ကို တွေ့လိုက်ရလေ၏။

ဝမ်ကျင်းသည် အင်္ကျီအဝါရောင်ကို ဝတ်ဆင်ထားပြီး သူမ၏ ဆံပင်များမှာ ဖွာရရာ ကြဲပြန့်နေ၏။

ယခုမှပင် အိပ်ရာက ထလာလေသလားမသိ။

အခြွေအရံမကလေး မေအော်မှာမူ အင်္ကျီအနီရောင်ကို ဝတ်ဆင်ထားလေ၏။

ဟိုလင်ဖုန်းက ဝမ်ကျင်းနှင့် မေအော်ကို ငေးစိုက်၍ ကြည့်နေမိ၏။

"မောင် ဘာဖြစ်နေတာလဲ .... ဘာဖြစ်လို့ ကျွန်မတို့ကို ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ .... "

ဝမ်ကျင်းက ဟိုလင်ဖုန်းကို မျက်လုံးတစ်ချက် စွေ၍ကြည့်လိုက်ပြီး မေးလိုက်၏။

"မင်းတို့ အခုမှ အပေါ်ထပ်က ဆင်းလာတာလား .... "

မေအော်က ခါးကို ကိုင်းညွတ်လိုက်ကာ အရိုအသေ ပြုလိုက်ပြီး ....

"ဟုတ်ပါတယ် သခင်ကြီး .... သခင်မက အခုမှ အိပ်ရာက နိုးလာတာပါ .... ဘာဖြစ်လို့ပါလဲ .... "

"မင်းတို့ ဆင်းလာတုန်းက လူတစ်ယောက် ဒီအထဲကို ပြေးဝင်လာတာ မတွေ့လိုက်ဘူးလား .... "

မေအော်က အံ့အားသင့်သွားဟန်ဖြင့် ....

"မတွေ့လိုက်ပါဘူး သခင်ကြီး .... "

"မောင်က ဘယ်သူ့ကို ရှာနေတာလဲ .... "

ဝမ်းကျင်က မေးလိုက်၏။

"အကျီအစိမ်းရောင်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက် ဒီအထဲကို ပြေးဝင်သွားတာ ငါကိုယ်တိုင် တွေ့လိုက်ရတာပဲ .... "

ဝမ်ကျင်းက မျက်မှောင်တစ်ချက်ကုတ်လျက် ....

"မိန်းကလေး ဟုတ်လား .... မောင်က ဘာဖြစ်လို့ သူ့နောက်ကို လိုက်လာရတာလဲ .... "

"သူက ပန်းခြံထဲမှာ တိတ်တိတ်ပုန်း ယောကျ်ားကလေးတစ်ယောက်နဲ့ ချိန်းတွေ့နေကြတယ်လေ .... အဲဒါ ငါနဲ့တန်းတိုးတော့ သူတို့ အိမ်ထဲကို ဝင်ပြေးကြတာပဲ .... ယောကျ်ားကလေးက အရှေ့ဘက်ခန်းထဲကို ဝင်ပြေးသွားပြီး မိန်းကလေးကတော့ ဒီအနောက်ဘက်ခန်းကို ဝင်ပြေးသွားတာပဲ .... "



"မောင်က .... အဲဒီမိန်းကလေးရဲ့မျက်နှာကို သေသေချာချာ တွေ့လိုက်ရသလား .... "

"သေသေချာချာတော့ မတွေ့လိုက်ရဘူး .... "

ဝမ်ကျင်း၏မျက်နှာသည် ရုတ်တရက် တင်းမာသွားပြီး မေအော်ဘက်သို့ လှည့်လျက် ....

"သွားပြောလိုက်စမ်း .... အနောက်ဘက်အခန်းက အခြွေအရံမလေးတွေအားလုံး ဒီကိုလာခဲ့ကြလို့ .... ဒီနေ့ ယောကျ်ားလေးနဲ့ ချိန်းတွေ့တဲ့ မိန်းကလေးဟာ ဘယ်သူလဲဆိုတာ စုံစမ်းရမှာပဲ .... အခုလို နေ့ခင်းကြောင်တောင်မှာတောင် ယောကျ်ားလေးနဲ့ ချိန်းတွေ့ရဲတယ်ဆိုတော့ သိပ်ကို အတင့်ရဲလွန်းနေပြီ .... "

"သခင်မ အနောက်ဘက်အခန်းမှာ အခြွေအရံမကလေးတွေ အားလုံးပေါင်း သုံးလေးဆယ်လောက်ရှိတာ .... "

"အားလုံး တစ်ယောက်မကျန် ခေါ်လာခဲ့ .... သူတို့ကို အကျီမလဲစေနဲ့ .... အခုချက်ချင်း အလာခိုင်းလိုက် .... "

ဝမ်ကျင်းက အော်၍ပြောလိုက်သည်။

"ဝမ်ကျင်း .... ဒီလိုလုပ်ရင်ကောင်းမယ်ထင်တယ် .... အခန်းတံခါးတွေကို အရင်ပိတ်လိုက်ပြီး တို့က တိတ်တဆိတ် သူတို့အခန်းထဲကို ဝင်ရှာကြမယ် .... "

ဟိုလင်ဖုန်းက အကြံပေးလိုက်၏။

"တကယ်လို့ .... ကျွန်မတို့က ရှာနေမှန်းသိရင် အဲဒီမိန်း

ကလေးက အင်္ကျီကို လဲဝတ်လိုက်ရင် ကျွန်မတို့ သူ့ကို ရှာလို့တွေ့မှာ မဟုတ်တော့ဘူး .... ”

မေအော်က ပြောလိုက်၏။

“ကောင်းပြီ .... ဒီလိုဆိုရင် အနောက်ဘက်တံခါးတွေကို အရင်ပိတ်လိုက် .... ဘယ်သူမှ အပြင်မထွက်စေနဲ့ .... ငါကိုယ်တိုင် သွားရှာမယ် .... ”

မေအော်က ချက်ချင်းပင် အနောက်ဘက်တံခါးကို သွား၍ ပိတ်လိုက်၏။

ဝမ်ကျင်းသည် အနောက်ဘက်အခန်းထဲသို့ ဝင်လာခဲ့၏။ ဟိုလင်ဖုန်းက ဝမ်ကျင်း၏နောက်မှ လိုက်ပါလာခဲ့၏။

အနောက်ဘက်အခန်းထဲတွင် အခြွေအရံမကလေးများကို တွေ့လိုက်ရ၏။ အခြွေအရံမလေးများသည် ဝမ်ကျင်းတို့ ဇနီးမောင်နှံကို တွေ့လိုက်ရသောအခါ အားလုံးက ခါးကို ကိုင်းညွတ်လျက် အရိုအသေ ပြုလိုက်ကြသည်။

ဝမ်ကျင်းက အသံခပ်မာမာဖြင့် ....

“အင်္ကျီအစိမ်းရောင် ဝတ်ထားတဲ့ မိန်းကလေးတွေအားလုံး ပန်းခြံထဲကို သွားကြ .... ”

အင်္ကျီအစိမ်းရောင် ဝတ်ဆင်ထားသော အခြွေအရံမကလေးများမှာ စုစုပေါင်း ဆယ့်နှစ်ယောက်ဖြစ်၏။

အင်္ကျီအစိမ်းရောင် ဝတ်ဆင်ထားသော မိန်းကလေးဆယ့်နှစ်



ယောက်နှင့်အတူ ဝမ်ကျင်းနှင့် ဟိုလင်ဖုန်းတို့သည် ပန်းခြံထဲသို့ ရောက်လာကြ၏။

ဝမ်ကျင်းက ဟိုလင်ဖုန်းဘက်သို့ လှည့်လျက် ....

“ကဲ .... မောင် .... ဘယ်မိန်းကလေးလဲဆိုတာ မောင်ကိုယ်တိုင် ရွေးပေတော့ .... ”

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော အခြွေအရံမကလေး ဆယ့်နှစ်ယောက်တို့သည် နားမလည်ဟန်ဖြင့် သခင်မဝမ်ကျင်းနှင့် ဟိုလင်ဖုန်းကို အကြောင်သား ငေးကြည့်နေကြ၏။

ဟိုလင်ဖုန်းသည် အစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားကြသော အခြွေအရံမကလေး ဆယ့်နှစ်ယောက်ကို အကဲခတ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး သက်ပြင်းချလျက် ....

“ငါကတော့ ဘယ်လိုမှ ရွေးလို့မရတော့ဘူး .... ”

“ကဲ .... မင်းတို့အားလုံး ကိုယ့်နေရာကိုယ် ပြန်နိုင်ကြပြီ၊ အခု ငါ တစ်ခုမင်းတို့ကို သတိပေးထားမယ် .... ဘယ်မိန်းကလေး ပန်းခြံထဲမှာ ဘယ်ယောကျ်ားလေးနဲ့မှ ချိန်းမတွေ့ရဘူး .... ”

ဝမ်ကျင်းက တည်ငြိမ်လေးနက်စွာဖြင့် ပြောလိုက်၏။

အစိမ်းရောင် ဝတ်ဆင်ထားကြသော အခြွေအရံမကလေး ဆယ့်နှစ်ယောက်တို့သည် ခါးကို ကိုင်းညွတ်လျက် အရိုအသေ ပြုလိုက်ပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

ပန်းခြံထဲတွင် ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့ နှစ်ဦးသား ရှိနေ

ကြ၏။ ဟိုလင်ဖုန်းသည် ခုံတန်းလျားလေးရှိရာသို့ လျှောက်လာခဲ့ပြီး ခုံတန်းလျားပေါ်တွင် ထိုင်လိုက်၏။

ဝမ်ကျင်းကလည်း ဟိုလင်ဖုန်း၏ဘေးတွင် ဝင်၍ထိုင်လိုက်သည်။

သူတို့နှစ်ဦးသည် ခုံတန်းလျားကလေးပေါ်တွင် အချိန်အတန်ကြာအောင် ထိုင်နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိကြဘဲ နှုတ်ဆိတ်ငြိမ်နေကြ၏။

ဟိုလင်ဖုန်း၏နားထဲတွင်မူ စောစောက ပန်းဥယျာဉ်ထဲတွင် တိတ်တဆိတ် ချိန်းတွေ့ခဲ့ကြသော ယောကျာ်းနှင့်မိန်းမတို့၏ ပြောဆိုခဲ့ကြသော စကားများကို ပြန်လည်ကြားယောင်နေမိသည်။

သူတို့တွင် လျှို့ဝှက်သော အကြံအစည်များ ရှိနေသည်မှာ သေချာနေလေပြီ။

မိမိကို ဗိမာန်ဂေဟာကြီး၏ သူဌေးကြီး ရန်ကျိဝေအဖြစ် လူစားထိုးထားခြင်းကိုလည်း ဟိုလင်ဖုန်းက နားလည်သဘောပေါက်မိပြီဖြစ်၏။

နောက် နှစ်ရက်ကြာလျှင် ဗိမာန်ဂေဟာသို့ မျောက်ကြီးဆိုသော လူတစ်ယောက် ရောက်လာပေတော့မည်။

မျောက်ကြီးရောက်လာလျှင် ယခု သူ လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာသည် မည်သို့မည်ပုံ ပြောင်းလဲသွားမည်နည်း။

သူတို့သည် ပစ္စည်းကို ရပြီးလျှင် သူ့ကို မည်သို့ပြုမူမည်နည်း။



ဟိုလင်ဖုန်းသည် ထိုသို့စဉ်းစားရင်း သူ့ရင်သည် အလိုလို ဖိုမောစ ပြုလာ၏။

ဟိုလင်ဖုန်းသည် ဤအကြောင်းအရာများကို ဆက်လက်စဉ်းစားနေလျှင် မောရုံမှအပ ဘာမျှအကြောင်းထူးလာမည် မဟုတ်မှန်း သတိထားလိုက်မိသောအခါတွင်မှ သူ့စိတ်အစဉ်သည် ပြန်လည်လန်းဆန်းလာ၏။

လာမည့်အရေးကို တွေး၍ပူပန်နေမည့်အစား ရင်ဆိုင်နိုင်ရန်သာ ကြိုးစားရပေတော့မည်။

✦✦✦

တစ်ရက်နှစ်ရက်ဆိုသော အချိန်ကာလကလေးများသည် ခဏကလေးနှင့်ပင် ကုန်လွန်ခဲ့၏။

ဟိုလင်ဖုန်းသည် ယခင်ကထက်ပင် ကောင်းကောင်းအိပ် ကောင်းကောင်းစားပြီး ပျော်ပျော်ပါးပါး နေလိုက်၏။

ယခုအချိန်အထိ မျောက်ကြီးဆိုသောလူသည် ဗိမာန်ဂေဟာကြီးသို့ ရောက်မလာသေး။

ဟိုလင်ဖုန်းသည် မျောက်ကြီးရောက်လာမည့် နေ့ကိုသာ မျှော်နေမိ၏။

သူက ဖြစ်လာမည့် ပြဿနာအားလုံးကို အသင့်ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်၍ သူ့စိတ်အစဉ်သည် ပေါ့ပါးသည်နှင့်အမျှ ရဲရင့်တက်ကြွနေ၏။

သုံးရက်မြောက်သောနေ့ နေ့လယ်အချိန်တွင် ဟိုလင်ဖုန်းသည် ဟိုဝန်မင်းတို့လူသိုက်နှင့် ဖဲကစားနေ၏။

ထိုစဉ် အစောင့်အကြပ်တစ်ဦးသည် ဟိုလင်ဖုန်းတို့ ဖဲကစားနေသည့်နေရာသို့ ရောက်လာပြီး ....



"သခင်ကြီး .... ဦးလေး ရောက်လာပါပြီ .... "

ဟိုလင်ဖုန်းက နားမလည်ဟန်ဖြင့် အစောင့်အကြပ်ကို လှမ်းကြည့်လိုက်ရင်း ....

"ဦးလေး ဟုတ်လား .... မင်း ဘယ်သူ့ကို ပြောတာလဲ"

အစောင့်အကြပ်က ပြန်လည်၍ အဖြေမပေးမီမှာပင် ရှောင်ထင်က ဝင်၍ ပြောလိုက်၏။

"မဟာဂေဟာက ခင်ဗျားရဲ့ ယောက်ဖကြီး ဖုန်ရွှယ်ကိုများ ပြောနေတာလား .... "

"ခင်ဗျားက ဝမ်ကျင်းရဲ့အစ်ကိုကြီးကို ပြောနေတာလား .... သူကတော့ ဖြစ်နိုင်မယ်မထင်ပါဘူး .... သူက လျှက်လျှိုမြို့မှာနေတာ၊ ဒီလောက်ဝေးတဲ့နေရာကနေ ဒီကိုလာမယ် မထင်ပါဘူးဗျာ .... "

ဟိုလင်ဖုန်းက ထိုသို့ပြောလိုက်စဉ် အစောင့်အကြပ်က ခါးကို ကိုင်းညွတ်လျက် အရိုအသေ ပြုလိုက်ပြီး ....

"ဟုတ်ပါတယ် သခင်ကြီး .... မဟာဂေဟာက ဦးလေးဖုန်ရွှယ် ရောက်နေလို့ သခင်ကြီးကို ကျွန်တော် အကြောင်းလာကြားတာပါ .... "

အစောင့်အကြပ်၏ စကားကြောင့် ဟိုဝန်မင်း၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားကာ ဖဲကစားနေရာမှ ချက်ချင်းထလိုက်ပြီး

"ဒီလိုဆိုရင် .... ကျုပ်တို့ ဖဲဝိုင်းကို သိမ်းလိုက်ရင်ကောင်းမယ် .... အစ်ကိုကြီးဖုန်ရွှယ်က ဖဲကစားတာကို မကြိုက်ဘူး .... သူ

တွေ့သွားရင် ကျွန်တော်တို့အားလုံး အဆူခံနေရပါဦးမယ် .... ”

“ဘာမှ ကြောက်စရာမလိုပါဘူး .... ခင်ဗျားတို့ ဆက်ကစားနေကြပါ .... ကျုပ် အရင်ဆုံး သွားတွေ့လိုက်မယ် .... ပြီးတော့ သူ့ကို အနောက်ဘက်အခန်းကို ခေါ်သွားမယ် .... ”

ဟိုလင်ဖုန်းက ထိုသို့ပြောလိုက်ပြီး ဖဲဝိုင်းမှထလိုက်စဉ် ရုတ်တရက် အောင်မြင်ခန့်ညားသောအသံကို ကြားလိုက်ရ၏။

“မလိုပါဘူးကွာ .... ငါ ရောက်လာပြီပဲ .... ”

ဟိုလင်ဖုန်းက ထိုအသံရှင်ကို ကြောင်စီစီဖြင့် ငေးကြည့်နေမိသည်။

စောစောက အသံရှင်သည် တံခါးဝတွင် ရပ်နေပြီး ဖဲဝိုင်းမှ သူတို့အားလုံးကို မနှစ်မြို့သော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်၏။

ထိုလူ၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီး လယ်သမားတစ်ဦးနှင့် တူသလိုလိုပင်။

သူ၏မျက်နှာမှာ စုတ်ချွန်းချွန်းဖြင့် အကျည်းတန်လှ၏။ ခန္ဓာကိုယ်မှာလည်း ပိန်ပိန်သွယ်သွယ်ပင် ဖြစ်၏။

သူ၏ လက်နှစ်ဖက်မှာလည်း ရှည်လျားလှပြီး ဝတ်ဆင်ထားသော အဝတ်အစားများမှာ ဟောင်းနွမ်းနေသည့်အပြင် အရောင်ပင်ပျက်နေပြီဖြစ်၏။ သူ စီးထားသောဖိနပ်မှာလည်း တန်ဖိုးနည်းလှသော မြက်ခြောက်ဖိနပ်သာ ဖြစ်၏။

ထို့ထက် ထူးဆန်းနေသည်မှာ သူ့နောက်ကျောတွင် ရှည်



မျောမျော အထုပ်တစ်ထုပ်ကို သံကြိုးဖြင့် သေသေချာချာ ချည်နှောင်ထားပြီး သော့များခတ်ထား၏။ ထိုသံကြိုးကိုလည်း သူ့လည်ပင်းတွင် ဆွဲထားလေသည်။

ထိုလူမှာ နာမည်ကြီး မဟာဂေဟာမှ မိုးကြိုးဓားရှင် ဖုန်ရွှယ်ပင် ဖြစ်ပါ၏။

ဖဲဝိုင်းမှ လူများသည် ဖုန်ရွှယ်ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် အားလုံးမတ်တတ်ရပ်လျက် ခါးကို ကိုင်းညွတ်လိုက်ပြီး .... အရိုအသေ ပြုလိုက်ကြ၏။

ဖုန်ရွှယ်သည် မဲ့ပြုံး ပြုံးလိုက်ရင်း သူ့ကို အရိုအသေ ပြုကြသူများကို ငေးစိုက်၍ ကြည့်လိုက်၏။ သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ်တောက်ပနေ၏။

ဟိုလင်ဖုန်းက ဖုန်ရွှယ်၏ အရောင်တဖိတ်ဖိတ်တောက်ပနေသော မျက်လုံးအစုံကို တွေ့လိုက်ရသည်နှင့် ဖုန်ရွှယ်၏ အတွင်းအားကို ခန့်မှန်းပြီးဖြစ်သည်။

ဖုန်ရွှယ်၏ အတွင်းအားသည် အဆင့်အလွန်မြင့်ကြောင်းကို ဟိုလင်ဖုန်း သိရှိသွားလေသည်။

သို့သော် ....

ဖုန်ရွှယ်ကို ဟိုလင်ဖုန်းသည် တစ်ခါမျှ မမြင်တွေ့ဘူးခဲ့ဘဲ နာမည်ကိုသာ ကြားဖူးခဲ့လေသည်။

ယခု ဟိုလင်ဖုန်းသည် ဖုန်ရွှယ်ကို သူ၏ယောက်ဖအဖြစ်ဖြင့်

တွေ့လိုက်ရသောအခါ သူ့ရင်သည် လှိုက်ခနဲ ဖိုသွားရ၏။

အဘယ်ကြောင့်ဆိုသော် ....

ဖုန်ရွှယ်၏ရုပ်ရည်မှာ မျောက်ကြီးနှင့် တူနေသောကြောင့်ပင် ဖြစ်ပါ၏။

ထို့ပြင် ....

ဟိုလင်ဖုန်းသည် ပန်းဥယျာဉ်ထဲမှ သူ ကြားခဲ့ရသော မျောက်ကြီးဆိုသူမှာ ဖုန်ရွှယ်ကိုပင် ရည်ရွယ်၍ ပြောခဲ့ကြောင်းကိုလည်း ရိပ်မိသွားလေသည်။

"ဟာ .... တကယ်ပဲ အစ်ကိုကြီး ရောက်လာတာကိုး"

ဟိုလင်ဖုန်းက အံ့အားသင့်ပြီး ဝမ်းသာသွားဟန်ဖြင့် ပြောလိုက်၏။

"ဗိမာန်ဂေဟာကြီးက ဘယ့်နှယ်လုပ် ဖဲခန်းကြီး ဖြစ်နေရတာလဲ .... "

ဖုန်ရွှယ်က အေးစက်တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

"စိတ်မရှိပါနဲ့ အစ်ကိုကြီး .... သူတို့အားလုံးက ကျွန်တော့်ရဲ့သူငယ်ချင်းတွေပါ .... ပျင်းပျင်းရှိတာနဲ့ ဖဲကစားနေကြတာပါ"

ဟိုလင်ဖုန်းက ပျာပျာသလဲ ပြောလိုက်၏။

"ကဲ .... ဒီလိုဆိုရင် မင်းရဲ့သူငယ်ချင်းတွေကို ပြန်ခိုင်းလိုက်တော့လေ .... "

"ဟုတ်ကဲ့ .... "



ဟိုဝန်မင်းတို့လူသိုက်သည် ဖုန်ရွှယ်ကို တကယ်ပင် ကြောက်ရွံ့ခဲ့ကြဟန်တူသည်။ သို့မဟုတ် ဖုန်ရွှယ်၏ သိုင်းပညာအဆင့်ကို လေးစားခဲ့ကြဟန်တူသည်။

သူတို့သည် ဘာတစ်ခွန်းမျှ ပြန်မပြောကြဘဲ ထိုနေရာမှ ချက်ချင်းပင် ထွက်ခွာသွားကြလေသည်။

ဟိုလင်ဖုန်းက ဟိုဝန်မင်းတို့လူသိုက်ကို ကြည့်ပြီး ရယ်ချင်နေ၏။

သို့သော် ရယ်ချင်စိတ်ကို ထိန်းချုပ်လိုက်ပြီး ....

"အစ်ကိုကြီး .... ဒီအဆောင်ထဲမှာ ခဏထိုင်ပါဦးလား"

ဖုန်ရွှယ်က ခေါင်းကိုခါယမ်းလျက် ....

"ညီလေး .... မင်းကို ငါက တမင်သက်သက် အပြစ်ရှာပြီး ဆုံးမနေတာ မဟုတ်ပါဘူး .... ဒါပေမယ့် မင်းလုပ်နေတဲ့ပုံက မဟုတ်သေးဘူး .... မင်းက ဘာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်တောင် ပျက်စီးနေရတာလဲ .... "

ဟိုလင်ဖုန်းက ထစ်ထစ်ငေါ့ငေါ့ဖြင့် ....

"ဟုတ် ဟုတ်ကဲ့ .... ကျွန်တော် နောက်နောင် ဒီလိုမဖြစ်အောင် ပြုပြင်ပါ့မယ် .... "

"ပြုပြင်တယ်ဆိုတာ အပြောသာလွယ်တယ် .... တကယ်လက်တွေ့ကျတော့ ဘယ်လွယ်ပါ့မလဲ .... မင်းက ဒီသူငယ်ချင်းတွေနဲ့ ပေါင်းသင်းနေသရွေ့တော့ ဘယ်လိုမှ ပြုပြင်လို့ရမှာ မဟုတ်ဘူး"

ဖုန်ရွှယ်၏ စကားကြောင့် ဟိုလင်ဖုန်းသည် ခေါင်းမဖော်နိုင်အောင်ပင် ဖြစ်သွားရပြီး သူက မဲ့ပြုံးတစ်ချက် ပြုံးလျက် ....

"အစ်ကိုကြီး ပြောပုံအရဆိုလျှင် ကျွန်တော်က တစ်သက်လုံး လူကောင်းတစ်ယောက် ပြန်မဖြစ်နိုင်တော့ဘူးပေါ့ .... ဟုတ်လား"

ဖုန်ရွှယ်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"အင်း .... ဟုတ်တယ် .... ဒါကလည်း ငါ့အပြစ်ပဲ .... "

ဟိုလင်ဖုန်းက ရုတ်တရက် ကြောင်သွားပြီး မဝံ့မရဲဖြင့် မေးလိုက်၏။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး .... "

"ဘာဖြစ်လို့လဲဆိုတော့ ငါက မင်းဟာ အပျော်အပါးလိုက်စားတတ်တဲ့လူမှန်း မသိလို့ .... ငါ့ညီမနဲ့ မင်းကို လက်ထပ်ပေးခဲ့မိတာ ငါ့ရဲ့အပြစ်ပဲ .... "

"အစ်ကိုကြီးမှာ အပြစ်မရှိပါဘူး ခင်ဗျာ .... ကျွန်တော့်မှာသာ အပြစ်ရှိတာပါ .... ကျွန်တော့်အမှားကို ကျွန်တော် သိပါပြီ .... အစ်ကိုကြီး မကြိုက်တဲ့ကိစ္စမှန်သမျှ ကျွန်တော် မလုပ်တော့ပါဘူး .... ကျွန်တော် ယောကျ်ားတစ်ယောက်ပါ .... ကျွန်တော် ကတိပေးပါတယ် .... အစ်ကိုကြီးလည်း ခရီးပန်းလာရောပေါ့ .... ဒီအဆောင်မှာ ခဏ နားလိုက်ပါဦး .... ကဲ .... အစ်ကိုကြီး ဒီကုလားထိုင်မှာ ထိုင်ပါဦးခင်ဗျာ .... "

ဟိုလင်ဖုန်းက ရိုသေကျိုးနွံစွာ ပြောလိုက်သည်။



ယခုမှ ဖုန်ရွှယ်သည် ကျေနပ်သွားဟန်ဖြင့် ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်လေသည်။

အမှားဟူသည် လူတိုင်း၌ရှိမြဲဓမ္မတာပင်။ သို့သော် အမှားကိုမြင်၍ အမှန်သို့ ပြုပြင်ပြောင်းလဲနိုင်မှသာလျှင် တန်ဖိုးရှိလိမ့်မည်။ သို့မှသာလျှင် ....

ဆုံးရှုံးခြင်းသည် အောင်မြင်မှု၏မိခင်ဖြစ်သကဲ့သို့ အမှားသည် အမှန်၏ မိခင်ဖြစ်ပေသည်။

✦✦✦

## အခန်း ၆။
## မျောက်ကြီး

ဖုန်ရွှယ်သည် ကုလားထိုင်တွင်ထိုင်လျက် အနားယူနေစဉ် ဟိုလင်ဖုန်းက အခြေအရံမကလေး တစ်ဦးကို လှမ်းခေါ်လိုက်ပြီး

"မင်းတို့သခင်မ ဝမ်ကျင်းကို သွားခေါ်လိုက်ပါ .... အစ်ကိုကြီး ဖုန်ရွှယ် ရောက်နေတယ် .... "

"နေပစေ .... မခေါ်နဲ့ .... "

ဖုန်ရွှယ်က ဟန့်တားလိုက်၏။

အခြေအရံမကလေး ထွက်သွားသောအခါတွင်မှ ဖုန်ရွှယ်က ဟိုလင်ဖုန်းကို စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ရင်း ....

"ငါတို့ မောင်နှမနှစ်ယောက်က ပြောစရာစကား သိပ်မရှိပါဘူး .... အခု ငါက မင်းကို အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်၊ မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းပဲ ပြောချင်တယ် .... "

"ဟုတ်ကဲ့ .... အစ်ကိုကြီး ပြောစရာရှိရင် ပြောပါခင်ဗျာ"



"ဒီနေရာက စကားပြောလို့ သိပ်မကောင်းဘူး .... ဒီထက် လုံခြုံတိတ်ဆိတ်တဲ့နေရာ မရှိဘူးလား .... "

"ရှိပါတယ် ခင်ဗျာ .... ကျွန်တော်တို့ သစ်ခွပန်းအဆောင်ကို သွားကြမယ် .... "

ဖုန်ရွှယ်သည် ထိုင်ရာမှ ထလိုက်ပြီး ဟိုလင်ဖုန်း ခေါ်ဆောင်လာသည့် သစ်ခွပန်းအဆောင်သို့ လိုက်ပါလာခဲ့သည်။

မျောက်ကြီးဆိုတဲ့လူတော့ ရောက်လာပြီ။ သူ့နောက်ကျောမှာ သံကြိုးနဲ့ချည်ထားတဲ့အထုပ်က ဟိုလူနှစ်ယောက် ပြောခဲ့တဲ့ ပစ္စည်းများလားမသိဘူး။

ဟိုလင်ဖုန်းက ယင်းသို့တွေးတောနေစဉ်မှာပင် ဖုန်ရွှယ်သည် သူ့အင်္ကျီအိတ်ထဲမှ သော့ကို ထုတ်ယူလိုက်၏။

ထို့နောက် ....

သံကြိုးတွင်ခတ်ထားသော သော့များအားလုံးကို ဖွင့်လျက် ထိုအထုပ်ကို စားပွဲပေါ်တွင် တင်လိုက်ပြီး ....

"ညီလေး .... မင်းနဲ့ငါဟာ သူစိမ်းတစ်ရံစာတွေ မဟုတ်ကြဘူး .... မင်းဟာ ငါ့ရဲ့ယောက်ဖ .... ငါက မင်းကို အစ်ကိုကြီးတစ်ယောက်အနေနဲ့ တစ်ခုမေးမယ် .... မင်း မှန်မှန်ဖြေပါ .... "

"အစ်ကိုကြီး မေးချင်တာ မေးပါ .... ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ် .... "

"မင်းက .... မင်းတို့ မျိုးရိုးစဉ်ဆက်ရဲ့ ဓားသိုင်းပညာကို

ဘယ်လောက်အဆင့်ထိ တတ်ကျွမ်းထားသလဲ .... ”

“ကျွန် .... ကျွန်တော် .... ဓား .... ဓားသိုင်းပညာကို”

ဟိုလင်ဖုန်းက အထစ်ထစ် အငေါ့ငေါ့ဖြင့် ဘာဆက်ပြောရမှန်းမသိတော့ချေ။

ထိုစဉ် ....

ဖုန်ရွှယ်က ဟိုလင်ဖုန်းကို မျက်လုံးတစ်ချက် ဝင့်၍ကြည့်လိုက်ပြီး ....

“မင်း အမှန်အတိုင်းဖြေနော် .... ”

ဟိုလင်ဖုန်းက အချိန်အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ပြောလိုက်၏။

“ကျွန်တော်က ဉာဏ်သိပ်မကောင်းတော့ .... ကျွန်တော့်ရဲ့ မျိုးရိုးစဉ်ဆက် ဓားသိုင်းပညာကို လေးဆင့်လောက်ပဲ နားလည်သဘောပေါက်ပါတယ် .... ”

ဖုန်ရွှယ်က မဲ့ပြုံးပြုံးပြီး ခေါင်းခါယမ်းလျက် ....

“ငါထင်တာတော့ မင်းက အဆင့်လေးဆင့်လောက်တောင် မရောက်သေးဘူး .... တကယ်ဆိုတော့ မင်းက ဉာဏ်မကောင်းတာ မဟုတ်ပါဘူး .... မင်းက အချိန်ရှိသရွေ့ အပျော်အပါးချည်းပဲ လိုက်စားနေတော့ သိုင်းပညာတွေအားလုံး လစ်ဟင်းသွားတာပေါ့ .... ”

ဟိုလင်ဖုန်းက ဘာမျှဆက်မပြောတော့ဘဲ ခေါင်းငုံ့နေ၏။

“ညီလေး .... မင်းသာ ဒီအတိုင်း ဆက်သွားနေရင် ဗိမာန်



ဂေဟာကြီးရဲ့ နာမည်နဲ့ ဂုဏ်သိက္ခာဟာ အနေးနဲ့အမြန် ကျဆင်းရတော့မှာ သေချာတယ် .... ငါတို့ဗိမာန်ဂေဟာနဲ့ မဟာဂေဟာကို ဆွေမျိုးတော်စပ်လိုက်တာက ဘာအတွက်ကြောင့်လဲ .... မင်းက မင်းအဖေကြီး တည်ဆောက်ခဲ့တဲ့ ဒီဂေဟာကြီး ပျက်စီးသွားတာကို မြင်ချင်လို့လား .... မင်းရဲ့ အစ်ကိုကြီးခြောက်ယောက်က ဘယ်လို အသေခံသွားကြတယ်ဆိုတာကိုကော မင်း မေ့နေပြီလား .... ”

ဟိုလင်ဖုန်းက ခေါင်းငုံ့ထားရင်း စဉ်းစားနေမိလေသည်။

ရန်ကျိဝေမှာ အစ်ကိုကြီးခြောက်ယောက်တောင် ရှိတာကိုး။ သူတို့က ဘာဖြစ်လို့ အသေခံလိုက်ကြတာလဲ၊ ဗိမာန်ဂေဟာနဲ့ မဟာဂေဟာက အခုလို ဆွေမျိုးတော်စပ်လိုက်တာက ဘာရည်ရွယ်ချက်များရှိနေလို့လဲ။

ဟိုလင်ဖုန်းက ထိုသို့ စဉ်းစားနေခိုက်၊ ဖုန်ရွှယ်သည် သက်ပြင်းတစ်ချက်ချလျက် စားပွဲပေါ်မှအထုပ်ကို ဖြေလိုက်လေ၏။

အထုပ်ထဲတွင် သံဘူးရှည်တစ်ခုရှိနေပြီး ထိုသံဘူးရှည်ကိုလည်း သော့ခတ်ထားလေသည်။

ဖုန်ရွှယ်က သော့ကို မဖွင့်သေးဘဲ သော့တွဲနှင့်အတူ စားပွဲပေါ်မှ သံဘူးရှည်ကို ဟိုလင်ဖုန်းရှေ့သို့ တွန်းရွှေ့လိုက်ပြီး ....

“ဒါက မင်းတို့ဗိမာန်ဂေဟာကြီးရဲ့ ပစ္စည်းပဲ .... ငါတို့ သတ်မှတ်ထားတဲ့ နှစ်နှစ်ဆိုတဲ့ အချိန်ကတော့ စေ့သွားပြီ .... ဒါကြောင့် အခု ငါကိုယ်တိုင် ဒီပစ္စည်းကို ပြန်လာပို့တာပဲ .... ဒါပေမယ့် မင်းကို

ငါတစ်ခုတော့ ပြောရလိမ့်မယ် .... ”

“ဟုတ်ကဲ့ .... ပြောပါ အစ်ကိုကြီး .... ”

ဟိုလင်ဖုန်းက ခေါင်းငုံ့နေရာမှ ရုတ်တရက် ခေါင်းကိုမော့လိုက်ပြီး ပြောလိုက်၏။

“ငါ .... ဒီကိုလာတုန်းက လမ်းခရီးတစ်လျှောက်လုံးမှာ ငါ့နောက်ကို လူတစ်စု နောက်ယောင်ခံပြီး လိုက်လာကြတယ် .... သူတို့ငါ့နောက်ကို လိုက်လာကြတာကလည်း ဒီပစ္စည်းကို လိုချင်လို့ပဲ .... နောက်ဆုံးတော့ သူတို့က ဒီပစ္စည်းကို အတင်းအဓမ္မ လုယူဖို့ ကြိုးစားကြတယ် .... ဒါကြောင့် ဒီကောင်တွေကို ငါတိုက်ခိုက်လိုက်တော့မှ ဒီကောင်တွေ ဒဏ်ရာရပြီး ထွက်ပြေးသွားကြတာပဲ .... နို့မဟုတ်ရင် ဒီပစ္စည်းက ဗိမာန်ဂေဟာကြီးကို အခုလို ပြန်ရောက်လာမှာ မဟုတ်ဘူး .... ”

“အစ်ကိုကြီး .... သူတို့က ဘယ်သူတွေလဲ .... ”

ဟိုလင်ဖုန်းက အလောတကြီး မေးလိုက်မိ၏။

ဖုန်ရွှယ်က ရယ်လျက် ....

“ဒါများ ပြောစရာလိုသေးလို့လားကွ .... ဒီ နှစ်နှစ်အတွင်းမှာ သိုင်းလောကတစ်ခုလုံး ငြိမ်နေပေမယ့် .... သူများကလည်း ငါတို့ကို လျစ်လျူထားတာမှ မဟုတ်တာ .... ”

ဖုန်ရွှယ် ပြောနေသော သူများဆိုသည်ကို ဟိုလင်ဖုန်း မသိချေ။



ထို့ပြင် သူများက သူတို့ကို အဘယ်ကြောင့် ရန်ငြိုးထားနေကြသနည်းဆိုသည်ကို သူ လုံးဝနားမလည်ပေ။

ထို့ကြောင့် ....

ဟိုလင်ဖုန်း ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ပြီး ဒေါသထွက်ဟန်ဖြင့် တောက်တစ်ချက် ခေါက်လိုက်သည်။

သို့သော် ....

သူ သိနေသည်မှာ ဤဗိမာန်ဂေဟာကြီးတွင် ထိုပစ္စည်းကို လိုချင်နေသော လူနှစ်ယောက်သည် လျှို့ဝှက်စွာ ရောက်ရှိနေပြီဆိုသော အကြောင်းပင် ဖြစ်ပါ၏။

သို့ရာတွင် ....

ထိုအကြောင်းကို ဖုန်ရွှယ်အား ရှင်းပြ၍ ဖြစ်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ....

သူသည် ရန်ကျိဝေ မဟုတ်ဘဲ ဟိုလင်ဖုန်း ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

ဖုန်ရွှယ်က ပြုံးလျက် ....

“ဒေါသထွက်ရုံနဲ့ ဒီကိစ္စ မပြီးသေးဘူး .... ဒီနှစ်နှစ်မှာ ပစ္စည်းက ငါ့လက်ထဲမှာရှိနေတော့ ဒီကောင်တွေက ငါ့ဆီက လုယူဖို့ဆိုတာ မလွယ်ဘူး .... အခု မင်းလက်ထဲကိုရောက်တော့ မင်းက ဒီပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါ့မလား .... ”

“ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် .... ”

ဖုန်ရှယ်က ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ....

"အခုအချိန်က အတတ်နိုင်ဆုံး ကြိုးစားရမယ့်အချိန်မဟုတ်ဘူး .... မင်း ဒီကိစ္စကို လုပ်နိုင် မလုပ်နိုင်ဆိုတာကိုဘဲ ငါ သိချင်တယ်"

ဟိုလင်ဖုန်းက မျက်မှောင်တစ်ချက်ကုတ်လျက် စဉ်းစားလိုက်ပြီး ....

"ကျွန်တော်က .... ဒီကိစ္စကို အသေအချာတော့ အာမ,မခံရဲဘူး .... ဒါပေမယ့် ကျွန်တော့်မှာ အကြံတစ်ခုတော့ ရှိပါတယ် အစ်ကိုကြီး .... ဒီပစ္စည်းကိုတော့ လုံခြုံစိတ်ချရတဲ့နေရာမှာ ကျွန်တော် ထိန်းသိမ်းထားနိုင်မှာပါ .... "

ဟိုလင်ဖုန်း၏စကားကို ဖုန်ရှယ်သည် မယုံကြည်ဟန်ဖြင့်

"မင်းမှာ ဘယ်လိုအကြံမျိုးရှိလို့လဲ .... "

ဟိုလင်ဖုန်းက နှုတ်မှမဖြေဘဲ လက်ဖက်ရည်ကြမ်းကို လက်ညှိုးဖြင့်တို့၍ စားပွဲပေါ်တွင် စာတစ်ကြောင်း ရေးသားလိုက်၏။

ပြီးနောက် ....

ထိုစာကြောင်းကို ပြန်ဖတ်လိုက်ရင်း ....

"အစ်ကိုကြီး .... ဒီအကြံကို ဘယ်လိုသဘောရလဲ .... "

ဖုန်ရှယ်၏မျက်နှာမှာ တည်ငြိမ်သွားပြီး လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"သူတို့က ဒီဂေဟာထဲကနေ ကြံစည်နေမယ်လို့ မင်း ထင်နေသလား .... "



ဟိုလင်ဖုန်းကလည်း လေသံတိုးတိုးဖြင့် ပြန်၍ပြောလိုက်၏။

"ကျွန်တော်ထင်တာ မဟုတ်ပါဘူး .... သူတို့က ဒီလိုကို လုပ်ကြမှာပဲ .... "

ဖုန်ရှယ်က ရယ်လိုက်ပြီး .... ဟိုလင်ဖုန်း၏ပခုံးကိုပုတ်လျက်

"ညီလေး .... မင်းက အတော့်ကို ဉာဏ်ကောင်းတာပဲကိုး၊ ကောင်းတယ် .... ငါတို့ ဒီလိုပဲ လုပ်ကြမယ် .... "

ဖုန်ရှယ်က ထိုသို့ပြောလိုက်ပြီး စားပွဲပေါ်မှ သော့တွဲကို လှမ်းယူလိုက်ကာ သံဘူးရှည်ကို ခတ်ထားသည့် သော့ခလောက်ကို ဖွင့်လိုက်၏။

သံဘူးရှည်၏အဖုံးကို ဖွင့်လိုက်သောအခါ သံဘူးရှည်ထဲတွင် ဓားတစ်လက်နှင့် ဓားသိုင်းကျမ်းစာအုပ်တစ်အုပ်ကို တွေ့လိုက်ရ၏။

ဓားအိမ်ပေါ်တွင် 'ဗိမာန်ဓား'ဟု စာတန်းလေး ရေးထိုးထားပြီး၊ ဓားသိုင်းကျမ်းစာအုပ်၏ မျက်နှာဖုံးတွင်လည်း ဗိမာန်ဓားသိုင်းကွက် ရှစ်ကွက်ဟု ရေးသားထားလေသည်။

ဟိုလင်ဖုန်းသည် သံဘူးရှည်ထဲမှ ဗိမာန်ဓားကို လှမ်းယူလိုက်ပြီး ဓားကိုတစ်ဝက်ခန့် ဆွဲထုတ်ကြည့်လိုက်၏။

ဓားရောင်မှာ ဖွေးဖွေးလက်သွား၏။

ထို့နောက် ဟိုလင်ဖုန်းက ဓားသိုင်းကျမ်းစာအုပ်ကို လှန်လှော၍ ဖတ်ကြည့်ရန် စိတ်ကူးလိုက်သေး၏။

သို့သော် သူ့စိတ်ကို အချိန်မီ ထိန်းချုပ်လိုက်၏။

ဟိုလင်ဖုန်းသည် ဗိမာန်ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပြီး စားပွဲပေါ်တွင် ချထားလိုက်၏။

ပြီးနောက် ....

ဓားသိုင်းကျမ်းစာအုပ်ကိုလည်း သံဘူးရှည်ထဲမှ ထုတ်ယူလိုက်ကာ စားပွဲပေါ်တွင်ပင် တင်ထားလိုက်ပြန်သည်။

ထို့ပြင် ဟိုလင်ဖုန်းသည် နံရံပေါ်တွင် ချိတ်ဆွဲထားသော ဓားစာစ်လက်ကို လှမ်းယူလိုက်ကာ သံဘူးရှည်ထဲသို့ ထည့်လိုက်ပြီး သော့ခတ်လိုက်လေသည်။ ထို့နောက် ပိတ်ဟောင်းစတစ်စကိုယူ၍ ဗိမာန်ဓားနှင့် ဓားသိုင်းကျမ်းစာအုပ်ကို ထုပ်လိုက်ကာ အံဆွဲထဲသို့ ထိုးထည့်ထားလိုက်၏။

ဖုန်ရွှယ်က အသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဒီမှာထားရင် စိတ်ချရပ့ါမလား .... "

"ဒီနေရာမှာထားရင် ပိုပြီးစိတ်ချရတာပေ့ါ .... ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမျိုးမှာ ဗိမာန်ဓားနဲ့ ဗိမာန်ဓားသိုင်းကျမ်းစာအုပ်ကို ဒီလိုနေရာမျိုးမှာ ထားလိမ့်မယ်လို့ ဘယ်သူကမှ ထင်မှာမဟုတ်ဘူး"

ဖုန်ရွှယ်က သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပြီး ....

"ငါက ဒီမှာ သုံးလေးရက်လောက်ပဲနေမှာ .... ဒီကပြန်ရင် ငါက ချန်တိုးမြို့ကို သွားရဦးမယ် .... "

"အစ်ကိုကြီး ဒီအခန်းမှာပဲနေပေ့ါ .... "

ထိုစဉ် ....



ခြေသံကြားလိုက်ရပြီး အခြွေရံမလေး မေအော် လာနေသည်ကို တွေ့လိုက်ရ၏။

မေအော်သည် သူတို့အနီးသို့ ရောက်လာပြီး ခါးကို ကိုင်းညွတ်လိုက်ကာ ပထမဦးဆုံး အရှိအသေ ပြုလိုက်ပြီးမှ ဟိုလင်ဖုန်းကိုပါ အရှိအသေ ပြုလိုက်လေ၏။

"သခင်မက .... ဦးလေးကြီး ရောက်လာတာကိုသိတော့ သိပ်ကို ဝမ်းသာနေပါတယ် .... အခု ဦးလေးကြီးအတွက် စားသောက်ဖွယ်ရာများကို အဆင်သင့် ပြင်ဆင်ထားပြီးပါပြီ .... ဦးလေးကြီး ဘယ်အဆောင်မှာ သုံးဆောင်ချင်ပါသလဲဆိုတာကိုပါ အမေးခိုင်းလိုက်ပါတယ် .... "

ဖုန်ရွှယ်က ဗိမာန်ဓားနှင့် ဗိမာန်ကျမ်းစာအုပ်ကို စိတ်မချသဖြင့် ....

"သစ်ခွပန်းအဆောင်မှာပဲ ကောင်းပါတယ် .... "

မေအော်သည် သစ်ခွပန်းအဆောင်ထဲမှ ထွက်ခွာသွားတော့မှ ဟိုလင်ဖုန်းက ....

"အစ်ကိုကြီး .... ဒီအဆောင်ထဲမှာ ခဏအနားယူလိုက်ပါဦး၊ ကျွန်တော် ဒီပစ္စည်းတွေကို အပေါ်ထပ်မှာ သွားထားလိုက်မယ် .... ပြီးတော့ ကျွန်တော် ဝမ်ကျင်းကိုပါ ခေါ်လာခဲ့ပါ့မယ် .... ကျွန်တော့်ကို ခွင့်ပြုပါဦး .... "

ဟိုလင်ဖုန်းသည် ထိုသို့ပြောရင်း စားပွဲပေါ်မှ သံဘူးရှည်

ကလေးကို လှမ်းယူလိုက်ကာ သစ်ခွပန်းအဆောင်ထဲမှ ထွက်ခွာလာခဲ့လေသည်။

ဟိုလင်ဖုန်းသည် အပေါ်ထပ်မှ အိပ်ခန်းသို့ ရောက်လာသောအခါ ဝမ်ကျင်းမှာ သစ်လွင်လှပသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး သူ့မက ဟိုလင်ဖုန်းကို ပြုံးစေ့စေ့ဖြင့် ကြည့်လျက် ....

"အစ်ကိုကြီးက မောင့်ကို သစ်ခွပန်းအဆောင်ထဲ ခေါ်သွားပြီး ဘာတွေပြောသလဲဟင် .... အစ်ကိုကြီးက မောင် ဖဲကစားနေတာကို တွေ့သွားလို့ စိတ်ဆိုးနေတာဆို ဟုတ်လား .... "

ဟိုလင်ဖုန်းက ပြုံးရယ်လျက် ....

"အစ်ကိုကြီးက ဒီပစ္စည်းကို ပြန်လာပေးတာပါ .... သူက ငါတို့ ဖဲကစားနေတာကို တွေ့သွားတော့ ကောင်းကောင်းဆုံးမတော့တာပဲ .... "

"အစ်ကိုကြီးက ဒီလိုပဲ .... တစ်လောကလုံးမှာ .... သူတစ်ယောက်တည်း အကောင်းဆုံးလို့ ထင်နေတာ .... မောင်က အစ်ကိုကြီးကို စိတ်မဆိုးပါဘူးနော် .... "

"ငါက ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ .... သူက ငါကောင်းဖို့အတွက် ဆုံးမနေတာပဲ .... ကျေးဇူးတောင် တင်ရဦးမယ် .... "

ဝမ်ကျင်းက သက်ပြင်းချလျက် ....

"အမှန်အတိုင်းပြောရရင်တော့ .... ကျွန်မနဲ့ အစ်ကိုကြီးက မောင်နှမသာဆိုပေမယ့် အသက်ချင်းက သိပ်ကွာတယ် .... ဒါကြော



ကျွန်မလည်း အစ်ကိုကြီးနဲ့ စကားပြောရမှာ ခပ်လန့်လန့်ပဲ .... "

"ဘာမှ လန့်မနေနဲ့ .... အခု သူနဲ့ မတွေ့ချင်တော့လို့ မဖြစ်တော့ဘူး .... ရော့ .... ဒီပစ္စည်းကို အရင်သိမ်းလိုက်ဦး .... "

ဟိုလင်ဖုန်းက ပြောပြောဆိုဆို သူ့လက်ထဲမှ သံဘူးရှည်ကို ဝမ်ကျင်းအား ပေးလိုက်၏။

ဝမ်ကျင်းသည် ဟိုလင်ဖုန်း ပေးလိုက်သော သံဘူးရှည်ကို လှမ်းယူလိုက်ပြီး နားမလည်ဟန်ဖြင့် ....

"ဒီပစ္စည်းတွေက ဘာတွေလဲ .... "

"ငါတို့ဗိမာန်ဂေဟာကြီးရဲ့ ဗိမာန်ဓားနဲ့ သိုင်းစာအုပ်ပါ"

ဝမ်ကျင်းက ဝမ်းသာလိုက်လှဲသောအသံဖြင့် ပြောလိုက်၏။

"ကျွန်မတို့လက်ထပ်တာ နှစ်နှစ်တောင် ပြည့်သွားပြီနော်"

"ဟုတ်တယ်လေ .... နှစ်နှစ်တောင် ပြည့်သွားပြီပဲ .... ဒါကြောင့် အစ်ကိုကြီးက ဒီနေ့ ဒီပစ္စည်းတွေ ပြန်လာပေးတာပေါ့"

ဝမ်ကျင်းက သံဘူးရှည်ကို ပွေ့ပိုက်ရင်း သက်ပြင်းချလျက်

"အစ်ကိုကြီးပြောလည်း ပြောစရာပဲ .... ဒီနှစ်နှစ် အတောအတွင်းမှာ ကျွန်မတို့က သိုင်းပညာကို လုံးဝပစ်ပယ်ထားသလို ဖြစ်နေတယ် .... မောင်ကလည်း အချိန်ရှိသရွေ့ အရက်သောက်ပြီး ဖဲရိုက်ဖို့ပဲ သိတယ် .... ဒီနေ့ကစပြီး .... "

ဝမ်ကျင်း၏ စကားမဆုံးခင်မှာပင် ဟိုလင်ဖုန်းက ခါးကို ကိုင်းညွတ်လျက် ပြုံးရယ်လျက် ....

"ဟုတ်ကဲ့ .... ဒီနေ့ကစပြီး ကျွန်တော်မျိုးကြီး သိုင်းပညာကို ကြိုးစားပြီး လေ့ကျင့်ပါတော့မယ် ခင်ဗျား .... ကဲ .... သခင်မဖုရား ကျေနပ်ပါပြီလား .... အခု အစ်ကိုကြီးက သစ်ခွပန်းအဆောင်ထဲမှာ ထမင်းစားဖို့ စောင့်နေရှာမယ် .... လာ သွားကြစို့ ...."

ဝမ်ကျင်းက မှိုလင်ဖုန်းကို မျက်စောင်းတစ်ချက် ထိုးလျက်

"ဟင်း .... သူများက စကားကောင်းကောင်း ပြောနေတာ သူက စပ်ဖြဲဖြဲနဲ့ ...."

ဝမ်ကျင်းက ထိုသို့ပြောရင်း သူ့လက်ထဲမှ သံဘူးရှည်ကို လက်ဝတ်ရတနာများ ထည့်ထားသော ဗီရိုကြီးထဲသို့ ထည့်လိုက်ပြီး သော့ခတ်လိုက်၏။

ဟိုလင်ဖုန်းက ဝမ်ကျင်းထံမှသော့ကို တောင်းလိုက်၏။

ဝမ်ကျင်းက ဘာမျှပြန်မပြောဘဲ သူ့လက်ထဲမှသော့ကို ဟိုလင်ဖုန်းအား ပေးလိုက်၏။

✦✦✦



သစ်ခွပန်းအဆောင်တွင် ထမင်းဟင်းလျာများကို စုံလင်စွာ ပြင်ထား၏။

ထမင်းစားပွဲတွင် ဖုန်ရွှယ်၊ ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့သည် စားသောက်နေကြ၏။

သို့သော် ....

သူတို့နှစ်ဦးစလုံးသည် တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြဘဲ ငြိမ်သက်တိတ်ဆိတ်နေကြ၏။

ဝမ်ကျင်းနှင့် ဖုန်ရွှယ်မှာ မောင်နှမများ ဖြစ်ကြသော်လည်း အသက်အရွယ်အားဖြင့် ကွာခြားနေသဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ရှိကြဟန်မတူ။

ဝမ်ကျင်းကလည်း သူမ၏အစ်ကိုကြီးကို လေးစားကြောက်ရွံ့ရသောကြောင့် စကားပင် ရဲရဲမပြောရဲချေ။

ဟိုလင်ဖုန်းမှာလည်း စကားများများပြောလျှင် အမှားပါမည်ကို စိုးရိမ်သောကြောင့် နှုတ်ဆိတ်နေ၏။

စားသောက်ပြီးသောအခါ ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့က ဖုန်ရွှယ်ကို နှုတ်ဆက်ပြီး သစ်ခွပန်းအဆောင်မှ ထွက်ခွာရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ် ဖုန်ရွှယ်က ရုတ်တရက် စကားစ၍ ပြောလိုက်သည်၊

“ငါ ဒီမှာ သုံးလေးရက်လောက်ပဲနေမယ် .... ဒီရက်အတွင်းမှာ ငါတို့က ဗိမာန်ဂေဟာနဲ့ မဟာဂေဟာ ပူးပေါင်းထားတဲ့ စားသိုင်းသစ်ကို လေ့ကျင့်ကြမယ် ညီလေး .... မင်းလည်း ပြင်ဆင်ထားတော့ပေါ့ .... ”

ဝမ်ကျင်းက ဖုန်ရွှယ်ကို မရဲတရဲ လှမ်းကြည့်လိုက်ပြီး

“အစ်ကိုကြီးက .... ကျွန်မကို ဒီဓားသိုင်းနှစ်မျိုး ပူးပေါင်းထားတဲ့ သိုင်းကွက်သစ်ကို လေ့ကျင့်ခိုင်းမလို့လား .... ”

ဖုန်ရွှယ်က ခေါင်းညိတ်ပြလိုက်ပြီး ....

“ဒါပေါ့ .... မင်းလည်း လေ့ကျင့်ရလိမ့်မယ် .... ဒါမှ ရန်ကျိုဝေ မပြည့်စုံတဲ့နေရာမှာ မင်းက ဝင်ဖြည့်ပေးလို့ ရမှာပေါ့ .... ”

“အစ်ကိုကြီး ကျွန်တော်တို့ကို ခွင့်ပြုပါဦး .... အစ်ကိုကြီးလည်း ခရီးပန်းလာတဲ့အတွက် သစ်ခွပန်းအဆောင်မှာ အေးအေးဆေးဆေး အနားယူလိုက်ပါ .... အစ်ကိုကြီး လေ့ကျင့်စေချင်တဲ့ သိုင်းကွက်သစ်ကို ကျွန်တော်တို့ လေ့ကျင့်ပါ့မယ် .... ”

“ဒီမှာ ရန်ကျိုဝေ .... မင်းကို ငါ သတိပေးရဦးမယ် .... မင်းအပျော်အပါးကို သိပ်မလိုက်စားနဲ့တော့ .... အချိန်ကို အလဟဿ



မဖြုန်းနဲ့ .... ဗိမာန်ဂေဟာကြီးရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာကို မင်းက ဆက်ပြီး ထိန်းသိမ်းပါ .... မင်း ငါ့ကို ကတိပေးထားတဲ့ ကတိလည်း တည်ပါစေကွာ .... ”

“စိတ်ချပါ အစ်ကိုကြီး .... ကျွန်တော် ကတိတည်ပါတယ်၊ ဗိမာန်ဂေဟာကြီးရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာကို ကျွန်တော် အမြဲတမ်း ထိန်းသိမ်းပါ့မယ် .... ”

ကတိ ....

ကတိဟူသည် လူ၏တန်ဖိုးကို တိုင်းထွာသော ပေတံဖြစ်သည်။

**ကတိတည်ခြင်းသည် လူမွန်လူကောင်းတို့၏ ဥစ္စာဖြစ်ပြီး ကတိမတည်ခြင်းသည် လူသော့သွမ်းတို့၏ ဥစ္စာဖြစ်ပေသည်။**

“ကဲ ကဲ .... မင်းတို့ သွားကြတော့ .... ”

ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့သည် သစ်ခွပန်းအဆောင်မှ ထွက်လာခဲ့ကြပြီး မိမိတို့အိပ်ခန်းသို့ ရောက်ရှိလာကြသည်။

ညမှောင်နေပြီဖြစ်သဖြင့် ဝမ်ကျင်းက နဂါးရုပ်ပါးစပ်ထဲမှ မီးအိမ်များကို ထွန်းညှိလိုက်သည်။

အိပ်ခန်းတစ်ခုလုံးသည် မီးအိမ်များမှ အလင်းရောင်ကြောင့် ထိန်ထိန်လင်းနေ၏။

ဝမ်ကျင်းက ဟိုလင်ဖုန်းဘက်သို့လှည့်လျက် ....

“အစ်ကိုကြီးက .... မောင် ဒီလိုပျက်စီးနေတာဟာ ကျွန်မ

အထိန်းအသိမ်းညံ့လို့ ထင်နေတယ် .... ဒါကြောင့် ကျွန်မကို အစ်ကိုကြီးက စိတ်ဆိုးနေသလိုပဲ .... ”

ထိုသို့ပြောရင်း ဝမ်ကျင်း၏မျက်နှာမှာ ချက်ချင်းပင် ညှိုးငယ်သွား၏။

ဟိုလင်ဖုန်းက ဝမ်ကျင်း၏ပခုံးကို တယုတယ ဖက်လိုက်ကာ လေသံတိုးတိုးဖြင့် ပြောလိုက်၏။

“ဝမ်ကျင်းရယ် .... ဒီအတွက် ဝမ်းနည်းမနေပါနဲ့ .... မင်းရဲ့ မျက်နှာက အခုလို ရုတ်တရက် ညှိုးငယ်သွားတော့ ငါလည်း ဘယ်စိတ်ကောင်းပါ့မလဲ .... အစ်ကိုကြီးက လက်ထပ်ခါစ ဇနီးမောင်နှံရဲ့ စိတ်သဘောထားကို နားမှမလည်တာ .... ”

“အစ်ကိုကြီးက ကျွန်မကို စိတ်ခုသွားတာက အရေးမကြီးပါဘူး .... ဒါပေမယ့် .... ”

ဝမ်ကျင်းက သူ့စကားကိုရပ်လိုက်ပြီး ဟိုလင်ဖုန်းကို နှုတ်ခမ်းလေးစူ၍ စိုက်ကြည့်လိုက်၏။

“ဒါပေမယ့် ဘာဖြစ်သလဲ .... မင်းစကားကို ဆက်စမ်းပါဦး ဝမ်ကျင်းရဲ့ .... ”

“မောင်က .... ကျွန်မကို အယုံအကြည်မရှိတာကိုတော့ .... ကျွန်မ အခံရခက်တယ် သိလား .... ”

“ဟောဗျ .... ဒုက္ခပါပဲ .... ငါက မင်းကို ဘာလို့ မယုံကြည်ရမှာလဲ .... ”



ဟိုလင်ဖုန်းက ပြုံးပြီး ပြောလိုက်၏။

ဝမ်ကျင်းက သက်ပြင်းတစ်ချက် ချလျက် ....

“မပြောချင်ပါဘူး .... ”

“ပြောပါကွာ .... ”

“ဟင့်အင်း .... မပြောချင်ပါဘူး .... ”

“ပြောပါ ဝမ်ကျင်းရာ .... မင်းပြောမှ ငါက သိရမှာပေါ့”

“မောင်က တကယ်သိချင်လို့လား .... ”

“သိချင်တာပေါ့ .... ”

“မောင်က ဟိုပစ္စည်းတွေကို ကျွန်မရဲ့ သံဗီရိုထဲမှာ သိမ်းထားပြီးတော့ .... သော့ကိုတော့ မောင်က ယူထားလိုက်တယ် .... အဲဒါက ကျွန်မကို မောင်က မယုံလို့ဘဲ မဟုတ်လား .... ”

“သြော် .... ဒါလား”

ဝမ်ကျင်းက နှုတ်ခမ်းစူ၍ ပြောလိုက်ပြန်သည်။

“မဟုတ်ဘူးလား .... မောင့်အမူအရာက ကျွန်မကပဲ သူခိုးလိုလို .... ဒီဓားနဲ့ ဓားသိုင်းကျမ်းစာအုပ်ကို ကျွန်မကပဲ ခိုးတော့မလိုလိုနဲ့ .... ကျွန်မ တကယ်ပဲ စိတ်မကောင်းဖြစ်ရတယ် သိလား .... ”

ဝမ်ကျင်းက ထိုသို့ပြောပြီး ဟိုလင်ဖုန်းအနီးမှ ချာခနဲလှည့်ထွက်သွားကာ ခုတင်ပေါ်တွင် ထိုင်လိုက်၏။

ဟိုလင်ဖုန်းက ဝမ်ကျင်းနောက်မှ ပျာပျာသလဲ လိုက်သွားပြီး သူမ၏ဘေးတွင် ဝင်၍ထိုင်လိုက်၏။

"စိတ်မဆိုးပါနဲ့ ဝမ်ကျင်းရယ် .... ဒီကိစ္စလေးနဲ့တော့ ငါ့ကို စိတ်မဆိုးပါနဲ့ .... ငါက သော့ကို ယူထားတာက မင်းကို မယုံလို့ မဟုတ်ပါဘူး .... ဓားကိုယူတဲ့အခါကျရင် အဆင်ပြေအောင်လို့ပါ"

"ကျွန်မဟာ မောင့်ရဲ့ဇနီးပဲ .... ကျွန်မဆီမှာ သော့ကိုထားလို့လည်း ဘာအဆင်မပြေစရာ ရှိမှာလဲ .... အစ်ကိုကြီးကတောင် ကျွန်မကို ဗိမာန်ဂေဟာနဲ့ မဟာဂေဟာ ပူးပေါင်းထားတဲ့ ဓားသိုင်းကွက်ကို လေ့ကျင့်ဖို့ မှာလိုက်သေးတယ် မဟုတ်လား .... ကျွန်မက ဒီသိုင်းစာအုပ်ကို မကြည့်ရဘူးလား .... "

"ကြည့်နိုင်ပါတယ် ကြည့်နိုင်ပါတယ် .... ကဲ ဟောဒီမှာ သော့ယူတော်မူပါခင်ဗျား .... ကဲ ကျေနပ်ပြီလား သခင်မဖုရားရဲ့ .... ဟောနှုတ်ခမ်းစူထားပြန်ပြီ .... အခုထက်ထိ စိတ်ဆိုးမပြေသေးဘူးလား"

ဟိုလင်ဖုန်းက ပြုံးရယ်လျက် ပြောလိုက်၏။

"အခုမှ သူများကို လာပေးတယ် .... မယူချင်ပါဘူး"

ဝမ်ကျင်းက ထိုသို့ပြောလိုက်ပြီး ဟိုလင်ဖုန်းနှင့် ဘေးတိုက်ထိုင်နေရာမှ ဟိုလင်ဖုန်းကို နောက်ကျောခိုင်းလျက် ထိုင်လိုက်၏။

ထိုစဉ် ....

ဟိုလင်ဖုန်းသည် သူ့လက်ထဲမှ သော့ချောင်းကလေးကို ဝမ်ကျင်း၏ လည်တိုင်မှတစ်ဆင့် အတွင်းခံအင်္ကျီထဲသို့ ထိုးထည့်လိုက်ပြီး အသံတိုးတိုးဖြင့် ရယ်လျက် ....

"မင်းက မယူချင်ပေမယ့် သူက မင်းဆီကို သွားချင်နေတာ"



မကြာမီ အချိန်ကလေးအတွင်းမှာပင် နဂါးရုပ်ပါးစပ်ထဲမှ မီးအိမ်များမှာလည်း လင်းလက်နေရာမှ ရုတ်ခြည်းပင် မှေးမှိန်သွားတော့၏။ အိပ်ခန်းတစ်ခုလုံးမှာလည်း မှောင်အတိ ဖုံးလွှမ်းသွားလေတော့သည်။

သို့သော် ....

အပြင်ဘက်၌မူ ရွှန်းလက်သော ငွေကြယ်ကလေးများနှင့် တောက်ပသော ငွေစန္ဒာလမင်း၏ အလင်းရောင်က လွှမ်းခြုံလျက်။

ထိုအလင်းရောင်ကို မည်သူက ငြိမ်းသတ်နိုင်ပါမည်နည်း။

ညသည် ကြယ်ရောင် လရောင်တို့ဖြင့် နပျိုလန်းဆန်းနေ၏။

✦✦✦

အခန်း ၇။

## ထိပ်ကွက်ခံရခြင်း

နွေးထွေးသော နေရောင်ခြည်သည် နံနက်ခင်းကို ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

ထိုအချိန်တွင် ....

ဟိုလင်ဖုန်းသည် အိပ်ရာမှ နိုးထလာခဲ့ပြီ ဖြစ်၏။

သို့သော် ဝမ်ကျင်းမှာမူ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ဟိုလင်ဖုန်းက အိပ်ရာမှ နိုးထလာသည်နှင့်တစ်ပြိုင်နက် ခုတင်ဘေးရှိ စားပွဲပေါ်သို့ လှမ်းကြည့်လိုက်သောအခါ စားပွဲခုံပေါ်တွင် မနေ့ညက သူတင်ထားခဲ့သည့် သော့ကလေးတစ်ချောင်းကို တွေ့လိုက်ရလေသည်။

ဟိုလင်ဖုန်းသည် ထိုသော့ကို လှမ်းယူလိုက်ကာ ခုတင်ပေါ်မှ ဆင်းလာခဲ့ပြီး သံဗီရိုရှိရာသို့ လျှောက်လာခဲ့၏။



သံဗီရိုရှေ့သို့ ရောက်သောအခါ လျှို့ဝှက်စွာ သူမှတ်ထားသော သံဗီရိုပေါ်မှ အမှတ်အသားကို ဟိုလင်ဖုန်းက သတိထား၍ ကြည့်လိုက်မိသည်။

ထိုအခါ သူ့မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရ၏။

အဘယ်ကြောင့်ဆိုသော် ....

သူ လျှို့ဝှက်စွာ မှတ်သားထားခဲ့သော အမှတ်အသားများမှာ ပျောက်ကွယ်သွားသောကြောင့်ပင် ဖြစ်ပါ၏။

သူ အိပ်မောကျနေစဉ် လူတစ်ယောက်က ဝင်ရောက်လာပြီး သံဗီရိုကို ဖွင့်သွားခဲ့လေပြီလား။

ဟိုလင်ဖုန်းက ယင်းသို့တွေးရင်း သံဗီရိုထဲကို သော့ဖြင့်ဖွင့်လျက် ကြည့်လိုက်သောအခါ သံဗီရိုထဲတွင် သံဘူးရှည်ကို မတွေ့ရတော့ချေ။

ဟိုလင်ဖုန်းသည် သံဗီရိုကို ပြန်၍ပိတ်လိုက်ကာ သော့ခတ်လိုက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်သို့ ရောက်သောအခါ မေအော်ကို တွေ့လိုက်ရသည်။

သူမ၏ ဆံပင်များမှာ ပွယောင်းယောင်း ဖြစ်နေပြီး ယခုမှ အိပ်ရာက ထလာသော ပုံစံမျိုးဖြစ်နေ၏။

မေအော်က ဟိုလင်ဖုန်းကို တွေ့လိုက်ရသဖြင့် ရုတ်တရက် ထိတ်လန့်သွားပြီး ခေါင်းကိုငုံ့လျက် ရပ်နေလိုက်၏။

ဟိုလင်ဖုန်းက မေအော်ကို စိုက်ကြည့်လိုက်ပြီး ....

"မင်းက မနက်အစောကြီး ဘာထလုပ်တာလဲ .... "

"ကျွန် .... ကျွန်မ .... ဦးလေးကြီးကို ပြုစု .... "

မေအော်က ထစ်ငေါ့စွာ ပြောလိုက်၏။

ဟိုလင်ဖုန်းက မျက်မှောင်တစ်ချက် ကုတ်လိုက်ရင်း

"မင်းက .... မနေ့ညက တစ်ညလုံး သစ်ခွပန်းအဆောင်ထဲမှာ .... "

ဟိုလင်ဖုန်း၏ စကားမဆုံးခင်မှာပင် မေအော်က အသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဟုတ်ပါတယ် .... ဦးလေးကြီးက အရက်မူးပြီး ကျွန်မကို သူ့အခန်းထဲမှာ နေခိုင်းခဲ့ပါတယ် .... "

"အခု .... မင်းအခန်းကို မင်း မြန်မြန် ပြန်သွားတော့ .... သူများတွေများ တွေ့သွားရင် မကောင်းဘူး .... ဒီကိစ္စကို သခင်မလည်း မသိစေနဲ့ .... "

မေအော်က ရှက်ရွံ့သော အမူအရာဖြင့် ဟိုလင်ဖုန်းကို မဝံ့မရဲ လှမ်းကြည့်ပြီး ထိုနေရာမှ ခပ်သွက်သွက်ကလေး ထွက်ခွာသွား၏။

ဟိုလင်ဖုန်းက ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ပြီး သူ့စိတ်တွင် ဖုန်ရွှယ်ကို ကျိန်ဆဲနေမိ၏။

"အင်း .... ဖုန်ရွှယ်ဆိုတဲ့လူကတော့ အတော့်ကို အပြောကြီး



တဲ့လူပဲ .... သူ့ကိုယ်သူ တကယ့်လူကြီးလူကောင်း ကျနေတာပဲ .... အသောက်အစားနဲ့ မိန်းမကိစ္စ ကင်းသလိုလိုနဲ့ လက်စသတ်တော့ ဒင်းက ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နဲ့လို့ဆိုတဲ့ လူစားမျိုးထဲ ကကိုး ငါ့ကိုတော့ အပြစ်တင်လိုက်တာ .... သူကတော့ အပြစ်ကင်းတဲ့ လူတစ်ယောက်မှမဟုတ်ဘဲ .... ကြည့်စမ်း .... ညက အရက်လည်း သောက်တယ် .... ပြီးတော့ မေအော်ဆိုတဲ့ အခြွေရံမကလေးနဲ့ အင်း .... သူ့အခန်းထဲကို ငါတစ်ခါဝင်သွားရင် သူရှက်နေမှာပဲ .... အေးအေးဆေးဆေး ပန်းခြံထဲမှာလမ်းလျှောက်ပြီးမှ သူ့အခန်းထဲကို ငါသွားတော့မယ်"

ဟိုလင်ဖုန်းသည် .... ထိုသို့ စိတ်ကူးလိုက်ရင်း ပန်းခြံထဲသို့ လျှောက်လာခဲ့သည်။

**ဟာန်ဆောင်ခြင်းသည် ကောက်ကျစ်စဉ်းလဲသူတို့၏ အဆောင်အယောင်ဖြစ်၍ ပွင့်လင်းဖြောင့်မှန်ခြင်းသည် ရိုးသားသန့် စင်သူတို့၏ အဆောင်အယောင်ဖြစ်၏။**

နံနက်ခင်း၏ အေးမြသော လေပြေလေညင်းသည် မွှေးပျံ့သော ပန်းရနံ့ သယ်ဆောင်လာလျက် နွေးထွေးသော နေရောင်ခြည်သည် ပန်းဥယျာဉ်ပေါ်သို့ ဖြာယှက်ကျဆင်းနေသည်။

ဟိုလင်ဖုန်းသည် ပန်းဥယျာဉ်ထဲတွင် လမ်းလျှောက်နေရင်း သံဗီရိုထဲမှ သံဘူးရှည် ပျောက်သွားသောကိစ္စကို တွေးမိပြန်သောအခါ မိမိ ကြိုတင်စီစဉ်ထားခဲ့၍သော ဗိမာန်ဓားနှင့် ဓားသိုင်းစာအုပ်မှာ ထိုသံဘူးရှည်ထဲတွင် ပါမသွားသောကြောင့် အလိုလို ကြည်နူးနေမိ၏။

သို့သော် ....

ဟိုလင်ဖုန်းသည် ဖုန်ရွှယ်အကြောင်းကို တွေးမိပြန်သောအခါ ရယ်ချင်နေ၏။

ထိုစဉ် ....

ဟိုလင်ဖုန်းသည် ရုတ်တရက် သစ်ပင်များနောက်ကွယ်မှ တဝူးဟူး ဟိုက်ခက်လာသောလေသံကို ကြားလိုက်ရ၏။

ထိုအသံကို သေသေချာချာ ဟိုလင်ဖုန်းက နားစွင့်၍ အကဲခတ်လိုက်သောအခါတွင်မှ သိုင်းပညာ၏ အတွင်းအားရိုက်ခတ်သံပင် ဖြစ်ကြောင်း ရိပ်စားလိုက်မိ၏။

ဟိုလင်ဖုန်းသည် .... ထိုအသံလာရာဘက်သို့ ချွတ်နင်း၍ လျှောက်လာခဲ့မိသည်။

သစ်ပင်များနောက်ကွယ်မှ မြေကွက်လပ်တွင် လူတစ်ယောက်ကို ဟိုလင်ဖုန်းသည် တွေ့လိုက်ရ၏။

ထိုလူမှာ လက်ဝါးစောင်းကို ဓားသဏ္ဌာန်အသုံးပြုကာ သိုင်းကစားနေ၏။

သိုင်းကွက်မှာ လှပ၍ အကွက်စေ့သည်နှင့်အမျှ သူ့လက်ဝါးစောင်း၏ အရှိန်အဟုန်မှာ မြန်ဆန်သွက်လက်လွန်းနေ၏။

လက်ဝါးစောင်းကို ခုတ်လိုက်တိုင်း ပြင်းထန်သောလေလှိုင်းရိုက်ခတ်၍ သစ်ပင်ပေါ်မှ သစ်ရွက်များသည် မြေပေါ်သို့ ဝေ့ဝဲကျဆင်းလာ၏။



မြေပေါ်သို့ ကျဆင်းလာသော သစ်ရွက်များမှာ ထိုလူ၏ ဘေးပတ်လည်တွင် လိပ်ပြာကလေးများ ပျံသန်းနေသလို လူးလာဝေ့ဝဲနေ၏။

ဟိုလင်ဖုန်းသည် ထိုမြင်ကွင်းကို ကြည့်ရင်း .... ကြည့်ရင်း အံ့သြတုန်လှုပ်သွားမိသည်။

ဗိမာန်ဂေဟာသို့ အဘယ်ကြောင့် ဤမျှ သိုင်းပညာမြင့်မားသော လူတစ်ယောက် ရောက်လာပါလိမ့်။

ထိုလူသည် အဘယ်သူပါနည်း။

ဟိုလင်ဖုန်းသည် ထိုသို့ တွေးတောနေစဉ်မှာပင် သိုင်းကွက်ကစားနေသောသူသည် ရုတ်တရက် သိုင်းကွက်ကစားနေခြင်းကို ရပ်နားလိုက်ပြီး အော်၍မေးလိုက်၏။

"ဟေ့ .... ငါ့နောက်မှာ ရပ်နေတာ ဘယ်သူလဲ .... "

ဟိုလင်ဖုန်းသည် ထိုလူ့မျက်နှာကို သေသေချာချာ မြင်လိုက်ရသောအခါတွင်မှ ပို၍ အံ့သြတုန်လှုပ်သွားမိတော့သည်။

ထိုလူမှာ ဖုန်ရွှယ်ပင် ဖြစ်ပါသည်။

ဟိုလင်ဖုန်းသည် ဖုန်ရွှယ်ကို အံ့အားသင့်သော မျက်လုံးအစုံဖြင့် ငေးစိုက်၍ ကြည့်လိုက်ပြီး ....

"အစ်ကိုကြီး .... ဒီနေရာကို ဘယ်အချိန်က ရောက်နေတာလဲ .... "

"ငါက မိုးမလင်းခင်ကတည်းက ဒီနေရာမှာ သိုင်းကစားနေ

တာပဲ .... ဘာဖြစ်လို့လဲ .... "

ဖုန်ရွှယ်က တည်ငြိမ်အေးစက်စွာဖြင့် မေးလိုက်၏။

ဟိုလင်ဖုန်း ပြောသင့်မပြောသင့် စဉ်းစားလိုက်ပြီးမှ အရဲစွန့်ပြီး ဖုန်ရွှယ်ကို ပြန်လည်မေးခွန်းထုတ်လိုက်၏။

"အစ်ကိုကြီး .... မနေ့ညက မေအော်ဆိုတဲ့ အခြွေရံမကလေးကို အစ်ကိုကြီးရဲ့အခန်းထဲမှာ ခေါ်ထားသေးလား .... "

"မင်းပြောတာ ငါ နားမလည်ဘူး .... ငါက ငါ့ရဲ့အခန်းထဲမှာ မေအော်ဆိုတဲ့ အခြွေအရံမကလေးကို ခေါ်ထားတယ် ဟုတ်လား"

ဖုန်ရွှယ်၏အသံမှာ ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာပြီး သူ့မျက်လုံးအစုံမှာလည်း တဝင်းဝင်းတောက်ပလျက် ရှိ၏။

"မင်းက ငါ့ကို ဘယ်လိုလူစားမှတ်လို့လဲ .... မင်း ငါ့ကို သက်သက် စော်ကားတာပဲ .... ဒီမှာ ရန်ကျိုဝေ .... ငါက မ,ဆိုရင် ဝေးဝေးရှောင်တဲ့လူစားမျိုးကွ .... မင်း သိရဲ့လား .... "

"ဟာ .... ဒုက္ခပါပဲ .... "

ဟိုလင်ဖုန်းက ထိုသို့ပြောရင်း ထိုနေရာမှ ချာခနဲ လှည့်ထွက်သွား၏။

သို့သော် .... ဖုန်ရွှယ်က ဟိုလင်ဖုန်း၏လက်ကို ဖမ်းဆွဲလိုက်ကာ အော်၍ပြောလိုက်၏။

"နေစမ်းပါဦးကွ .... မင်းက ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦး .... မင်း ဒီကိစ္စကို ပြေလည်အောင် မဖြေရှင်းဘဲ ဒီနေရာက



ထွက်သွားဖို့တော့ စိတ်မကူးနဲ့ .... "

ဟိုလင်ဖုန်းက သက်ပြင်းချလျက် ....

"အစ်ကိုကြီး .... သစ်ခွပန်းအဆောင်ကို အမြန်ဆုံးသွားကြပါစို့ .... ဗိမာန်ဓားနဲ့ သိုင်းစာအုပ်တော့ ပါသွားပြီထင်တယ် .... "

"ဟေ ဟုတ်လား .... မဖြစ်နိုင်ဘူး ထင်ပါတယ်ကွာ .... ငါက ဒီကို ထွက်မလာခင်တောင် သေသေချာချာ ကြည့်ခဲ့သေးတာ"

"ကျွန်တော်ထင်တာ အများကြီးဖြစ်နိုင်ပါတယ် အစ်ကိုကြီး၊ ကျွန်တော်တို့ အမြန်ဆုံး သွားကြပါစို့ .... အခုလောက်ဆိုရင် အခြွေအရံမလေး မေအော် .... "

ဟိုလင်ဖုန်း၏ စကားမဆုံးခင်မှာပင် ဖုန်ရွှယ်က ဟိုလင်ဖုန်း၏ လက်ကိုဆုပ်ကိုင်ထားရာမှ ဖြေလွှတ်ပြီး ချက်ချင်းပင် ထိုနေရာမှ ပြေးထွက်သွားလေသည်။

ဟိုလင်ဖုန်းက ဖုန်ရွှယ်၏နောက်မှ ပြေး၍ လိုက်လာခဲ့၏။

သစ်ခွပန်းအဆောင်ထဲသို့ ရောက်သောအခါ အံဆွဲကိုဖွင့်၍ ကြည့်လိုက်ကြသည်။

ဖုန်ရွှယ်နှင့် ဟိုလင်ဖုန်းတို့နှစ်ယောက်လုံးသည် အံ့အားသင့်သွားကြ၏။

အံဆွဲထဲတွင် ဗိမာန်ဓားနှင့် သိုင်းစာအုပ်မှာ လုံးဝမရှိတော့ချေ။

ဟိုလင်ဖုန်းက တောက်တစ်ချက်ခေါက်လိုက်ပြီး ....

"လက်စသတ်တော့ ဒီမေအော်ဆိုတဲ့ကောင်မက သူလျှို ဖြစ်နေတာကိုး .... ကျွန်တော်က သူနဲ့ ထိပ်တိုက်တွေ့ခဲ့လျက်သားနဲ့ တောင် သူက ကျွန်တော့်ကို လက်တစ်လုံးခြား လှည့်ပတ်သွားတာကို ကျွန်တော် ခံလိုက်ရတာ သိပ်အသည်းနာဖို့ကောင်းတာပဲ .... "

ဟိုလင်ဖုန်းက ချက်ချင်းပင် အစောင့်များကိုခေါ်၍ မေအော်ကို ဖမ်းဆီးရန် စိတ်ကူးလိုက်၏။

"အစ်ကိုကြီး .... ကျွန်တော် အစောင့်အကြပ်တွေကို ခေါ်ပြီးတော့ မေအော်ကို မတွေ့တွေ့အောင်ရှာမယ် .... "

အမှန်ဆိုရလျှင် ....

ဖုန်ရွှယ်သည်လည်း အံ့သြတုန်လှုပ်သွားမိ၏။

သို့သော် ....

သူက ဟန်ဆောင်ကောင်း၏။ သူ့မျက်နှာမှာ တည်ကြည်အေးစက်နေပြီး ချက်ချင်းပင် အစောင့်အကြပ်များကို မခေါ်ရန် ဟန့်တားလိုက်သည်။

"လိုက်မရှာနဲ့တော့ .... ဟိုမိန်းကလေးကို လိုက်လို့မီလည်း အလကားပဲ .... သူတို့က ဒီလောက်အသေးစိတ် အစီအစဉ်တွေ ချထားတော့ ပစ္စည်းရသွားတာနဲ့ တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းသွားမှာပေါ့ .... "

"ဒီလိုဆိုရင် ကျွန်တော်တို့က ဒီအတိုင်းပဲ ကြည့်နေရတော့မှာလား .... "



ဟိုလင်ဖုန်းက အလိုမကျဟန်ဖြင့် ပြောလိုက်၏။

"ငါတို့က ဒီကိစ္စကို ခေါင်းအေးအေးထားပြီး စဉ်းစားရမယ်"

ဖုန်ရွှယ်က ထိုသို့ပြောရင်း ကုလားထိုင်ပေါ် ထိုင်လိုက်၏။

ဟိုလင်ဖုန်းက မတ်တတ်ရပ်လျက် တွေဝေငေးမောနေမိ၏။

"ကဲ ရန်ကျိဝေ .... ထိုင်ပါဦး .... ဒီကိစ္စကို ငါတို့ အေးအေးဆေးဆေး တိုင်ပင်ကြရအောင် .... "

ဟိုလင်ဖုန်းသည် ကုလားထိုင်တွင် ထိုင်လိုက်ပြီး ဖုန်ရွှယ်ကို မျက်စောင်းတစ်ချက် လှန်၍ကြည့်လိုက်၏။

"အခု .... မင်း ငါ့ကို မေအော်နဲ့တွေ့တဲ့ကိစ္စကို အရင်ပြောပြ .... "

ဟိုလင်ဖုန်းက မေအော်နှင့် တွေ့ဆုံခဲ့သည်ကို ပြောပြရုံသာမက .... ဟိုတစ်နေ့က ပန်းဥယျာဉ်ထဲတွင် မိန်းမတစ်ယောက်နှင့် ယောက်ျားတစ်ယောက်တို့ ပြောဆိုခဲ့ကြသော စကားများကိုလည်း ပြန်လည်ပြောပြလိုက်၏။

သို့သော် ....

သူ့ကို သူတို့က ဟိုလင်ဖုန်းမှန်းသိပြီး ရန်ကျိဝေအဖြစ် အစားထိုးသရုပ်ဆောင်ခိုင်းထားခြင်းကိုမူ ထိမ်ချန်ထားလိုက်၏။

ဖုန်ရွှယ်က နက်နက်နဲနဲ စဉ်းစားလိုက်ဟန်ဖြင့် ....

"ဒီလိုဆိုရင် .... ဒီကိစ္စမှာ သူတို့က အတွင်းအပြင်အားလုံး အချိတ်အဆက်လုပ်ထားတာ ဖြစ်ရမယ် .... မင်းနဲ့ ငါကလွဲရင် ဘယ်သူ

ကိုမှ မယုံရတော့ဘူး .... ”

ဟိုလင်ဖုန်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်း ပြောလိုက်၏။

“ဟုတ်ပါတယ် အစ်ကိုကြီး .... အစ်ကိုကြီး ယူဆသလို အများကြီး ဖြစ်နိုင်ပါတယ် .... ”

“နောက်ပြီး အပြင်ကနေ အချိတ်အဆက် လုပ်တဲ့လူက မင်းရဲ့သူငယ်ချင်းတွေထဲက တစ်ယောက်ယောက် ဖြစ်ရမယ် .... ”

ဖုန်ရွှယ်က ထိုသို့ပြောရင်း ဟိုလင်ဖုန်းကို တစ်ချက်လှမ်းကြည့်လိုက်၏။

ဟိုလင်ဖုန်းက ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

“အခု .... ဓားနဲ့ ဓားသိုင်းစာအုပ် ပါသွားတာက ငါတို့အတွက် သိပ်အရေးမကြီးပါဘူး .... ဘာဖြစ်လို့လဲဆိုတော့ ဒါက ဗိမာန်ဓားသိုင်းကွက်တစ်ခုပဲ ရှိသေးတာကိုး .... မဟာဓားသိုင်းကွက် မပါသေးဘူး .... ငါတို့အခုလေ့ကျင့်မယ့် ပူးပေါင်းဓားသိုင်းကွက်ကို သူတို့ရမသွားဖို့ဘဲ အရေးကြီးတယ် .... ”

ဟိုလင်ဖုန်းက စိတ်ပါဝင်စားစွာဖြင့် နားထောင်နေ၏။ ဖုန်ရွှယ်က ဆက်၍ ပြောလိုက်ပြန်သည်။

“အခု အရေးအကြီးဆုံးက ဗိမာန်ဓားကို ပြန်ရအောင်ယူဖို့ပဲ .... ဒီဓားက ဓားကောင်းဓားမြတ် .... ဒီဓားက တိမ်လွှာဂေဟာကသာ ရသွားရင် ငါတို့အတွက် ပိုပြီးအန္တရာယ် ရှိလိမ့်မယ် .... ”



ဖုန်ရွှယ်က ထိုသို့ပြောလိုက်တော့မှ ဗိမာန်ဂေဟာနှင့် မဟာဂေဟာကို နှောင့်ယှက်နေသည်မှာ တိမ်လွှာဂေဟာဖြစ်ကြောင်းကို ဟိုလင်ဖုန်းက သိလိုက်ရ၏။

“သူတို့က ဒီဓားကိုယူပြီး ထွက်ပြေးသွားကြပြီပဲ .... ဘယ်လိုလုပ် ပြန်ရအောင်လုပ်နိုင်မှာလဲ .... ”

ဖုန်ရွှယ်က မျက်မှောင်ကုတ်လျက် ....

“ဒီကိစ္စကို ငါတို့က နည်းလမ်းနှစ်လမ်းခွဲပြီး လုပ်မယ် .... မင်းက အတွင်းသူလျှိုကိုရှာ .... ငါက အပြင်ကနေ စုံစမ်းမယ် .... ငါဗိမာန်ဂေဟာက ထွက်သွားတဲ့နေ့မှာ တကယ်လို့ ဝမ်ကျင်းက ငါ့ကိုမေးရင် အရေးကြီးတဲ့ကိစ္စရှိလို့ ချန်တိုးမြို့ကို သွားတယ်လို့ပဲ ပြောလိုက် .... ”

“အစ်ကိုကြီးက ချန်တိုးမြို့ကို ဘယ်တော့သွားမှာလဲ .... ”

“မင်းက တော်တော်နားဝေးတာပဲ .... ငါက ချန်တိုးမြို့ကို မသွားသေးပါဘူးကွ .... ဒီမြို့ပေါ်မှာ စုံစမ်းရဦးမယ် .... ငါ ထင်တယ်၊ ဒီလူတွေ ဒီအနီးအနားမှာပဲ ရှိဦးမယ် .... ပစ္စည်းက အဝေးကိုမရောက်နိုင်သေးပါဘူး .... ”

ဟိုလင်ဖုန်းက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်၏။

ဖုန်ရွှယ်က ဆက်၍ ပြောလိုက်ပြန်သည်။

“ဗိမာန်ဂေဟာက ငါ ထွက်သွားပြီးတဲ့နောက်မှာ မင်း အမူအရာမပျက်စေနဲ့ .... ဘာမှမဖြစ်သလိုနေ .... ပြီးတော့ မင်းရဲ့သူငယ်

ချင်းတွေအားလုံးကိုခေါ်ပြီး ခါတိုင်းလိုပဲ အရက်သောက် ဖဲရိုက်ကြ ပေါ့ကွာ .... အဲ .... သူတို့ရဲ့ အခြေအနေအားလုံးကိုတော့ မင်းက မျက်ခြည်မပြတ် အကဲခတ်နေရလိမ့်မယ် .... "

"ဟုတ်ကဲ့ .... အစ်ကိုကြီးပြောတာကို ကျွန်တော် သဘောပေါက်ပါပြီ .... "

"မင်းရဲ့သူငယ်ချင်းတွေထဲမှာ သံသယအရှိဆုံးလူကို .... မင်း ရွေးရလိမ့်မယ် .... ငါက ဗိမာန်ဂေဟာက ရုတ်တရက် ထွက်သွားတော့ ဒီကောင်တွေက ပစ္စည်းကို ချက်ချင်းမထုတ်ရဲသေးပါဘူး .... "

"သံသယအရှိဆုံးလူကို ကျွန်တော်က ဘယ်လိုရွေးရမှာလဲ"

"လွယ်ပါတယ် .... မင်းက အချက်နှစ်ချက်ကိုပဲကြည့်"

"ဘယ်လို အချက်နှစ်ချက်ကို ကြည့်ရမှာလဲ အစ်ကိုကြီး"

"ပထမဆုံးအချက်က ဘယ်သူက ငါ့ကိုစိတ်အဝင်စားဆုံးလဲ ဒုတိယအချက်ကတော့ ဖဲကစားတဲ့အခါမှာ .... ဘယ်သူက စိတ်မပါဆုံးလဲ .... ဘယ်သူက အရှုံးဆုံးလဲဆိုတာကိုပဲ သိဖို့လိုတယ် .... "

ဟိုလင်ဖုန်းက .... ဖုန်ရှယ်၏ ဉာဏ်ထက်မြက်မှုကို အလွန် သဘောကျသွားလေသည်။

"အစ်ကိုကြီး .... ဗိမာန်ဂေဟာက ထွက်သွားပြီးတဲ့နောက် ကျွန်တော်က အစ်ကိုကြီးနဲ့ ဘယ်လိုဆက်သွယ်ရမလဲ .... "

ဟိုလင်ဖုန်းက ကုလားထိုင်တွင် ထိုင်နေရာမှထလိုက်ပြီး မေးလိုက်၏။



ဖုန်ရှယ်က သူ့မေးစေ့ကို လက်ဖြင့်ပွတ်ရင်း စဉ်းစားလိုက်ပြီး

"ဗိမာန်ဂေဟာထဲက ပန်းခြံထဲကို မင်းလာခဲ့ပါ .... မင်းနဲ့ငါ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်စီ တွေ့ကြမယ် .... "

ဖုန်ရှယ်က ထိုသို့ ပြောလိုက်ပြီး ကုလားထိုင်တွင် ထိုင်နေရာမှ ထလိုက်ကာ ဟိုလင်ဖုန်းကို ပြုံး၍ကြည့်လိုက်ပြီး ....

"ကဲ .... ငါ သွားတော့မယ် .... "

"ဟုတ်ကဲ့ အစ်ကိုကြီး .... "

ဖုန်ရှယ်သည် သစ်ခွပန်းအဆောင်ထဲမှ ထွက်ခွာသွားသော အခါ အခန်းထဲတွင် ဟိုလင်ဖုန်း တစ်ယောက်တည်းသာ ကျန်ခဲ့လေ၏။

ဟိုလင်ဖုန်းသည် သစ်ခွပန်းအဆောင်ထဲတွင် ခဏမျှ ထိုင်နေလိုက်ပြီးမှ မိမိအိပ်ခန်းရှိရာသို့ လျှောက်လာခဲ့သည်။

ဟိုလင်ဖုန်းသည် မိမိအိပ်ခန်းထဲသို့ ဝင်လိုက်မိသည်နှင့် သူ့ ခြေအစုံသည် တုံ့ခနဲရပ်တန့်သွားပြီး အံ့အားသင့်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် ....

ဝမ်ကျင်းသည် အိပ်ရာမှနိုးနေပြီး သူမ၏ဆံပင်ကို ဖြီးပေးနေ သော မေအော်ကို ဟိုလင်ဖုန်းက တွေ့လိုက်ရသောကြောင့်ပင် ဖြစ် ပါ၏။

သည်ကောင်မ တယ်အံ့တင့်ရဲပါလား၊ ငါ့ကို သူက ဖြောင် လိမ်သွားပြီးတာတောင်မှ ထွက်မပြေးသေးဘဲကိုး။

ဟိုလင်ဖုန်းက ထိုသို့တွေးရင်း အခန်းထဲသို့ ဝင်လာခဲ့သည်၊ မေအော်က ဟိုလင်ဖုန်းကို တွေ့လိုက်ရသောအခါ မျက်နှာတစ်ချက်မျှပင် မပျက်ဘဲ သူမကပြုံးပြီး နှုတ်ဆက်လိုက်သေး၏။

"မင်္ဂလာနံနက်ခင်းပါ သခင်ကြီး .... "

ဟိုလင်ဖုန်းက မေအော်၏ အမူအရာနှင့်အသံကို မြင်လိုက်ကြားလိုက်ရသောအခါ ထောင်းခနဲ ဒေါသထွက်သွားပြီးမှ ရုတ်ခြည်းပင် ဖုန်ရွယ်၏စကားကို သတိရလိုက်မိသောကြောင့် သူ့ဒေါသကို ထိန်းချုပ်ထားလိုက်ရ၏။

ဝမ်ကျင်းက ဟိုလင်ဖုန်းကို အံ့အားသင့်ဟန်ဖြင့် လှမ်းကြည့်လိုက်ပြီး ....

"မောင်က ဘာဖြစ်လာတာလဲ .... ဘယ်သူ့ကို စိတ်ဆိုးနေတာလဲ .... "

ဟိုလင်ဖုန်းက ဝမ်ကျင်း၏ အမေးကိုမဖြေဘဲ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး သက်ပြင်းတစ်ချက်ချလျက် ....

"အစ်ကိုကြီး ပြန်သွားပြီ .... "

"အစ်ကိုကြီး ပြန်သွားပြီ ဟုတ်လား .... ဘယ်တုန်းက ပြန်သွားရတာလဲ .... "

"သိပ်မကြာသေးပါဘူး .... စောစောက ပြန်သွားတာပါ"

"အစ်ကိုကြီးက ဘာဖြစ်လို့ ဒီလောက်တောင် မြန်မြန်ကြီး ပြန်သွားရတာလဲ .... "



"ဒါတော့ ငါလည်းမသိဘူး .... "

"မောင်က အစ်ကိုကြီးကို မေးမကြည့်ဘူးလား .... "

"မေးကြည့်ပါတယ် .... သူပြောတာကတော့ အရေးကြီးတဲ့ ကိစ္စရှိလို့ ချန်တိုးမြို့ကို သွားမယ်တဲ့ .... "

"အစ်ကိုကြီးက ပြန်မယ်ဆိုရင်လည်း ကျွန်မကို တစ်ခွန်းနှစ်ခွန်းလောက်တော့ ပြောဖို့သင့်တယ် .... အခုလို ဖြုန်းစားကြီး ပြန်သွားတော့ ဘယ်ကောင်းပါ့မလဲ .... "

ဝမ်ကျင်းက မဲ့ပြုံးပြုံးရင်း ပြောလိုက်၏။

ဟိုလင်ဖုန်းမှာမူ တစ်ချိန်လုံး မေအော်၏ အမူအရာကိုသာ အကဲခတ်နေမိသည်။

သို့သော် မေအော်က အမူအရာ လုံးဝမပျက်ချေ။

ဟိုလင်ဖုန်းက ပြုံးရယ်လျက် ....

"အစ်ကိုကြီး ပြန်သွားတာပဲ ကောင်းပါတယ် .... နို့မဟုတ်ရင်တော့ ငါတို့ဟာ ထောင်ထဲကို ရောက်နေသလိုပဲ .... ဘာမှ မလုပ်ရဲဘူး .... မနေ့တုန်းက ဖဲကစားလို့ကောင်းနေတုန်း .... အစ်ကိုကြီး ရောက်လာတာနဲ့ ဖဲဝိုင်းပျက်သွားရတာ .... "

ဟိုလင်ဖုန်းက ထိုသို့ပြောလိုက်ရင်း မေအော်ကို လှမ်းကြည့်လိုက်ပြီး ....

"မေအော် .... ငါ့ရဲ့သူငယ်ချင်းတွေအားလုံးကို အခု သွားခေါ်စမ်းပါ .... တစ်ယောက်မကျန် ဒီကိုခေါ်လာခဲ့ .... မနေ့က တစ်ဝက်

တစ်ပျက်နဲ့ သိမ်းလိုက်ရတဲ့ ဖဲဝိုင်းကို ဒီနေ့ ပြန်စပြီး ကစားကြမယ်လို့ ပြောလိုက် .... ”

ဝမ်ကျင်းက ဟိုလင်ဖုန်းကို မျက်စောင်းတစ်ချက်ထိုးလျက်

“အစ်ကိုကြီးက .... မောင် ဖဲကစားတာကို စိတ်ဆိုးပြီး ပြန်သွားတာလားမှ မသိတာ .... မောင်က ဖဲမကစားရရင် မနေနိုင်တော့ဘူးလား .... ”

“ငါက ပျင်းလွန်းလို့ အပျင်းပြေ ကစားတာပါကွာ .... ”

“ဒီလိုဆို .... မောင့်ကို ကျွန်မ ဘာမှမပြောတော့ပါဘူး .... မောင်က ကိုယ့်ကိုယ်ကိုသာ ထိန်းပေတော့ .... ”

ထိုအချိန်အထိ မေအော်က အိပ်ခန်းထဲမှ ထွက်မသွားသေးဘဲ ဝမ်ကျင်း၏ အနားတွင် ရပ်နေသဖြင့် ဟိုလင်ဖုန်းက အော်ငေါက်၍ ပြောလိုက်၏။

“မေအော် ဘာလုပ်နေတာလဲ .... သွားတော့လေ .... ငါ့ သူငယ်ချင်းတွေ အခုချက်ချင်း သွားခေါ်စမ်း .... ”

ထိုအခါကျမှ မေအော်သည် အိပ်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

✦✦✦



အခန်း ၈။

## ဖဲဝိုင်း

ဗိမာန်ဂေဟာသို့ ပထမဦးဆုံး ရောက်လာသူမှာ ရှောင်ထင်ပင် ဖြစ်ပါ၏။

သူက ဟိုလင်ဖုန်းကို တွေ့လိုက်ရသောအခါ ဖြီးဖြီးဖြီး မျက်နှာထားနှင့် အသံခပ်ကျယ်ကျယ်ဖြင့် ပြောလိုက်၏။

“ခင်ဗျားရဲ့ ယောက်ဖကြီးကို .... ကျုပ်တို့က တကယ့်ကို ကြောက်ရတာဗျ .... ကျုပ်တို့က ခင်ဗျားအတွက်တောင် စိတ်ပူနေကြသေးတယ် .... တော်ကြာ ခင်ဗျားက ဒီလူကြီးနဲ့ စကားများပြီး ရန်ဖြစ်ကြရင်တော့ .... ”

ရှောင်ထင်၏ စကားမဆုံးခင်မှာပင် ဟိုလင်ဖုန်းက ရယ်လျက်

“ရန်တော့ မဖြစ်ကြပါဘူးဗျာ .... သူက ထုံးစံအတိုင်း ကျုပ်ကို ဖဲမကစားဖို့ ကောင်းကောင်းကြီး ဆုံးမတော့တာပဲ .... ကျုပ်ကလည်း ခင်ဗျားတို့နဲ့မှ ဖဲမကစားရရင် မနေနိုင်တဲ့လူဗျ .... ဒါကြောင့်

သူ ပြန်သွားတာနဲ့ ချက်ချင်း မေအော်ကို ခင်ဗျားတို့ဆီလွှတ်ပြီး အခေါ်ခိုင်းလိုက်ရတာပဲ .... ”

“တော်သေးတာပေါ့ဗျာ .... ခင်ဗျားယောက်ဖကြီး ပြန်သွားတာ .... မနေ့တုန်းကလည်း ကျုပ် ဖဲကစားတာရှုံးတယ် .... ဒီနေ့တော့ မနိုင် နိုင်အောင်ကစားရမှာပဲ .... ဒါနဲ့ ခင်ဗျားက ယောက်ဖကြီးက ဒီတစ်ခါ ဒီကိုရောက်လာတာ အရေးကြီးတဲ့ကိစ္စ ရှိလို့ထင်တယ် .... ”

“ဘာမှ အရေးကြီးတဲ့ကိစ္စ မရှိပါဘူး .... သူက သူ့ညီမကို မတွေ့ရတာကြာလို့ လာလည်တာပါ .... ”

“ဒီလိုဆို .... သူက သုံးလေးရက်လောက်တော့ နေဖို့ကောင်းတာပေါ့ .... ဘာဖြစ်လို့ ဒီလောက်တောင် အလောတကြီး ပြန်သွားရတာလဲ .... ”

ဟိုလင်ဖုန်းက ပခုံးကိုတွန့်လျက် ....

“ဒါတော့ ကျုပ်ဘယ်သိမလဲ .... သူပြန်ချင်ရင် ပြန်သွားမှာပေါ့ .... သူပြန်သွားတော့လည်း ပိုတောင်ကောင်းသေးတယ် .... ”

ရှောင်ထင်က လေသံတိုးတိုးဖြင့် ....

“ကျွန်တော် ထင်တယ် .... ခင်ဗျားယောက်ဖကြီးက ခင်ဗျားကို စိတ်စမ်းနေတာလား မသိဘူး .... ”

“ဘယ်လို စိတ်စမ်းတာလဲ .... ”

ဟိုလင်ဖုန်းက နားမလည်ဟန်ဖြင့် မေးလိုက်၏။



“ဒီလိုလေဗျာ .... သူက အရေးကြီးတဲ့ကိစ္စနဲ့ ထွက်သွားသလို လုပ်ပြီး ဒီကို ရုတ်တရက် ပြန်လာရင် ခင်ဗျား ဖဲကစားတယ် မကစားဘူးဆိုတာ သိရမယ်မဟုတ်လား .... ”

ဟိုလင်ဖုန်းက ရယ်လိုက်ပြီး ....

“ဒါကိုတော့ ခင်ဗျားစိတ်သာချ .... သူက ဘယ်တော့မှ ဒီကို ပြန်မလာတော့ဘူး .... ”

“ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် အသေအချာ ပြောရဲတာလဲ .... ”

ရှောင်ထင်က မေးလိုက်၏။

ဟိုလင်ဖုန်းက တစ်ချက်တွေဝေသွားပြီးမှ အသံတိုးတိုးဖြင့် ပြောလိုက်၏။

“ဒါက ကျုပ်တို့ရဲ့ အတွင်းရေးကိစ္စပါ .... ခင်ဗျားက တခြားလူတွေကိုတော့ လျှောက်မပြောပါနဲ့ .... ခင်ဗျားကို ကျုပ် ဒီကိစ္စကို ပြောပြမယ် .... ”

ရှောင်ထင်၏မျက်နှာတွင် ပြုံးရောင်ယှက်သမ်းသွားပြီး ဟိုလင်ဖုန်းကို ငေးစိုက်၍ ကြည့်လိုက်ရင်း ....

“ခင်ဗျားနဲ့ ကျုပ်ဟာ အင်မတန်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပါ .... ခင်ဗျားနဲ့ ကျွန်တော် ပေါင်းသင်းလာကြတာလည်း ကြာပါပြီ၊ ခင်ဗျားလည်း ကျုပ်အကြောင်းကို ကောင်းကောင်းသိသားပဲ .... ”

“ကျုပ်က ခင်ဗျားကို ယုံပါတယ် .... ဒါကြောင့်လည်း ဒီကိစ္စ

ကို ခင်ဗျားကို ကျုပ်က ဖွင့်ပြောတာပါ .... တကယ်တော့ ကျုပ် ယောက်ဖကြီးက ရုက်လို့ထွက်သွားတာပဲ .... ”

“ဩော် .... ”

“သူက အခြေအရံမလေး တစ်ယောက်ကို မျက်စိကျနေ တယ် .... သူ အဲဒီအခြေအရံမလေးကို ကြံစည်နေတုန်း ကျုပ်နဲ့ ပက် ပင်းသွားတိုးတော့ ရှက်ပြီး တစ်ကြိုးတည်း လစ်ပြေးတော့တာပဲ”

ဟိုလင်ဖုန်း၏စကားကြောင့် ရှောင်ထင်သည် အံ့အားသင့် သွားပြီး ....

“အေးဗျာ .... တကယ်တော့ ခင်ဗျားယောက်ဖကြီးကို ဒီလို လူစားမျိုးလို့ လုံးဝမထင်ခဲ့မိဘူး .... သူ့ပုံပန်းကြည့်ရတာတော့ သိပ် ကို သိက္ခာ သမာဓိရှိမယ့်ပုံမျိုး .... အခုတော့ .... ”

“ဒါကြောင့် ခင်ဗျားကို ကျုပ်ပြောတာပေါ့ .... စိတ်ချပါလို့ ကျုပ်ယောက်ဖကြီးက ဒီကိုလာရဲတော့မှာ မဟုတ်ဘူး .... ခင်ဗျားက ရွှေလှည်းကြီးနဲ့ သွားပင့်တာတောင် သူက လာမှာမဟုတ်တော့ဘူး”

နှစ်ယောက်သား ပြောပြီး ရယ်လိုက်ကြ၏။

ထိုအချိန်မှာပင် ....

အပြင်ဘက်မှ စကားပြောသံများ ကြားလိုက်ရ၏။

စကားပြော၍ ဝင်လာကြသူများမှာ ရန်ကျိဝေ၏ မိတ်ဆွေ အပေါင်းအသင်းများပင် ဖြစ်ပါ၏။

ဟိုလင်ဖုန်းသည် .... မိတ်ဆွေအပေါင်းအသင်းများကို စား



ကောင်းသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံလိုက်ပြီး မတ်တတ် ရပ်လျက် ကြေညာလိုက်၏။

“ဒီနေ့ .... ခင်ဗျားတို့ကို ကျုပ် ဖိတ်ခေါ်ရတာက အကြောင်း နှစ်ချက် ရှိပါတယ် .... တစ်ချက်ကတော့ ကျုပ်ယောက်ဖကြီးအတွက် ကြောင့် .... ကျုပ်တို့ရဲ့ ဖဲဝိုင်းကြီး ပျက်သွားရတာကို ခင်ဗျားတို့ကို တောင်းပန်မလို့ပဲ .... ”

ဟိုလင်ဖုန်း၏ စကားကြောင့် အားလုံးက ရယ်မောလိုက်ကြ ပြီး ....

“ရန်ကျိဝေ .... အချင်းချင်းတွေပဲဗျာ .... ခင်ဗျား ဘာမှ တောင်းပန်စရာ မလိုပါဘူး .... ”

ရှောင်ထင်က အသံခပ်ကျယ်ကျယ်ဖြင့် အော်၍ပြောလိုက် ၏။ ဟိုလင်ဖုန်းက ပြုံးလျက် ....

“ဒုတိယအချက်ကတော့ အားလုံးသဘောတူနိုင်လိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ် .... ”

အားလုံးက သံပြိုင်အော်၍ ပြောလိုက်၏။

“ရန်ကျိဝေ ပြောပါ .... ကျုပ်တို့အားလုံး နားထောင်နေပါ တယ် .... ”

ဟိုလင်ဖုန်းက ရယ်လိုက်ပြီးမှ ပြောလိုက်၏။

“ဒီလိုပါ .... ကျုပ်ရဲ့ ယောက်ဖကြီးက ကျုပ်ကို သိုင်းပညာ လေ့ကျင့်ဖို့ ပြောထားတယ် .... ဒါကြောင့် နောက်ပိုင်းမှာ ကျုပ်က

သိုင်းပညာ လေ့ကျင့်ရတော့မယ် .... ဒါကြောင့် ခင်ဗျားတို့နဲ့ ကျုပ်ဟာ အတူတူ ဖဲကစားပြီး အရက်သောက်နိုင်တော့မယ် မထင်ပါဘူး ...."

ဟိုလင်ဖုန်း၏စကားကို ကြားလိုက်ရသောအခါ အားလုံးက အံ့အားသင့်သွားကြပြီး ဟိုလင်ဖုန်းကို ငေးကြောင်၍ ကြည့်နေမိကြသည်။

"ကျုပ်တို့သဘောကတော့ နောက်ပိုင်းမှာ .... ကျုပ်ဟာ သိုင်းပညာ လေ့ကျင့်ရတော့မှာမို့ အခုလိုရက်တွေမှာ ကျုပ်တို့ ပျော်ပျော်ပါးပါး စားကြသောက်ကြပြီးတော့ ဖဲကိုလည်း ကျုပ်တို့ အားရပါးရ ကစားကြမယ် .... အခုအချိန်ကစပြီး ဘယ်သူမှ ဖဲဝိုင်းမသိမ်းမချင်း မပြန်ရဘူး .... ကျုပ်က ကျုပ်ရဲ့ အစောင့်အကြပ်တွေကို မှာထားမယ် .... အခွင့်မရှိဘဲနဲ့ ဘယ်သူ့ကိုမှ အပြင်မထွက်ရဘူးလို့ .... နောက်ပြီး ကျုပ်တို့စားဖို့သောက်ဖို့လည်း ဘာမှလိုလေသေးမရှိအောင် ကျုပ်ပြင်ဆင်ထားမယ် .... ကျုပ်ကို့ မနားမနေ သုံးရက်လောက် ဆက်တိုက် ဖဲကစားကြမယ် .... ဘယ့်နှယ်လဲ သဘောတူကြရဲ့လား .... "

"တူပါတယ် .... တူပါတယ် .... "

အားလုံးက အော်၍ပြောလိုက်ကြသည်။

"ကဲ .... ဒီလိုဆို ကျုပ်တို့ ဖဲဝိုင်းကို စကြရအောင် .... "

သို့ဖြင့် ....

သူတို့အားလုံးသည် ဖဲကစားကြရန် ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြ၏။



ဟိုလင်ဖုန်းက တစ်ချိန်လုံး ရှောင်ထင်ကို အထူးဂရုစိုက်၍ အကဲခတ်နေမိ၏။

ရှောင်ထင်က ဖဲကစားနေသော်လည်း သူ့မျက်နှာတွင် စိတ်မတည်ငြိမ်သော အသွင်သဏ္ဍာန်များက အထင်းသားပေါ်လွင်နေ၏။

ရှောင်ထင်သည် ဗိမာန်ဂေဟာသို့ အစောဆုံး ရောက်လာခဲ့သူ ဖြစ်ပြီး၊ ဖုန်ရှုယ်ကိုလည်း စိတ်အဝင်စားဆုံးသူ ဖြစ်နေပြန်၏။

ထို့ကြောင့် ....

ဟိုလင်ဖုန်းက ရှောင်ထင်ကို မျက်ခြည်မပြတ် အကဲခတ်နေမိခြင်းပင် ဖြစ်ပါ၏။

✦✦✦

ဖဲဝိုင်းစပြီး မကြာခင်မှာပင် ရှောင်ထင်သည် ငွေအများဆုံး ရှုံးနေလေပြီဖြစ်၏။

"ရှောင်ထင် .... ခင်ဗျား ဒီနေ့လည်း ရှုံးပြန်ပြီမဟုတ်လား၊ ခင်ဗျား ဒီနေ့ ဖဲနိုင်အောင် ကစားမယ်ဆို .... "

ဟိုလင်ဖုန်းက တိုးညှင်းသောလေသံဖြင့် ပြောလိုက်၏။

ရှောင်ထင်က မဲ့ပြုံးပြုံးလျက် ....

"အေးဗျာ .... ဒီနေ့လည်း ကံကိုမကောင်းဘူး .... "

"ခင်ဗျားကိုကြည့်ရတာ စိတ်မပါသလိုဘဲ .... ဘာတွေများ စဉ်းစားနေတာလဲ .... "

ဟိုလင်ဖုန်း၏စကားကြောင့် ရှောင်ထင်သည် ထိတ်လန့်သွားကာ အလောတကြီး ပြောလိုက်၏။

"ဟုတ်တယ်ဗျာ .... ကျွန်တော် ဖဲကစားရတာ စိတ်မပါဘူး"

"ဒီလိုဆို ဖဲဝိုင်းကနေ ခဏထွက်လိုက်ပါလား .... "

"ကောင်းသားပဲ .... "



ရှောင်ထင်သည် ဖဲဝိုင်းကနေ ထွက်လာခဲ့သည်။ သူ့နောက်မှ ဟိုလင်ဖုန်းလည်း လိုက်ပါလာခဲ့သည်။

သူတို့သည် ဖဲဝိုင်းနှင့် မလှမ်းမကမ်း တစ်နေရာရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြ၏။

"ဖဲကစားရတာ စိတ်မပါဘူးလို့ ခင်ဗျား ပြောခဲ့တယ်မဟုတ်လား .... ဘာဖြစ်လို့ စိတ်မပါရတာလဲ .... ခင်ဗျား ဘာဖြစ်နေတာလဲ .... "

ဟိုလင်ဖုန်းက ရှောင်ထင်၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်၏။

"ခင်ဗျား စောစောက ပြောခဲ့တဲ့စကားတစ်ခွန်းကြောင့် .... ကျုပ် အတော်ကလေး စိတ်မကောင်းဖြစ်ခဲ့မိတာပါပဲ .... "

ဟိုလင်ဖုန်းက နားမလည်ဟန်ဖြင့် ....

"ကျုပ် ဘာများ ပြောခဲ့မိလို့လဲ .... "

"ဒီသူငယ်ချင်းတွေထဲမှာ ကျွန်တော်က ခင်ဗျားကို အခင်မင်ဆုံးဆိုတာ ခင်ဗျား သိပါတယ် .... "

ဟိုလင်ဖုန်းက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ခင်ဗျားက ကျုပ်နဲ့ မတွေ့တော့ဘဲ သိုင်းပညာတွေ လေ့ကျင့်တော့မယ်ဆိုတာ ကြားရတော့ .... ကျုပ်က မခွဲနိုင်သလို ဖြစ်လာတယ် .... "

ရှောင်ထင်၏အသံမှာ တကယ်ပင် ကြေကွဲဆို့နင့်နေ၏။

"ဒါကတော့ ဘယ်တတ်နိုင်ပ့ါမလဲဗျာ .... ခဏတော့ ခင်ဗျားတို့အားလုံးနဲ့ ခွဲကြရမှာပဲ .... ဒါပေမယ့် သိပ်ကြာမယ် မထင်ပါဘူးဗျာ"

ရှောင်ထင်၏မျက်နှာမှာ ရုတ်တရက် တည်ငြိမ်သွားပြီး ....

"ရန်ကျိဝေ .... ခင်ဗျားကို ကျွန်တော် တစ်ခုပြောချင်တယ်၊ ခင်ဗျားတို့ ဗိမာန်ဂေဟာကြီးရဲ့ အဖြစ်အပျက်ကို ကျုပ် နည်းနည်းပါးပါးတော့ သိထားပါတယ် .... ဒါကြောင့် ကျုပ်က ခင်ဗျားနဲ့ခွဲရမှာကို စိတ်မကောင်းပေမယ့် .... ဒီသိုင်းပညာ လေ့ကျင့်တဲ့ကိစ္စကိုတော့ .... ကျုပ်က အပြည့်အဝ ထောက်ခံအားပေးပါတယ် .... ဒါမှလည်း ခင်ဗျားက ဗိမာန်ဂေဟာကြီးရဲ့နာမည်နဲ့ ဂုဏ်သိက္ခာကို ပြန်ပြီး မြှင့်တင်နိုင်မှာပဲ .... "

ဟိုလင်ဖုန်းက ရှောင်ထင်၏စကားကို ကြားလိုက်ရသော် ဗိမာန်ဂေဟာကြီး၏ အကြောင်းကို သိချင်စိတ်ဖြင့် သူ့ရင်ထဲတွင် လှုပ်ရှားသွားရပြီး အလောတကြီးပင် မေးလိုက်မိ၏။

"ရှောင်ထင် .... ခင်ဗျားက ကျုပ်တို့ ဗိမာန်ဂေဟာကြီးရဲ့ အကြောင်းကို ဘယ်လောက်အထိ သိထားသလဲ .... "

"အရင်တုန်းက .... ခင်ဗျားရဲ့အစ်ကိုတွေ ရှိတုန်းကဆိုရင် ကျုပ်က ဗိမာန်ဂေဟာကြီးကို သိပ်အဝင်အထွက် မရှိခဲ့ပါဘူး .... ဒါပေမယ့် ဗိမာန်ဂေဟာကြီးရဲ့ အကြောင်းကိုတော့ လူတွေပြောနေကြလို့ တစ်ဆင့် ကြားခဲ့ရတာပါ .... "

"ခင်ဗျားက ဘာတွေများ ကြားခဲ့ရသလဲ .... "



"ခင်ဗျားရဲ့အစ်ကိုတွေက အာကာတစ်ခွင် ဓားသိုင်းပြိုင်ပွဲမှာ ရှုံးနိမ့်သွားတာရယ် .... နောက်ဆုံးတော့ မဟာဂေဟာနဲ့ ဆက်လက်ပြီး ဆွေမျိုးတော်လိုက်ကြတာရယ် .... ဒီအထိပဲ ဗိမာန်ဂေဟာကြီးရဲ့ အကြောင်းကို ကျုပ် သိတာပါ .... "

ဟိုလင်ဖုန်းက ဘာမျှ ပြန်မပြောဘဲ နှုတ်ဆိတ်နေ၏။

အာကာတစ်ခွင် ဓားသိုင်းပြိုင်ပွဲကို လင်ခုန်တောင်တွင် ကျင်းပခဲ့၏။

တိမ်လွှာဂေဟာမှာ လင်ခုန်တောင်ပေါ်တွင် တည်ရှိ၏။

ထို့ကြောင့် ဗိမာန်ဂေဟာနှင့် မဟာဂေဟာမှာ ထိုတိမ်လွှာဂေဟာနှင့် ဓားသိုင်းပြိုင်ပွဲတွင် ရန်ငြိုးရှိခဲ့ဟန်တူ၏။

ဟိုလင်ဖုန်းက ငြိမ်သက်တိတ်ဆိတ်နေ၍ ရှောင်ထင် ဆက်ပြောမည့်စကားကိုသာ နားစွင့်နေမိ၏။

"ခင်ဗျားတို့ရဲ့ ဗိမာန်ဓားသိုင်းနဲ့ ဗိမာန်ဓားဟာ .... တကယ်တော့ အာကာတစ်ခွင် ဓားသိုင်းပြိုင်ပွဲမှာ မရှုံးသင့်ပါဘူး .... "

ထိုစဉ် ဟိုဝန်မင်း ရောက်လာပြီး လှမ်းအော်၍ ပြောလိုက်၏။

"ခင်ဗျားတို့နှစ်ယောက်က ဒီမှာ ဘာလာလုပ်နေတာလဲ .... အခု ဟိုကောင် လောင်ချင် ဒိုင်ကိုင်နေတယ် .... ကျုပ်တို့အားလုံး ဒီကောင့်ကို အရှုံးပေးနေရပြီ .... ခင်ဗျားတို့လည်း ဝင်ထိုးကြပါဦး"

ရှောင်ထင်က ရယ်လိုက်ပြီး ....

"ဩော် .... လောင်ချင်က ဒိုင်တောင်ကိုင်နေတဲ့ကိုး .... တောထဲမှာ ကျားမရှိတော့ မျောက်က ဘုရင်တက်လုပ်နေတာပေါ့လှာ .... ကျုပ်တို့အားလုံး သွားထိုးကြရအောင် .... "

ဟိုလင်ဖုန်းသည် ရှောင်ထင်နှင့်အတူ ဖဲဝိုင်းသို့ လိုက်သွားပြီး သုံးလေးပွဲ ဝင်ကစားလိုက်ပြီးနောက် အချိန်မှာ ညနေစောင်းနေပြီဖြစ်သဖြင့် ဖုန်ရွှယ်နှင့် ချိန်းဆိုထားသော ပန်းဥယျာဉ်ထဲသို့ လျှောက်လာခဲ့၏။

ဖဲဝိုင်းမှာ အတော်ကလေး စည်ကားနေ၏။

ဒိုင်ကိုင်သူ လောင်ချင်မှာ အနိုင်ရနေသဖြင့် ထိုးသားများက ဝိုင်းဝန်း၍ လောင်ချင်ကို နည်းအမျိုးမျိုးဖြင့် မခံချင်အောင် နောက်ပြောင်လျက် လောင်းကြေးငွေများကို ဆထက်ထမ်းပိုး ထိုးမြှင့်၍ ထိုးလိုက်ကြသည်။

လှောင်ပြောင်သံ၊ ရယ်သံနှင့် ငွေဒင်္ဂါးသံတို့က ဖဲဝိုင်းတစ်ခုလုံးကို လွှမ်းမိုးနေ၏။

ဟိုဝန်မင်းနှင့် ရှောင်ထင်တို့ကလည်း ငွေဒင်္ဂါးများကို ချထိုးလိုက်ကြသည်။

ရှောင်ထင်က ပြုံးရယ်လျက် ....

"လောင်ချင် .... ဒီတစ်ခါတော့ ခင်ဗျား ကျုပ်ကို မနိုင်နိုင်ပါဘူး .... ဒီတစ်ခါသာ ကျုပ်ရှုံးရင် ဖဲတစ်သက်လုံး မကစားတော့ဘူး၊ ကျုပ်ထိုးထားတဲ့ ငွေဒင်္ဂါးက မနည်းဘူးနော် .... ခင်ဗျား စဉ်းစားဦး"



လောင်ချင်က ခနဲ့ပြုံး ပြုံးလိုက်ပြီး ....

"ဒီမှာ ရှောင်ထင် .... ခင်ဗျား သိပ်အပြောမကြီးနဲ့လေ .... ခင်ဗျားနိုင်မယ်ထင်ရင် နောက်ထပ် ငွေဒင်္ဂါး ထပ်တိုးလိုက်ဦး .... တကယ်လို့ ခင်ဗျားရှုံးရင်လည်း တစ်သက်လုံး ဖဲမကစားဘဲတော့ မနေပါနဲ့ဗျာ .... ရန်ကျိဝေ အခု ခွင့်ပြုထားတဲ့ သုံးလေးရက်လောက်တော့ ကစားပါဦး .... "

ရှောင်ထင်က နောက်ထပ်ငွေဒင်္ဂါးများ ထပ်တိုးလိုက်သည်။

"ဒီလိုမှပေါ့ဗျာ .... ခင်ဗျားက သတ္တိရှိသားပဲ .... ဖဲကစားရင် အဲဒီလိုသတ္တိရှိမှ ကျုပ်က ကြိုက်တာ .... ဟဲ ဟဲ ဟဲ .... "

လောင်ချင်က တဟဲဟဲရယ်ပြီး ပြောလိုက်၏။

ထိုအချိန်တွင် ....

ပန်းဥယျာဉ်ထဲသို့ ဟိုလင်ဖုန်းသည် ရောက်ရှိလာပြီဖြစ်၏။

ဖုန်ရွှယ်က မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပန်းခြံထဲတွင် တွေ့ဆုံရန် ချိန်းဆိုထားသောကြောင့် ပန်းခြံထဲတွင် ဖုန်ရွှယ်ကို ဟိုလင်ဖုန်းက လိုက်ရှာနေမိ၏။

ညနေဆည်းဆာအချိန်တွင် ပန်းဥယျာဉ်၏ အလှသည် လှချင်တိုင်း လှပနေ၏။

အေးမြသော လေပြေလေညင်းက ပန်းပွင့်ကလေးများကို နှုတ်ဆက်ကျီစယ်နေ၏။ စိမ်းလဲ့သော ကန်ရေပြင်မှာ ကြာငုံကြာဖူးနှင့် ကြာပွင့်တို့သည်လည်း တစ်ပွင့်နှင့်တစ်ပွင့် အလှချင်းပြိုင်နေကြ၏။

လေပြေလေညင်းနှင့်အတူ လိုက်ပါလာတတ်သော ပန်းပေါင်းစုံ၏ ရနံ့သည် မွှေးထုံသင်းပျံ့နေ၏။

ဟိုလင်ဖုန်းသည် ပန်းခြံကိုပင် တစ်ပတ် ပတ်မိနေပြီဖြစ်၏။ ယခုအချိန်အထိ ဖုန်ရွှယ်ကို မတွေ့ရသေးချေ။

ထိုစဉ် ရုတ်တရက် လူသံသဲ့သဲ့ ကြားလိုက်ရ၏။

ဟိုလင်ဖုန်းက ချက်ချင်းပင် ခြေလှမ်းကို ရပ်လိုက်ပြီး အနီးအနားရှိ သစ်ပင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

ခပ်လှမ်းလှမ်းမှ လူနှစ်ယောက် လျှောက်လာသည်ကို ဟိုလင်ဖုန်းက တွေ့လိုက်ရ၏။

အနီးသို့ ရောက်သောအခါမှ ထိုလူနှစ်ယောက်မှာ အခြွေအရံမလေး မေအော်နှင့် ရှောင်လန်တို့ ဖြစ်နေသည်ကို ဟိုလင်ဖုန်းက သတိထားလိုက်မိ၏။

ရှောင်လန်က ပေါက်တူးတစ်လက်ကို ကိုင်ထားပြီး မေအော်က ပန်းခြင်းတောင်းတစ်လုံးကို ပခုံးတွင်လွယ်ထား၏။

ထိုစဉ် ....

ညနေဆည်းဆာ၏ နေရောင်ခြည်သည် .... တဖြည်းဖြည်းပျောက်ကွယ်သွားပြီး မှောင်ရီပျိုးစအချိန်သို့ပင် ရောက်ခဲ့ပြီဖြစ်၏။

အခုလို အချိန်မျိုးမှာ သူတို့နှစ်ယောက်က ဘာကြောင့် ပန်းပင်လာစိုက်ရတာလဲ။

ဟိုလင်ဖုန်းက ထိုသို့တွေးတောနေမိ၏။



မေအော်နှင့် ရှောင်လန်တို့နှစ်ဦးစလုံးသည် သစ်ပင်များကြားမှ ထွက်လာခဲ့ကြခြင်းပင် ဖြစ်ပါ၏။

သူတို့နှစ်ဦးသည် .... သစ်ပင်များကြားမှ ထွက်လာခဲ့ကြပြီးနောက် ဘေးပတ်လည်သို့ သေသေချာချာ ကြည့်လိုက်သေး၏။

ပြီးမှ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့ကြသည်။

မေအော်က လေသံတိုးတိုးဖြင့် ....

"ငါတို့ ဒီနေရာကနေ လမ်းခွဲကြမယ် .... သူ့ကို ညသန်းခေါင်ကျော်မှာ လာခိုင်း .... "

ရှောင်လန်ကလည်း လေသံတိုးတိုးဖြင့်ပင် ပြောလိုက်၏။

"ဟုတ်ကဲ့ .... ကျွန်မ သူ့ကို ပြောပြလိုက်ပါ့မယ် .... "

သူတို့နှစ်ဦးစလုံးသည် လမ်းခွဲ၍ လျှောက်သွားကြ၏။

ဟိုလင်ဖုန်းက ရှောင်လန်နောက်သို့ လိုက်ရန် စိတ်ကူးလိုက်ပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် လူတစ်ယောက်က သူ့ပခုံးကို ခုန်ဆင်းကိုင်ဆွဲထားလိုက်၏။

ဟိုလင်ဖုန်းသည် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်သို့လှည့်၍ ကြည့်လိုက်သောအခါ ဖုန်ရွှယ် ဖြစ်နေ၏။

"အစ်ကိုကြီး .... သူတို့နှစ်ယောက်ကို တွေ့တယ်မဟုတ်လား .... "

ဖုန်ရွှယ်က နှုတ်မှမဖြေဘဲ ခေါင်းညိတ်လိုက်၏။

"သူတို့က ဒီမှာ ဘာလာလုပ်တာလဲ .... "

ဟိုလင်ဖုန်းက မေးလိုက်၏။

"ပစ္စည်းတစ်ခုကို လာမြှုပ်တာ .... "

"ဘာပစ္စည်းလဲ အစ်ကိုကြီး .... "

ဖုန်ရွှယ်က ပြုံးလျက် ....

"သေသေချာချာတော့ မတွေ့လိုက်ရဘူး .... ဒါပေမယ့် တကယ်လို့ ငါတို့ ကံကောင်းရင်တော့ ငါတို့လိုချင်တဲ့ပစ္စည်း ဖြစ်ချင် ဖြစ်နေမှာပေါ့ .... "

ဟိုလင်ဖုန်းက ဝမ်းသာသွားဟန်ဖြင့် ....

"တကယ်ကို ဘုရားမပွာပဲ .... ကျွန်တော်တို့ ဓားကို အရင် ယူလိုက်မယ် .... နောက်မှ ဒီမှာ လာစောင့်နေမယ် .... သူတို့ သန်းခေါင်ကျော်အချိန်မှာ ဓားကို လာယူတော့မှ စောင့်ဖမ်းကြတာပေါ့"

ဖုန်ရွှယ်က ခေါင်းညိတ်လျက် ....

"ငါတို့က ဓားကိုရပြီးရင် မင်းက အိမ်ရှေ့ကို ပြန်သွား၊ ဟန်မပျက်စေနဲ့ .... ငါတို့က ဓားရရုံတင်မကဘူး .... ဒီနောက်ကွယ်မှာ ကြိုးကိုင်နေတဲ့လူဟာ ဘယ်သူလဲဆိုတာကိုပါ သိရတော့မှာပဲ .... "

"ကျွန်တော် အကဲခတ်ရတာတော့ ရှောင်ထင်ဟာ သံသယဖြစ်ဖို့ အကောင်းဆုံးပဲ .... "

ဟိုလင်ဖုန်းက ရှောင်ထင်၏ အခြေအနေကို ပြောပြလိုက်၏။

ဖုန်ရွှယ်က ဘာမှုထင်မြင်ချင်မပေးဘဲ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ပစ္စည်းမြှုပ်သော သစ်ပင်အုပ်ရှိရာသို့ လျှောက်လာခဲ့၏။ သူ့



နောက်မှ ဟိုလင်ဖုန်းကလည်း လိုက်ပါလာခဲ့၏။

မကြာခင်မှာပင် သူတို့သည် မြေကြီးပွနေသောနေရာကို တွေ့လိုက်ရ၏။

ဖုန်ရွှယ်က ထိုပွနေသော မြေကြီးကို လက်နှစ်ဖက်ဖြင့် ယက်ထုတ်လိုက်၏။

ခဏအတွင်းမှာပင် မြေကြီးမှာ တွင်းတစ်ခု ဖြစ်လာပြီး အထုပ်တစ်ထုပ်ကို တွေ့လိုက်ရ၏။

ဖုန်ရွှယ်၏မျက်နှာမှာ ဝင်းလက်ကြည်လင်သွား၏။

"တကယ်ပဲ ဘုရားသိကြားမလို့ ငါတို့က ဒီဓားကောင်းဓားမြတ်ကို ပြန်ရတာ .... "

ဖုန်ရွှယ်က ထိုသို့ပြောရင်း တွင်းထဲမှ အထုပ်ကို ဆွဲထုတ်၍ ယူလိုက်ပြီး ဖြည်ကြည့်လိုက်သည်။

အထုပ်ထဲတွင် ဓားတစ်ချောင်းကို တွေ့ရ၏။

သို့သော် ထိုဓားမှာ ဗိမာန်ဓား မဟုတ်ချေ။ သာမန်ရိုးရိုး ဓားတစ်လက်သာ ဖြစ်ပါ၏။

ဖုန်ရွှယ်၏မျက်နှာမှာ ရုတ်ခြည်းပင် တင်းမာခက်ထန်သွားပြီး ဒေါသသံဖြင့် ပြောလိုက်၏။

"ဒီကောင်မနှစ်ကောင်က ငါတို့ကို ပညာပြလိုက်တာပေါ့"

ဟိုလင်ဖုန်းက မျက်မှောင်တစ်ချက်ကုတ်လျက် စဉ်းစားဟန်ဖြင့် ....

"သူတို့က ကျွန်တော်တို့ ဒီမှာ လာစောင့်နေမယ်ဆိုတာကို ဘယ်လိုလုပ် သိနိုင်မှာလဲ .... "

"ကောင်မနှစ်ကောင်က ဓားကို ယူမလို့ဖြစ်ရမယ် .... ဒါပေမယ့် ငါတို့က ပန်းခြံထဲကို ရောက်နေမှန်းသိတော့ သူတို့က ချက်ချင်း ဒီလိုလှည့်ကွက်သုံးလိုက်တာလား မသိဘူး .... ငါတို့က ဒီမှာ ဓားအတုကို ဘူးယူနေတဲ့အချိန်မှာ ဓားအစစ်ကို သွားတူးပြီး ယူသွားကြရောပေါ့ .... "

ဖုန်ရွှယ်က ဟင်းခနဲ သက်ပြင်းချရင်း ပြောလိုက်၏။

အကြံတူ ရန်သူ ....

ဤကား လောဘသားကောင်တို့၏ အတ္တအဆိပ် ငယ်ထိပ်တက်ခြင်းတကား .... ။

"ဒီလိုဆို ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ အစ်ကိုကြီး"

✦✦✦



## အခန်း ၉။
## ဗီမာန်ဓား

"အခု အချိန်နှောက်မကျသေးဘူး .... ဗီမာန်ဓားဟာ ဒီအနီးအနားမှာပဲ ရှိဦးမယ် .... ငါတို့ ဆက်လိုက်မှပဲ .... "

ဖုန်ရွှယ်က ထိုသို့ပြောပြီး လွှားခနဲ ခုန်ထွက်သွား၏။

ဟိုလင်ဖုန်းကလည်း ဖုန်ရွှယ်၏နောက်မှ လွှားခနဲခုန်ထွက်လိုက်ပြီး အသံတိုးတိုးဖြင့် ....

"အစ်ကိုကြီး .... "

"ဘာလဲ .... "

"အစ်ကိုကြီးတစ်ယောက်တည်း အပြင်ဘက်မှာ သွားရှာကြည့်ပါ .... ကျွန်တော်က ပန်းခြံထဲမှာသွားပြီး .... စောင့်ကြည့်နေမယ် .... "

"မင်းက ပန်းခြံထဲမှာ စောင့်ကြည့်နေပြီး ဘာလုပ်မှာလဲ"

"ကျွန်တော့်စိတ်ထဲမှာ ဒီဓားက ပန်းခြံထဲမှာ ရှိသေးတယ်လို့ ထင်နေတယ် .... "

"ကောင်းပြီ .... မင်း ဒီမှာပဲ နေခဲ့ .... ငါ အပြင်ဘက် ရှာကြည့်လိုက်မယ် .... တကယ်လို့ ဘာမှ ထူးခြားချက်မရှိရင် ငါ ချက်ချင်း ပြန်လာခဲ့မယ် .... "

ဟိုလင်ဖုန်းသည် ထိုနေရာမှ ထွက်လာခဲ့ပြီး စောစောက ဓားမြှုပ်ထားသော နေရာသို့ လျှောက်လာခဲ့၏။

ထို့နောက် ဓားကိုယူ၍ တွင်းထဲတွင် ပြန်မြှုပ်ထားလိုက်ပြီး အနီးရှိ သစ်ပင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

ဟိုလင်ဖုန်းသည် သစ်ပင်ပေါ်မှနေ၍ ထိုင်စောင့်နေမိသည်။

သူ့ပုံသဏ္ဍာန်က အမဲကောင်ကို စောင့်နေသော မုဆိုးတစ်ယောက်နှင့်ပင် တူနေ၏။

မိုးကောင်းကင်သည် ဝိုင်းစက်ရွှန်းလဲ့သော လမင်းနှင့် စိန်ပွင့်များပမာ တဖျတ်ဖျတ် တောက်ပနေသည့် ငွေကြယ်ကလေးများဖြင့် လှပတင့်တယ်နေ၏။

ဗိမာန်ဂေဟာမှ ပန်းဥယျာဉ်တစ်ခုလုံးသည် သာသောလမင်း၊ လက်သော ငွေကြယ်များ၏ အလင်းရောင်အောက်တွင် ငြိမ်သက်တိတ်ဆိတ်နေ၏။

ထိုစဉ် ဟိုလင်ဖုန်းသည် လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူကို တွေ့လိုက်ရသောအခါ ဟိုလင်ဖုန်းသည် တုန်လှုပ်



ချောက်ချားသွားပြီး သစ်ပင်ပေါ်မှ ပြုတ်ကျလုမတတ်ပင် ဖြစ်သွားရ၏။

ထိုလူမှာ တခြားလူမဟုတ်ပါ။ အင်္ကျီအဝါရောင်ကို ဝတ်ဆင်ထားသော ဝမ်ကျင်းပင် ဖြစ်၏။

ဝမ်ကျင်းသည် ဓားမြှုပ်ထားသောနေရာသို့ ရောက်လာ၏။

သူမ၏မျက်နှာတွင် စိတ်လှုပ်ရှားနေမှုန်း အထင်းသားပေါ်လွင်နေသည်။

ဝမ်ကျင်းသည် ဓားမြှောင်တစ်ချောင်းကို ခါးကြားထဲမှ ရုတ်တရက် ဆွဲထုတ်လိုက်ပြီး မြေကြီးကို တူးဆွနေလေ၏။

ဟိုလင်ဖုန်းက ဝမ်ကျင်းကို လှမ်းခေါ်ရန် စိတ်ကူးလိုက်သော်လည်း သူမက မြေကြီးကို တူးဆွသောအခါ လှမ်းမခေါ်တော့ဘဲ သူမ၏ အခြေအနေကိုသာ အကဲခတ် ကြည့်ရှုနေမိသည်။

ဝမ်ကျင်း၏ ဘယ်ဘက်ပခုံးတွင် နီရဲသောသွေးများ စီးကျနေသည်ကိုလည်း ဟိုလင်ဖုန်းက တွေ့လိုက်ရပြန်သည်။

ဝမ်ကျင်းသည် ဒဏ်ရာရထားဟန် တူ၏။

သူက ဘာကြောင့် ဒဏ်ရာရထားပါလိမ့်။ ဘယ်လိုလုပ် ဒီဓားမြှုပ်ထားတဲ့နေရာကို သိနေပါလိမ့်။

ဟိုလင်ဖုန်းက ယင်းသို့ တွေးတောနေမိပြန်သည်။

ဝမ်ကျင်းသည် စောစောက ဖုန်ရွှယ်နှင့် ဟိုလင်ဖုန်းတို့ တူးဖော်ခဲ့သော မြေကြီးထဲမှ အထုပ်ကလေးကို ဆွဲထုတ်လိုက်ကာ ထို

အထုပ်ကလေးကို လုံးဝဂရုမစိုက်ဘဲ ဘေးသို့ ပစ်ချထားလိုက်ပြီး ဆက်၍ တူးနေပြန်၏။

မကြာခင်မှာပင် ဝမ်ကျင်းက နောက်ထပ် အထုပ်ကလေးကို တူးဖော်ရရှိသွား၏။

ထိုအခါ ဟိုလင်ဖုန်း မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရ၏။ ယင်းအထုပ်မှာ သူကိုယ်တိုင် မနေ့က ထုပ်ပိုးခဲ့သော အထုပ်ပင်ဖြစ်နေ၏။

ထိုအထုပ်ထဲတွင် ဗိမာန်ဓားနှင့် သိုင်းစာအုပ် ရှိနေသည် မဟုတ်ပါလား။

"လက်စသတ်တော့ မေအော်နဲ့ ရှောင်အော်တို့ဟာ .... ဒီမြေကြီးထဲမှာ အပေါ်က ရိုးရိုးဓားကို မြှုပ်ထားပြီး အောက်ဘက်မှာကျမှ ဗိမာန်ဓားနဲ့ ဓားသိုင်းစာအုပ်ကို မြှုပ်ထားခဲ့တာကိုး .... တကယ်လို့ ငါကိုယ်တိုင်သာ အခုလို မတွေ့ခဲ့ရင် တစ်နေရာတည်းမှာ ဓားနှစ်လက်ကို မြှုပ်ထားလိမ့်မယ်လို့ ဘယ်သူကမှ တွေးမိမှာမဟုတ်ဘူး .... ဖုန်ရွှယ်လို ဉာဏ်ထက်မြက်တဲ့လူတောင်မှ ဒီအချက်ကို မတွေးမိခဲ့ဘူး"

"ဝမ်ကျင်းကကော ဒီဓားမြှုပ်ထားတဲ့နေရာကို ဘာကြောင့် သိရတာလဲ .... "

"မေအော်နဲ့ ရှောင်အော်တို့ဟာ တစ်ဖွဲ့ထဲပဲ ဖြစ်ရမယ်"

ဟိုလင်ဖုန်းသည် ထိုသို့ စဉ်းစားနေပြီးမှ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။



ထိုအချိန်တွင် ....

ဝမ်ကျင်းသည် ဗိမာန်ဓားကို အထုပ်ထဲမှ ဖြည်လိုက်ရုံသာ ရှိသေး၏။

ရုတ်တရက် ဟိုလင်ဖုန်းသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်သည်ကို တွေ့လိုက်ရသောအခါ သူမက ထိတ်လန့်သွားပြီး နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်လိုက်ပြီး .... ဓားကိုလည်း နောက်ကျောဘက်တွင် ဝှက်ထားလိုက်၏။

ဟိုလင်ဖုန်းက ပြုံးလျက် ....

"ဘယ်လိုလဲ ဝမ်ကျင်း .... ငါ ဒီနေရာမှာ ရှိလိမ့်မယ်လို့ မင်း မထင်မိဘူး မဟုတ်လား .... "

ဝမ်ကျင်းက သက်ပြင်းချလိုက်ပြီးမှ ပြုံးရွှင်သော မျက်နှာထားဖြင့် ....

"သြော် .... ဘယ်သူများလဲလို့ .... လက်စသတ်တော့ မောင်ကိုး .... ကျွန်မဖြင့် လန့်သွားတာပဲ .... "

ဟိုလင်ဖုန်းက ခနဲ့ပြုံး ပြုံးလိုက်ပြီး ....

"ဒီမှာ မိန်းကလေး .... မင်းက ငါ့ကို မောင်လို့ခေါ်ဖို့ မသင့်တော့ဘူး .... "

"ဘာဖြစ်လို့ .... "

ဝမ်ကျင်းက ပခုံးတစ်ချက်တွန့်ပြီး မေးလိုက်၏။

"မင်းက ဝမ်ကျင်းမဟုတ်ဘူး .... ငါကလည်း ရန်ကျိဝေ

မဟုတ်ဘူး .... ငါတို့ ဟန်ဆောင် ကနေရတဲ့ ဒီဇာတ်လမ်းဟာ ဒီတင်ပဲ တစ်ခန်းရပ်လိုက်ကြပါစို့ .... "

ဟိုလင်ဖုန်းက အေးစက်တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

ဝမ်ကျင်း၏ ရွှန်းလဲ့သော မျက်လုံးအစုံသည် ဝိုင်းဝိုင်းလည်သွားပြီး ....

"မောင် .... ဘာတွေ လျှောက်ပြောနေတာလဲ .... မောင့်ရောဂါဟောင်း ပြန်ထပြန်ပြီထင်တယ် .... "

ဟိုလင်ဖုန်းက ရယ်လိုက်ပြီး ....

"ဟုတ်တယ် .... ဒါပေမယ့် ဒီတစ်ခါ သမားတော်ကောင်းတစ်ယောက် ရှိနေပြီ .... မင်းက ဗိမာန်ဓားကို ထုတ်ပေးပါ .... ပြီးတော့ ငါတို့ ဖုန်ရွှယ်ကို သွားတွေ့မယ် .... အဲဒီအခါကျမှ ဘယ်သူကရောဂါရှိသလဲဆိုတာ သိရမှာပေ့ါ .... "

"ဘာ .... ဗိမာန်ဓား ဟုတ်လား .... ကျွန်မဆီမှာ ဘာဓားမှမရှိဘူး .... "

ဝမ်ကျင်းက အော်၍ ပြောလိုက်၏။

"မင်းရဲ့နောက်ကျောမှာ ဝှက်ထားတဲ့ ဓားကို ပြောနေတာအဲဒီဓားက ဗိမာန်ဓားပါ .... ဒီမှာ မိန်းကလေး .... မင်းနဲ့ငါဟာ လင်မယားအဖြစ် ခဏလာတွေ့ကြတဲ့ လူတွေဆိုတော့ .... မင်းကို ငါအကြမ်းမဖက်ချင်ပါဘူး .... "

ဝမ်ကျင်းက ဘယ်ဘက်လက်ဖြင့် နောက်ကျောတွင် ဝှက်



ထားသော ဓားကို ယူလိုက်ပြီး ဟိုလင်ဖုန်းရှေ့သို့ ထုတ်ပြလိုက်၏။

"ဒီဓားကို ပြောတာလား .... "

"ဟုတ်တာပေ့ါ .... ငါက ဓားအိမ်ကို ကောင်းကောင်းမှတ်မိနေသေးတယ် .... "

ဝမ်ကျင်းက ဓားကိုကိုင်ထားရင်း ဟိုလင်ဖုန်းအား လှမ်းပေးလိုက်ပြီး ....

"ကဲ .... ရှင်က ဒီဓားကို ဗိမာန်ဓားလို့ ပြောနေတော့ ရှင်ကိုယ်တိုင် ယူကြည့်ပေတော့ .... "

"ငါကိုယ်တိုင် ကြည့်ရမှာပေ့ါ .... "

ဟိုလင်ဖုန်းက ပြောပြောဆိုဆို ဓားကို လှမ်းကိုင်လိုက်ရာ ဓားအိမ်မှဓားသည် ရုတ်တရက် လက်ခနဲထွက်လာပြီး ဟိုလင်ဖုန်း၏ နံစောင်းတွင် ပူခနဲ ထိတွေ့သွား၏။

ဟိုလင်ဖုန်းက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

သို့သော် သူ့ခြေလှမ်းမှာ နောက်ကျသွားလေပြီ ဖြစ်၏။

သူ့နံစောင်းတွင် သွေးများသည် ရဲခနဲ ဖြာကျစီးဆင်းလာ၏။

ဝမ်ကျင်းက ဓားကို ဓားအိမ်ထဲသို့ ထိုးထည့်ပေးလိုက်ရင်း ခနဲ့သော အပြုံးဖြင့်ပြုံးလျက် ....

"ရှင်နဲ့ကျွန်မ လင်မယားအဖြစ် အတူတူနေလာကြတာကို ထောက်ထားပြီး ရှင့်ကို ကျွန်မ မသတ်တာ၊ ရှင်က ဟိုမျောက်ကြီးရှေ့မှာ ဒီကိစ္စကို ပြောဖို့ မကြိုးစားပါနဲ့၊ ဒီကိစ္စကို ရှင်က ဖွင့်ပြောလိုက်ရင်

မျောက်ကြီးက သူညီမ ဘယ်ရောက်နေသလဲဆိုတာ မေးတော့မှာ သေချာတယ်၊ အဲဒီအခါကျရင် ဘယ်လိုဖြေရှင်းမလဲ၊ ရှင်က ရန်ကျိုဝေ အစစ်မှ မဟုတ်တာ"

ဝမ်ကျင်းက ထိုသို့ပြောရင်း ချာခနဲ လှည့်ထွက်သွား၏။

ဟိုလင်ဖုန်းက ဒဏ်ရာကို လက်ဖြင့်ပိတ်ပြီး အော်လိုက်၏။

"အစ်ကိုကြီး .... အစ်ကိုကြီး .... "

ထို့နောက် ဟိုလင်ဖုန်းသည် မေ့လဲသွားလေ၏။

◆◆◆



ဟိုလင်ဖုန်းသည် သတိပြန်ရလာသောအခါ သစ်ခွပန်း အဆောင်ထဲမှ ခုတင်ပေါ်တွင် ရောက်နေမှန်း သိလိုက်ရ၏။

ခုတင်ဘေးရှိ ကုလားထိုင်တွင် ဝမ်ကျင်းသည် ထိုင်လျက် ဓာပန်းထိုးနေ၏။

ဟိုလင်ဖုန်းသည် ခုတင်ပေါ်မှ အားယူ၍ ထလိုက်ရာ သူ့ခါးမှာ အလွန်နာကျင်သွားပြီး ဘုန်းခနဲ ခုတင်ပေါ်သို့ လဲကျသွား၏။

ဝမ်ကျင်းက ဟိုလင်ဖုန်းဘက်သို့ လှည့်ကြည့်လိုက်ပြီး ပြုံးလျက် ....

"မောင် အိပ်ရာက နိုးလာပြီလား၊ ငြိမ်ငြိမ်ကလေး လှဲနေပါ၊ မောင် ဒဏ်ရာရထားတယ်လေ"

ဟိုလင်ဖုန်းက ဝမ်ကျင်းကို အံ့သြတုန်လှုပ်သော မျက်လုံး အစုံဖြင့် စိုက်ကြည့်လိုက်၏။

ဝမ်ကျင်းက ပြုံးလျက် ....

"ဘာဖြစ်လို့ ကျွန်မကို ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ .... ကျွန်မကို မမှတ်မိတော့ဘူးလား"

ဟိုလင်ဖုန်းက ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"မင်း ဒီမှာဆက်ပြီး နေရဲသေးတယ်နော်"

ဝမ်ကျင်းက လှောင်ပြုံး ပြုံးလိုက်ရင်း ....

"ဗိမာန်ဂေဟာက ကျွန်မတို့အိမ်ပဲ"

"မင်းက ပစ္စည်းရပြီးတဲ့နောက် ဘာဖြစ်လို့ ဗိမာန်ဂေဟာကနေ ထွက်မသွားရသေးတာလဲ၊ ငါက ဖုန်ရွှယ်ကို ဒီလျှို့ဝှက်ချက်တွေကို ဖွင့်မပြောရဲဘူးလို့များ မင်း ထင်နေသလား"

"ရှင် ဘယ်လိုပဲပြောပြော၊ အစ်ကိုကြီးက ယုံမှာမဟုတ်ဘူး။ ဒီဗိမာန်ဓားကို မေအော်နဲ့ ရှောင်လန် ခိုးသွားတယ်ဆိုတာရယ် .... ပြီးတော့ ရှင် ဒဏ်ရာရတာကလည်း မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက်က ရှင့်ကို ဓားနဲ့ ထိုးသွားတယ်ဆိုတာရယ် .... နောက်ပြီး ရှင့်ကို ကျွန်မ လာကယ်လိုက်လို့ ကျွန်မမှာလည်း ဒဏ်ရာရသွားတယ်ဆိုတာရယ် .... ဒါတွေအားလုံးကို အစ်ကိုကြီးက သိနေတာပဲ .... ရှင့်ကို ဓားနဲ့ထိုးသွားတဲ့ မျက်နှာဖုံးစွပ်နဲ့ လူကိုတော့ ဖမ်းလို့ မမိလိုက်ဘူး"

"မင်းပြောတာ တစ်ခုမှ မဟုတ်ဘူး၊ ငါ့ကို ဓားနဲ့ထိုးတာက မင်းပဲ၊ ဘာဖြစ်လို့ ဖြောင်လိမ်ချင်ရတာလဲ၊ ပြီးတော့ .... ငါ့ကိုထိုးလိုက်တဲ့ မင်းလက်ထဲကဓားက ဗိမာန်ဓားပဲ၊ အခု ဒီဓားက ဘယ်ရောက်သွားလဲ၊ ဒါတွေအားလုံးဟာ မင်းရဲ့အကြံအစည်တွေပဲ ဖြစ်ရမယ် .... "



ဟိုလင်ဖုန်းက တင်းမာခက်ထန်သော အသံဖြင့် ပြောလိုက်၏။

"မေအော်နဲ့ ရှောင်လန်က ဗိမာန်ဓားကို ခိုးသွားတယ်ဆိုတော့ သူတို့နှစ်ယောက်က မင်းရဲ့အခြေအရံတွေပဲ .... ဒီကိစ္စကို မင်း ဘာမှ မသိဘူးလို့ ပြောလို့ရမလား"

"ဟုတ်တယ်၊ သူတို့နှစ်ယောက်က ကျွန်မရဲ့ အခြေအရံတွေပါပဲ .... ဒါပေမယ့် သူတို့ကို အပြင်လူတွေက ငွေနဲ့သိမ်းသွင်းပြီး ဗိမာန်ဓားကို ခိုးခိုင်းရင်ကော ကျွန်မက ဘာတတ်နိုင်မှာလဲ"

"အင်း .... သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ဖုန်ရွှယ်က ဖမ်းမိသွားရင်တော့ စစ်ဆေးမေးမြန်းလိုက်ရင် ဒီကိစ္စရဲ့ အဖြစ်မှန်ကို သိရမှာပဲ"

ဝမ်ကျင်းက ပြုံးလိုက်ပြီး ....

"သူတို့နှစ်ယောက်ကို ဘယ်တော့မှ ဖမ်းလို့ရမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့ ဖမ်းလို့မရရမှာလဲ"

"သူတို့နှစ်ယောက်စလုံး မနေ့ညက ပန်းခြံထဲမှာ အသတ်ခံလိုက်ရပြီ"

"မင်းက သူတို့နှစ်ယောက်ကို နှုတ်ပိတ်လိုက်တာပေါ့ .... ဟုတ်လား"

ဟိုလင်ဖုန်းက အော်၍ပြောလိုက်၏။

"ကျွန်မသတ်တာ မဟုတ်ပါဘူး .... လူသတ်သမားက ယောကျ်ား တစ်ယောက်ပဲ .... အစ်ကိုကြီးက အဲဒီလူသတ်သမား နောက်ကို လိုက်သွားလို့ ပန်းခြံထဲကို ပြန်ရောက်လာတာ နောက်ကျသွားတာပေါ့ .... "

"အခု အစ်ကိုကြီးကော .... "

ဝမ်ကျင်းက နှုတ်ခမ်းကို ပန်းခြံဘက်သို့ စူပြလိုက်ပြီး ....

"အစ်ကိုကြီးက ဗိမာန်ဓားဟာ ပန်းခြံရဲ့ အနီးတစ်ဝိုက်မှာပဲ ရှိရမယ်လို့ ယုံကြည်နေတယ် .... ဒါကြောင့် သူကိုယ်တိုင် အစောင့်အကြပ်တွေကို ဦးစီးပြီး ပန်းခြံတစ်ခုလုံးကို မြေလှန်ပြီး ရှာနေတယ်လေ .... "

ဟိုလင်ဖုန်းက တည်ငြိမ်အေးစက်သောအသံဖြင့် ....

"အစ်ကိုကြီးကို ငါက မင်းရဲ့လျှို့ဝှက်ချက်ကို ပြောပြရမှာပဲ .... "

"ရှင်ပြောတာကို အစ်ကိုကြီးက ယုံတယ်ပဲထားဦး .... ကျွန်မက ရှင်နဲ့အတူ ပူးပေါင်းပြီးကြံတာပါလို့ ပြောလိုက်ရင် ရှင်ကော လွတ်နိုင်ပါ့မလား"

သည်တစ်ကြိမ်တွင်မူ ဟိုလင်ဖုန်းသည် ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ငြိမ်ကျသွား၏။

ဝမ်ကျင်းက ပြုံး၍ ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်ပြီး၊ ဟိုလင်ဖုန်း၏ ပခုံးကိုကိုင်ကာ ညင်သာသောအသံဖြင့် ....



"မောင်က ဉာဏ်ရှိပါတယ် .... ဒီလို ရှုံးမိုက်တဲ့အလုပ်မျိုးကို လုပ်မှာမဟုတ်ပါဘူး၊ အခုလို စည်းစိမ်နဲ့ နေနိုင်လျက်သားနဲ့ ဒီဘဝမျိုးကို မောင်က စွန့်ပစ်ရဲတဲ့ သတ္တိရှိလို့လား"

ဟိုလင်ဖုန်းက ဘာမျှပြန်မပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေ၏။

"အင်း .... ဒီမိန်းကလေးဟာ တကယ့်ကို ကြောက်စရာကောင်းတာပဲ"

ဟိုလင်ဖုန်းက စိတ်ထဲမှ ရေရွတ်လိုက်၏။

"မောင်က ကျွန်မနဲ့ လင်မယားလိုနေခဲ့တာပဲ .... ကျွန်မတို့က လင်မယားပဲပေါ့ .... ကျွန်မက မောင့်ကို ဒုက္ခမပေးပါဘူး"

ဟိုလင်ဖုန်းက ဝမ်ကျင်းကို အတန်ကြာအောင် ငေးစိုက်၍ ကြည့်လိုက်ပြီး ....

"ငါ့ကို ပြောပြပါဦး .... မင်းက ဘယ်သူလဲ၊ ဗိမာန်ဓားကို ရပြီးတဲ့နောက် မင်းက ဘာထပ်လိုချင်သေးလို့လဲ .... "

ဝမ်ကျင်းက ဟိုလင်ဖုန်း၏ အမေးကို မဖြေဘဲ ပန်းခြံဘက်သို့ လှမ်းကြည့်လိုက်ပြီး ....

"ကျွန်မတို့ စကားပြောတာလည်း အတော့်ကို ကြာသွားပြီ၊ အစ်ကိုကြီးကို ခေါ်လိုက်ဦးမယ်"

ဝမ်ကျင်းက ထိုသို့ပြောရင်း 'ဖိန်လေ'ဟု အော်၍ခေါ်လိုက်၏။

ထိုအခါ သစ်ခွပန်းအဆောင်ထဲသို့ အခြွေအရံမကလေးတစ်ဦး ရောက်လာ၏။

"ဖိန်လေ .... အစ်ကိုကြီးကို သွားပြောလိုက်ပါ .... သခင်ကြီး ရန်ကျိုဝေ သတိရလာပြီလို့ .... "

"ဟုတ်ကဲ့ .... "

အခြွေအရံမကလေး ဖိန်လေသည် ခါးကို ကိုင်းညွှတ်ကာ အရိုအသေပြုလိုက်ပြီး သစ်ခွပန်းအဆောင်ထဲမှ ထွက်ခွာသွား၏။

ဟိုလင်ဖုန်းက ဤအခြွေအရံမကလေး ဖိန်လေသည်လည်း ဝမ်ကျင်း၏လူပင် ဖြစ်ရမည်ဟု တစ်ထစ်ချ ယူဆထား၏။

ယခုအခါ မိမိမှာ တကယ်ပင် အင်အားမဲ့နေ၏။

ဖုန်ရွှယ်ကလွဲလျှင် မည်သူ့ကိုမျှ မယုံရတော့ပေ။

သို့သော် ....

ဖုန်ရွှယ်က မိမိပြောသော စကားများကို ယုံကြည်ပါမည် လား။

ထိုစဉ် သစ်ခွန်ပန်းအဆောင်ထဲသို့ ဖုန်ရွှယ်ရောက်လာပြီး

"ညီမလေး မင်းသတိရလာပြီလား၊ ငါ ပေါ့ဆသွားတယ်ကွာ၊ ငါက ဟိုလူသတ်သမားကိုပဲ မဲနေတော့ ပန်းခြံထဲမှာ သူတို့လူ ရှိသေးတယ်ဆိုတာကို မစဉ်းစားမိဘူး .... ညီလေး ဒီလူရဲ့ပုံပန်းသဏ္ဌာန်က ဘယ်လိုလဲ"

ဟိုလင်ဖုန်းက မဖြေခင် ဝမ်ကျင်းက ဖြေလိုက်၏။



"အဲဒီတုန်းက အစ်ကိုကြီးရဲ့ညီလေးက ဒဏ်ရာရနေပြီ .... သူက ဒီလူရဲ့ပုံပန်းသဏ္ဌာန်ကို ဘယ်သတိထားနိုင်ပါ့မလဲ .... ကျွန်မ ကတော့ ဒီလူကို တွေ့လိုက်ရတယ် .... ဒီလူက မျက်နှာမှာ မျက်နှာဖုံး စွပ်ထားတာပဲ"

"ဒီလူက ယောက်ျားလား .... မိန်းမလား"

"ဒီလူက ယောက်ျားပါ .... အရပ်မြင့်ပြီး ဗလကောင်းတယ်"

ဖုန်ရွှယ်က မျက်မှောင်ကုပ်လျက် ....

"ငါက သူ့ကိုမေးနေတာ .... မင်းက ဘာဖြစ်လို့ ဝင်ဖြေနေရတာလဲ"

ဝမ်ကျင်းက ဖုန်ရွှယ်၏စကားကို အရေးမထားဟန်ဖြင့် မဲ့ပြုံးပြုံးလိုက်ပြီး ....

"ကောင်းပါပြီ .... အစ်ကိုကြီး သဘောမကျရင် ကျွန်မ မဖြေတော့ပါဘူး .... ဒါပေမယ့် သူက ဒဏ်ရာရထားတာဆိုတော့ စကားများများပြောလို့ .... "

ဝမ်ကျင်း၏စကားမဆုံးခင်မှာပင် ဖုန်ရွှယ်က မျက်နှာထားတင်းမာစွာဖြင့် ....

"ငါ နားလည်ပါတယ် .... ယောက်ျားတွေ စကားပြောတဲ့အခါ မိန်းမတွေ ဝင်မရှုပ်စမ်းပါနဲ့"

ဖုန်ရွှယ်က ထိုသို့ ပြောလိုက်သောကြောင့် ဟိုလင်ဖုန်းက အလွန်အားရ ကျေနပ်မိသဖြင့် ပြုံးလိုက်မိ၏။

သို့သော် ....

ဝမ်ကျင်းကမျက်နှာတစ်ချက်မျှ မပျက်ဘဲပြုံးနေသောကြောင့် ဟိုလင်ဖုန်းက အံ့အားသင့်သွား၏။

ဖုန်ရွှယ်က ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့၏ အမူအရာကို လုံးဝ သတိမထားမိချေ။

"ညီလေး၊ မင်း သေသေချာချာ စဉ်းစားကြည့်စမ်း .... ဒီလူကဘယ်လိုပုံစံမျိုးလဲ .... မင်းနဲ့သူက ဘယ်နေရာမှာ တွေ့ကြတာလဲ၊ ပြီးတော့ မင်းက ဘယ်လိုလုပ် ဒဏ်ရာရသွားရတာလဲ"

ဟိုလင်ဖုန်းက ဖုန်ရွှယ်၏အမေးကို ချက်ချင်းမဖြေသေးဘဲ စဉ်းစားဟန်ဖြင့် မျက်မှောင်ကုပ်လိုက်ပြီးမှ ....

"ဝမ်ကျင်း ပြောသလိုပါပဲ .... ဒီလူရဲ့မျက်နှာမှာ မျက်နှာဖုံး စွပ်ထားပါတယ် အစ်ကိုကြီး .... ဒီလူက အရပ်မြင့်မြင့် ဗလလည်း တောင့်ပါတယ်"

"မင်းက သူနဲ့ ဘယ်နေရာမှာ တွေ့တာလဲ"

ဖုန်ရွှယ်က အလောတကြီး မေးလိုက်၏။

"ကျွန်မက ဓားမြှုပ်ထားတဲ့ နေရာနားက သစ်ပင်ပေါ်တက်ပြီး ပုန်းနေတုန်း မကြာခင်မှာပဲ အဲဒီနေရာကို လူတစ်ယောက် ရောက်လာတယ် .... ပြီးတော့ သူက ဓားကို တူးတော့တာပဲ"

"ဓားက ငါတို့ တူးကြည့်ခဲ့တဲ့ ဓားရိုးရိုးပဲ မဟုတ်လား"



"အစ်ကိုကြီး ဒီတစ်ချက်တော့ ကျွန်တော်တို့က အကြီးအကျယ် ခံလိုက်ရတာပဲ"

"ဘာဖြစ်လို့လဲကွ"

"အဲဒီရိုးရိုးဓားရဲ့အောက်မှာ တကယ့်ဗိမာန်ဓားကို မြှုပ်ထားတာ"

"ဩော် .... ဒီလိုကိုး၊ တကယ့်ကောင်းတဲ့ အကြံပါလား"

ထိုစဉ် ဟိုလင်ဖုန်းက ဝမ်ကျင်း၏မျက်နှာကို ကြည့်လိုက်မိ၏။

ဝမ်ကျင်း၏မျက်နှာမှာ ကြည်လင်ဝင်းလက်နေ၏။

"ညီလေး .... မင်းက ဒီဗိမာန်ဓားကို တွေ့ပြီး မပိုင်ရင် ဘာဖြစ်လို့ လူတွေကို အော်မခေါ်ရတာလဲ .... မင်းအော်လိုက်လို့ရှိရင် ဗိမာန်ဂေဟာက အစောင့်အကြပ်လူတွေ များများနဲ့ဆို ဒီလူထွက်ပြေးလို့ မရနိုင်ဘူးပေါ့"

ဟိုလင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"အဲဒီအချိန်တုန်းက ကျွန်တော်က အမှောင်ထဲမှာ သူက အလင်းထဲမှာဆိုတော့ ကျွန်တော်က သူ့ကို တားဆီးထားနိုင်တာပေါ့၊ ဒါပေမယ့် ဒီလူက ဒီလောက်အထိ ပါးနပ်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး .... သူက ကျွန်တော့်ကို ဓားပြန်ပေးလိုက်တော့ ကျွန်တော်က ဓားကို လှမ်းယူလိုက်တဲ့အချိန်မှာ သူက ရုတ်တရက် ဓားကိုဆွဲထုတ်

ပြီး ကျွန်တော့်ကို တိုက်လိုက်တာပဲ .... ကျွန်တော်က ဒီအချိန်မှာ အစ်ကိုကြီး .... အစ်ကိုကြီးလို့တောင် အော်လိုက်မိပါသေးတယ်"

"ဟုတ်တယ် .... ကျွန်မလည်း အော်သံကြားလို့ ကမန်းကတန်းလိုက်လာတာတောင် မမီတော့ဘူး"

"ဒီလိုဆိုရင် ဒီဗိမာန်ဓားဟာ ဒီလူရဲ့လက်ထဲကို ပါသွားပြီပေါ့.... ငါတို့က ဒီလူဟာ ဘယ်သူဆိုတာ မသိလိုက်ရတာ အတော့်ကိုခက်တယ်"

"မခက်ပါဘူး .... ဒီလူဟာ တိမ်လွှာဂေဟာကလူပဲ ဖြစ်ရမယ်"

ဝမ်ကျင်း၏စကားကြောင့် ဖုန်ရွှယ်သည်မျက်ခုံးနှစ်ဘက်စလုံး မြင့်တက်သွားပြီး ....

"မင်းက တိမ်လွှာဂေဟာက လူမှန်း ဘယ်လိုလုပ်သိသလဲ"

"ဒီတိမ်လွှာဂေဟာက လူကလွဲရင် ဘယ်သူဖြစ်နိုင်ဦးမှာလဲ၊ သူတို့က အာကာတစ်ခွင် ဓားသိုင်းပြိုင်ပွဲမှာ ပထမဆုကို ထိန်းသိမ်းထားလို့ပေါ့"

ဖုန်ရွှယ်က ခေါင်းခါလိုက်ပြီး ....

"မဟုတ်ဘူး၊ ဒီတိမ်လွှာဂေဟာက လူတွေက ဒီလိုလူစားမျိုးတွေ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဝမ်ကျင်းက မမေးဘဲ ဟိုလင်ဖုန်းက မေးလိုက်ခြင်းဖြစ်၏။



ဟိုလင်ဖုန်းက တိမ်လွှာဂေဟာမှာ ဗိမာန်ဂေဟာ၏ အဓိကရန်သူဟု ထင်မှတ်မိခဲ့၏။

ဝမ်ကျင်းကိုလည်း တိမ်လွှာဂေဟာမှလူ မဖြစ်နိုင်ဟု ငြင်းဆိုလိုက်သောအခါ ဟိုလင်ဖုန်းသည် အလွန်အံ့သြသွား၏။

"ဒီလိုဆိုရင် ဒီလူတွေက ဘယ်သူတွေလဲ"

ဟိုလင်ဖုန်းက အဖြေရှာနေမိ၏။

ထိုစဉ် ဖုန်ရွှယ်က တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

"တိမ်လွှာဂေဟာရဲ့ သခင်ကြီးဖေးဟောင်က ဒေါသသာကြီးတာ လူကတော့ ရိုးသားဖြောင့်မတ်ပါတယ်၊ သူက ဓားသိုင်းပြိုင်ပွဲမှာ ပထမရတုန်းကလည်း ဓားကောင်းနဲ့ပြိုင်လို့ ရတာမှ မဟုတ်တာ .... သူ့အနေနဲ့ ဓားကောင်းကိုလည်း ရစရာမလိုပါဘူး"

"အစ်ကိုကြီးပဲ ပြောခဲ့တယ် မဟုတ်လား .... ဗိမာန်ဓားကို တိမ်လွှာဂေဟာကသာ ရသွားရင် ကျွန်တော်တို့ ဒုက္ခရောက်မယ်ဆို"

ဟိုလင်ဖုန်းက စောဒကတက်လိုက်၏။

"ငါပြောတာက သူတို့ ဒီဓားကို ရသွားရင်လို့သာ ပြောတာပဲ .... သူတို့ ခိုးသွားမယ်လို့ ပြောတာမှ မဟုတ်တာ"

"ဒါက ဘယ်လိုကွာခြားလို့လဲ အစ်ကိုကြီး .... "

"ကွာခြားတာပေါ့ .... တိမ်လွှာဂေဟာရဲ့ ဓားသိုက်ကွက်က ငါတို့ မဟာဂေဟာနဲ့ ဗိမာန်ဂေဟာရဲ့ ဓားသိုင်းကွက်ထက်သာတယ်၊ ဒါတောင် သူတို့က ဓားကောင်း ဓားမြတ် မရှိသေးဘူး .... တကယ်

လို့ သူတို့က ငါတို့ရဲ့ဗိမာန်ဓားကောင်းကို ရသွားရင်တော့ ငါတို့
သူတို့ကို ဘယ်တော့မှ ယှဉ်လို့ရတော့မှာ မဟုတ်ဘူး"

"တိမ်လွှာဂေဟာက မဟုတ်ရင် ဘယ်သူက ဒီဓားကိုနိုင်
မလဲ"

ဖုန်ရွှယ်၏စကားအဆုံးတွင် ဝမ်ကျင်းက ရုတ်တရက်ဝင်
မေးလိုက်လေ၏။

ဖုန်ရွှယ်က ခေါင်းကို တွင်တွင်ခါရမ်းလျက် ....

"ဒါကို ငါတို့ အခုစုံစမ်းရမှာပေါ့ .... ဒီဓားကို နိုးတဲ့လု
မင်းတို့ပြောသလိုဆိုရင် သိုင်းပညာကိုလည်း သိပ်တော်မှာပေါ့
သူက ဒီဓားကိုရပြီးရင် တိမ်လွှာဂေဟာကိုတော့ ပေးမှာမဟုတ်ဘူး
သူကိုယ်တိုင် ဒီဓားနဲ့ နောက်တစ်ကြိမ်ကျင်းပမယ့် အာကာတစ်
ဓားသိုင်းပြိုင်ပွဲမှာ ပထမရအောင် ကြိုးစားမှာပဲ"

"ဒီလိုဆိုရင် ဓားသိုင်းကျင့်နေတဲ့ လူတိုင်းကို သံသယဖြစ်
ပေါ့ ...."

ဝမ်ကျင်းက လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဓားသိုင်းကျင့်တဲ့ လူတွေက များပေမယ့် ဓားသိုင်းပြိုင်
မှာ ပြိုင်နိုင်လောက်အောင် အရည်အချင်းမီတဲ့ လူကတော့ သိပ်မ
ပါဘူး .... ငါတို့က ရှာတွေ့နိုင်မှာပါ"

ဝမ်ကျင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး ..



"ကျွန်မကတော့ ဒီဗိမာန်ဓားကို ယူသွားတဲ့လူဟာ တိမ်လွှာ
ဂေဟာက လူပဲဖြစ်လိမ့်မယ်လို့ ထင်တယ်"

ဖုန်ရွှယ်က ဘာမျှပြန်မပြောဘဲ ငြိမ်သက်နေ၏။

"အစ်ကိုကြီးက ဟိုလူသတ်သမားနောက်ကိုလိုက်သွားတော့
ဘာမှ ခြေရာမခံမိဘူးလား"

ဟိုလင်ဖုန်းက မေးလိုက်၏။

"ပြောရမှာတောင် ရှက်ပါတယ်ကွာ .... အဲဒီအချိန်ကျမှ
တေစောက ထိန်ထိန်လင်းနေတဲ့ လမင်းကြီးဟာ တိမ်တိုက်တွေကြား
ထဲကို ဝင်သွားတော့ ရုတ်တရက်မှောင်သွားတယ် .... ငါက အမှောင်
ရိပ်ထဲမှာ သူ့နောက်ကို စမ်းတဝါးဝါးနဲ့ မနည်းမီအောင် လိုက်ရတယ်၊
သူက သိပ်လျင်တဲ့လူ .... ငါက သူ့ပခုံးမှာ ဒဏ်ရာရအောင် လုပ်နိုင်ခဲ့
တာတောင်မှ သူက လွတ်အောင် ထွက်ပြေးသွားနိုင်သေးတယ်"

ဖုန်ရွှယ်က ထိုသို့ပြောလိုက်တော့မှ ဟိုလင်ဖုန်းသည် ရုတ်
တရက် ဝမ်ကျင်း၏ ဘယ်ဘက်ပခုံး၌ ဒဏ်ရာရခဲ့သည်ကို သတိရ
လိုက်မိ၏။

ဤသို့ဆိုလျှင် ....

မေအော်နှင့် ရှောင်လန်ကို သတ်သူမှာ ဝမ်ကျင်းပင် ဖြစ်ပေ
သည်။

ထိုစဉ်က ဝမ်ကျင်းသည် ယောကျ်ားအဝတ်အစားကို ဝတ်
ဆင်၍ ဖုန်ရွှယ်ကို လှည့်စားလိုက်ခြင်းပင် ဖြစ်လေမည်လား။

ဟိုလင်ဖုန်းက ထိုသို့စဉ်းစားရင်း ချက်ချင်းပင် သဘောပေါက်သွားသည်နှင့် သူ့မျက်နှာမှာ ရုတ်တရက် တည်ငြိမ်သွား၏။

ဟိုလင်ဖုန်းက ယခုလိုအချိန်မျိုးတွင် ညှို့လျှို့ဝှက်ချက်များကို ဖုန်ရွှယ်အား ဖွင့်ပြော၍ မဖြစ်မှန်း နားလည်လိုက်ပါ၏။

ဖုန်ရွှယ်က သူ၏စကားများကို ယုံချင်မှ ယုံပေမည်။

ပြီးနောက် ....

ဖုန်ရွှယ်သည် ဝမ်ကျင်း၏ ထောင်ချောက်ထဲသို့ ကျရောက်သွားမည်ကိုလည်း ဟိုလင်ဖုန်းက စိုးရိမ်မိပြန်၏။

ဟိုလင်ဖုန်းက ဟင်းခနဲ သက်ပြင်းတစ်ချက်ချလျက် ဟန်ပါပါဖြင့် ....

"ဒီလူလွတ်သွားတာ သိပ်နာတာပဲ .... နို့မဟုတ်ရင် ကျွန်တော်တို့က ဒီလူကို ကောင်းကောင်း စစ်မေးလို့ရတယ်"

"ကျွန်မ နည်းလမ်းတစ်ခုတော့ စဉ်းစားမိတယ် .... ကျွန်မတို့က မနေ့ညကရှိတဲ့ လူတွေအားလုံးကို ခေါ်ပြီး ဘယ်ဘက်ပခုံးမှာ ဒဏ်ရာရှိမရှိဆိုတာကို စစ်ဆေးကြည့်ရင် အဖြေပေါ်မှာပဲ"

ဖုန်ရွှယ်က ခေါင်းခါလျက် ....

"ဒီနည်းလမ်းက မကောင်းပါဘူး .... ဒီလူတွေက ညီလေးရဲ့ သူငယ်ချင်းတွေပဲ .... ငါတို့က ဒီလိုဆက်ဆံလိုက်ရင် မျက်နှာပျက်စရာ ဖြစ်သွားမှာပေါ့ .... ဒီကိစ္စကို နောက်မှ ထပ်ဆွေးနွေးကြမယ်"



ဖုန်ရွှယ်က ထိုသို့ပြောပြီး သစ်ခွပန်းအဆောင်ထဲမှ ထွက်ခွာသွားလေတော့သည်။

သစ်ခွပန်းအဆောင်ထဲတွင် ဟိုလင်ဖုန်းနှင့် ဝမ်ကျင်းတို့နှစ်ဦးတည်းသာ ရှိနေကြ၏။

ဝမ်ကျင်းက ဖုန်ရွှယ် သစ်ခွပန်းအဆောင်ထဲမှ ထွက်သွားပြီးနောက် ခနဲ့ပြုံးပြုံးလိုက်ပြီး ....

"အင်း .... ဒီလောက်တောင် ဘဝင်မြင့်တဲ့ မျောက်ကြီးက ဒီတစ်ခါတော့ လူတစ်ဖက်သားကို အားနာတတ်သားပဲ"

"မင်းက ဘာဖြစ်လို့ ငါ့သူငယ်ချင်းတွေကိုခေါ်ပြီး ဘယ်ဘက်ပခုံးမှာ ဒဏ်ရာ ရမရ စစ်ဆေးချင်ရတာလဲ .... ဘာလဲ ငါ့သူငယ်ချင်းတွေထဲမှာ ဒဏ်ရာရသွားတဲ့လူ ရှိလို့လား"

ဟိုလင်ဖုန်းက မေးလိုက်၏။

"ရှိတာပေါ့ .... "

"ဒါဖြင့် ဘယ်သူလဲ .... "

"ရှောင်ထင် .... "

ဝမ်ကျင်းက အေးစက်တည်ငြိမ်စွာဖြင့် အဖြေပေးလိုက်၏။

ဟိုလင်ဖုန်းက ဘာမျှပြန်မပြောတော့ဘဲ နှုတ်ဆိတ်ငြိမ်သက်နေမိ၏။

အခု ရှောင်ထင်က သူလျှိုဖြစ်နေရင် ဘာဖြစ်လို့ ဝမ်ကျင်းက ဖော်ကောင် လုပ်နေရတာလဲ။

သူတို့နှစ်ယောက်က ဂိုဏ်းအဖွဲ့ချင်း မတူလို့လား။

ဟိုလင်ဖုန်းက ထိုသို့ စဉ်းစားနေမိ၏။

ပြီးနောက် ....

ဗိမာန်ဓားသည် ဗိမာန်ဂေဟာထဲတွင်သာ ရှိဦးမည်ဟု သူက တစ်ထစ်ချ ယုံကြည်နေမိ၏။

ဟိုလင်ဖုန်းမှာ ဒဏ်ရာကြောင့် သစ်ခွပန်းအဆောင်ထဲမှ ခုတင်ပေါ်တွင် လဲလျောင်းအနားယူနေရ၏။

အိပ်ရာထဲတွင် တစ်ချိန်လုံး လဲလျောင်းနေရသဖြင့် ဟိုလင်ဖုန်းသည် စိတ်ပျက်ငြီးငွေ့လာမိ၏။

ယခု သူအိပ်ရာထဲတွင် လဲလျောင်းနေသည်မှာ သုံးရက်တိတိ ပင်ရှိခဲ့ပြီဖြစ်သည်။

ထိုသုံးရက်စလုံးတွင် ဝမ်ကျင်းသည် ဟိုလင်ဖုန်း၏အနားမှ လုံးဝမခွာဘဲ ကြင်နာစွာဖြင့် ယုယပြုစုနေခဲ့သည်။

အမှန်မှာ ဝမ်ကျင်းသည် ဟိုလင်ဖုန်းကို ကြင်နာစွာဖြင့် ယုယ ပြုစုနေသလိုနှင့် စောင့်ကြပ်နေခြင်းသာ ဖြစ်ပါသည်။

ဖုန်ရွှယ်မှာလည်း ဤရက်အတောအတွင်း တစ်ချက်ကလေးမျှ အနားမယူဘဲ ဗိမာန်ဂေဟာသို့ ရောက်ရှိလာလိုက်၊ ထွက်သွားလိုက် ဖြင့် ဗိမာန်ဓားကို ခြေရာခံနေလေ၏။

သို့ရာတွင် ဗိမာန်ဓားနှင့် ပတ်သက်၍ ဘာမျှသတင်းထူးမရ ခဲ့သေးချေ။



ယနေ့ နံနက်စောစောတွင် ဖုန်ရွှယ်သည် ပင်ပန်းနွမ်းနယ်စွာဖြင့် ရောက်ရှိလာပြီး သစ်ခွပန်းအဆောင်ထဲ ဝင်လာခဲ့သည်။

"ညီလေး .... မင်းဒဏ်ရာ ဘယ့်နှယ်နေသေးသလဲ .... သက်သာတယ် မဟုတ်လား"

ဟိုလင်ဖုန်းက ခေါင်းညိတ်လိုက်ပြီး ....

"အစ်ကိုကြီးလည်း ပင်ပန်းနေရောပေါ့ .... ကျွန်တော်တို့က ဒီဓားမရှိလည်း တိမ်လွှာဂေဟာထက် ဓားသိုင်းပညာမှာ တော်အောင်ကြိုးစားလို့ရပါတယ်"

ဖုန်ရွှယ်က မဲ့ပြုံးပြုံးလျက် ....

"ဒါတော့ ဟုတ်ပါတယ် .... ငါက မခံချင်လွန်းလို့ ဒီဗိမာန်ဓားကို စုံစမ်းပြီးလိုက်ရှာနေတာပါပဲ"

"အစ်ကိုကြီးက ဘယ်လိုစုံစမ်းခဲ့သလဲ .... "

ဝမ်ကျင်းက ရုတ်တရက် ဝင်၍မေးလိုက်၏။

"ငါ ဒီရက်အတောအတွင်းမှာ ဒီအနီးအနားတစ်ဝိုက် မိုင်ငါးဆယ်ပတ်လည်အထိ လှည့်လွှတ်ပြီး စုံစမ်းခိုင်းထားတယ် .... ပြီးတော့ ငါက သူတောင်းစားဂိုဏ်းအဖွဲ့ကိုတောင် အကူအညီတောင်းပြီး ရှာခိုင်းလိုက်သေးတယ် .... ဒါပေမယ့် သတင်းက လုံးဝမရသေးဘူး .... ဒီဓားက အတောင်ပေါက်ပြီး ပျံသွားလို့လား"

ဖုန်ရွှယ်၏မျက်နှာမှာ မခံချင်စိတ်ကြောင့် တင်းမာနေပြီး သူ့အသံမှာလည်း ကျယ်လောင်သွားလေသည်။

"အစ်ကိုကြီး .... ဒီဓားက ဒီအနီးအနားမှာပဲ ရှိဦးမယ်ထင်တယ်"

ဟိုလင်ဖုန်းက အသံတိုးတိုးဖြင့် ပြောလိုက်၏။

"အစ်ကိုကြီး .... လူတစ်ယောက်ဆီမှာ သွားစုံစမ်းပါလား၊ ဒီလူက ဒီမြို့က သတင်းမှန်သမျှကို သိနေတယ်"

ဝမ်ကျင်းက အကြံပေးလိုက်၏။

"ဒီလူက ဘယ်သူလဲ"

ဖုန်ရွှယ်က သိချင်ဇောဖြင့် ကပျာကယာမေးလိုက်၏။

"ရှောင်ထင်လေ .... သူက အစ်ကိုကြီးညီလေးရဲ့သူငယ်ချင်းပဲ .... "

"သြော် .... သူလား"

"သူ့ကို အထင်မသေးနဲ့ အစ်ကိုကြီး .... သူက ဒီနယ်တစ်ဝိုက်မှာ ခုဆိုရင် အပေါင်းအသင်း အများဆုံးပဲ .... ဘယ်ကိစ္စမဆို သူမသိတာ မရှိဘူး .... သူ့ကိုသွားမေးရင် အကူအညီရချင်ရမှာပါ"

"ငါ .... သူ့ဆီကို သွားပြီးပြီ .... သူ အိမ်မှာမရှိဘူး"

"သူ .... အိမ်မှာမရှိဘူး .... ဟုတ်လား .... သူက ဘယ်သွားနေလို့လဲ .... "

"သူ့ရဲ့မိတ်ဆွေတစ်ယောက်က သူ့ကို လန်ဖုန်းမြို့ကို အလည်ခေါ်သွားတယ်တဲ့ .... ဒီကနေ့အထိ သူ ပြန်မရောက်သေးဘူး"



"သူ အိမ်မှာ မရှိတာ သေချာရဲ့လား အစ်ကိုကြီး .... "

"သေချာတာပေါ့ .... ငါကိုယ်တိုင် သူ အိမ်ကိုသွားကြည့်ပြီးပြီ .... သူ တကယ်အိမ်မှာမရှိတာ"

"ဒီလိုဆို အံ့သြစရာပဲ .... သူက ဘယ်နှယ့် .... ဒီ .... ဗိမာန်ဓားပျောက်တဲ့ အချိန်မှာ အိမ်ကနေထွက်သွားရတာလဲ .... "

"ဝမ်ကျင်း .... မင်း ဒီလိုမပြောနဲ့ .... သူ့မှာ ကိစ္စတစ်ခုခုရှိနေလို့ ဖြစ်မှာပေါ့ .... "

ဖုန်ရွှယ်နှင့် ဝမ်ကျင်း ပြောသမျှကို တစ်ချိန်လုံး ငြိမ်သက်လျက် နားထောင်နေသော ဟိုလင်ဖုန်းက ရုတ်တရက် ဝင်၍ပြောလိုက်၏။

ဝမ်ကျင်းက နှုတ်ခမ်းစူလျက် ....

"အစ်ကိုကြီးရဲ့ညီလေးကတော့ သူ့ရဲ့သူငယ်ချင်းတွေဘက်ကကာကွယ်ဖို့ပဲ သိတယ် .... ဗိမာန်ဓားကိုယူသွားတဲ့လူဟာ ရှောင်ထင်လဲ ဖြစ်နိုင်တာပဲ"

ဖုန်ရွှယ်က ခေါင်းခါယမ်းလျက် ....

"မဖြစ်နိုင်ပါဘူး .... ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးဗိမာန်ဂေဟာထဲက ထွက်သွားတုန်းက ငါကိုယ်တိုင် စစ်ဆေးပြီးပြီ.... ဘယ်သူကမှ ဓားကို ယူသွားလို့ မရပါဘူး"

ဝမ်ကျင်းက သူမ၏ကော့ပျံရှည်လျားသော မျက်တောင်ကို ပုတ်ခတ်လိုက်ရင်း ....

"ဒီလိုကော မဖြစ်နိုင်ဘူးလား .... ရောင်ထင်က ဓားကို ချက်ချက်ယူမသွားသေးဘဲ ဗီမာန်ဂေဟာရဲ့ တစ်နေရာရာမှာ ဝှက်ထားပြီး နောက်မှာ တိတ်တိတ်ကလေး လာယူသွားရင်ကော .... "

ဖုန်ရွှယ်က မေးစေ့ကိုလက်ဖြင့် ပွတ်သပ်လိုက်ရင်း ....

"အေး .... ဒါလည်းဖြစ်နိုင်တာပဲ"

ထိုစဉ် ဟိုလင်ဖုန်းက အော်၍ပြောလိုက်၏။

"လုံးဝမဖြစ်နိုင်ဘူး"

ဖုန်ရွှယ်က အံ့အားသင့်သွားဟန်ဖြင့် ဟိုလင်ဖုန်းဘက်သို့ လှည့်လျက် ငေးကြောင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

ဝမ်ကျင်း၏မျက်နှာမှာမူ ရုတ်ခြည်းတင်းမာ ခက်ထန်သွား၏။

ဟိုလင်ဖုန်းက အရေးမစိုက်ဟန်ဖြင့် ဆက်လက်ပြောလိုက်၏။

"ဟိုနေ့က လူသတ်သမားနဲ့ ဓားကိုယူသွားတဲ့လူဟာ တစ်ယောက်တည်းမှ မဟုတ်တာ .... သူတို့ကနှစ်ယောက်ပဲ .... တစ်ယောက်က အိမ်အရှေ့ဘက်ကိုပြေးသွားပြီး .... နောက်တစ်ယောက်က ပန်းခြံရဲ့ အနောက်ဘက်ကို ပြေးသွားတာပဲ .... ဓားတိုယူသွားတဲ့လူက အရပ်မြင့်ပြီး ဗလတောင့်တယ် .... ရောင်ထင်က အရပ်မြင့်ပြီး ဗလတောင့်တဲ့လူမှ မဟုတ်တာ .... "



အမှန် ဟိုလင်ဖုန်းက လူသတ်သမားနှင့်ဓားကို တူးဖော်ယူသွားသူမှာ တစ်ယောက်တည်းပင်ဖြစ်ကြောင်းကို သိပါ၏။

ထိုသူမှာ ဝမ်ကျင်းပင် မဟုတ်ပါလား။

ယခုကဲ့သို့ ရောင်ထင်ဘက်မှ ဟိုလင်ဖုန်းက ခုခံ၍ ပြောနေရသည်မှာလည်း ရောင်ထင်ကို ခင်တွယ်လွန်း၍ မဟုတ်ပါ။ ဝမ်ကျင်းကို မကျေနပ်သောကြောင့်သာ ဖြစ်ပါ၏။

ဝမ်ကျင်းက သူမထင်မြင်ချက်ကို 'လုံးဝမဖြစ်နိုင်ဘူး' ဟု ငြင်းဆိုလိုက်သော ဟိုလင်ဖုန်း၏စကားကြောင့် ဒေါသထောင်းခနဲ ထွက်သွားသော်လည်း အချိန်မီပင် သူ့ဒေါသကို ထိန်းချုပ်လိုက်ပြီး၊ ခနဲ့ပြုံးပြုံးလျက် ....

"သူတို့နှစ်ယောက် တစ်ဂိုဏ်းတည်းဖြစ်နိုင်တယ် .... တစ်ယောက်က ဓားကိုဝှက်ပြီး နောက်တစ်ယောက်က ဓားကိုယူသွားတာကော မဖြစ်နိုင်ဘူးလား"

"ဒီလိုဆိုရင် အဲဒီလူနှစ်ယောက်တည်းက တစ်ယောက်ဟာ ရောင်ထင်လို့ မင်းက ဆိုလိုတာလား"

ဟိုလင်ဖုန်းက အသံခတ်ပြတ်ပြတ်ဖြင့် မေးလိုက်၏။

ဝမ်ကျင်းက မျက်မှောင်တစ်ချက် ကုပ်လျက် ....

"ကျွန်မက ရောင်ထင်လို့ အတိအကျပြောနေတာ မဟုတ်ဘူး၊ ကျွန်မက ခန့်မှန်းပြီး ပြောတာပဲ"

"ငါကလည်း အဖြစ်မှန်ကို အကဲခတ်ပြီးပြောတာပဲ"

ထိုစဉ် ဖုန်ရှယ်က လက်ကိုကာလျက် ....

"တော်ပါပြီ .... ဒီကိစ္စကို စိတ်အေးလက်အေးနဲ့ ဆွေးနွေးကြပါ .... စကားများစရာ မလိုပါဘူး .... ရှောင်ထင် ခြေရာပျောက်သွားတာက သံသယဖြစ်စရာပဲ .... ငါ ဒီကိစ္စကို စုံစမ်းရမယ်"

"ဟုတ်တယ် အစ်ကိုကြီး .... အမြန်ဆုံးစုံစမ်းမှ ဖြစ်မယ်၊ တော်ကြာ ရှောင်ထင်ရဲ့ဒဏ်ရာက ကောင်းသွားရင် ကျွန်တော်တို့ဘာမှ သက်သေအထောက်အထား ရတော့မှာ မဟုတ်ဘူး"

"ငါ သိပါတယ် .... ငါ အခု ဗိုက်ဆာနေပြီ .... ဝမ်ကျင်းမင်း ငါတို့အတွက် စားဖို့သောက်ဖို့ စီစဉ်လိုက်ပါဦး .... အရက်ပါယူလာခဲ့ပါ"

"ကောင်းပါပြီ .... ကျွန်မ ဖိန်လေကို ခိုင်းလိုက်ပါ့မယ်"

ဖုန်ရှယ်က ရယ်လျက် ....

"ညီမလေး .... မင်းကိုယ်တိုင် သွားချက်လိုက်ပါ .... မင်းရဲ့ကြက်ဥပေါင်းကို ငါ မစားရတာ ကြာပြီ .... မင်းက ကြက်ဥပေါင်းချက်တာ သိပ်တော်တာပဲ"

ဝမ်ကျင်းက ရုတ်တရက် ငိုင်တွေတွေဖြစ်သွားပြီးမှ ပြုံးလိုက်ပြီး ....

"ကျွန်မ မီးဖိုချောင်ကိုဝင်ပြီး မချက်တာ အတော့်ကိုကြာသွားပါပြီ .... ဒါပေမယ့် ကျွန်မ စမ်းပြီး ချက်ကြည့်လိုက်မယ်လေ.... စားလို့ကောင်းရင်တော့ အစ်ကိုကြီးက ကျွန်မကို အပြစ်မတင်နဲ့နော်"



"အပြစ်မတင်ပါဘူးကွာ .... မင်းကိုယ်တိုင်ချက်ရင် စားလို့ကောင်းမှာပါ"

ဖုန်ရှယ်က ထိုသို့ပြောလိုက်စဉ် ဝမ်ကျင်းက ဟိုလင်ဖုန်းကို လှမ်းကြည့်လိုက်ပြီး ....

"မောင် သိပ်စကားမပြောနဲ့နော် .... မောင့်ဒဏ်ရာက သိပ်မကောင်းသေးဘူး"

"အေးပါကွာ .... ငါ နားလည်ပါတယ် .... ငါက ငါ့ကိုယ်ငါစောင့်ရှောက်တတ်ပါတယ်"

ဟိုလင်ဖုန်းက ပြုံးပြီးပြောလိုက်၏။

ဝမ်ကျင်းက မျက်စောင်းတစ်ချက်ထိုးလျက် ....

"ဒီက စိတ်ပူလို့ပြောတာ မောင်ရေ့ .... မောင် နားလည်ရင်တော့ ကျွန်မ ဘာမှမပြောတော့ဘူး .... ကဲ .... ကျွန်မ မီးဖိုချောင်ထဲဝင်ပြီး ချက်လိုက်ဦးမယ်"

ဝမ်ကျင်းက ထိုသို့ပြောရင်း သစ်ခွပန်းအဆောင်ထဲမှထွက်ခွာသွားလေ၏။

သစ်ခွပန်းအဆောင်မှ ဝမ်ကျင်း ထွက်ခွာသွားသည်ကို ဖုန်ရှယ်က ငေးကြည့်ရင်း မျက်မှောင်တစ်ချက် ကုပ်လိုက်၏။

ဖုန်ရှယ်၏ မျက်လုံးအစုံတွင်လည်း ထူးဆန်းလျှို့ဝှက်သောအရိပ်အယောင်များက ချက်ချင်းပင် အထင်းသားပေါ်လွှင်လာ၏။

ဟိုလင်ဖုန်းက အသံတိုးတိုးဖြင့် ....

"အစ်ကိုကြီးက ဘာဖြစ်လို့ မျက်မှောင်ကုပ်ရတာလဲ ...."

ဖုန်ရွှယ်က ဟိုလင်ဖုန်းဘက်သို့ လှည့်လျက် ....

"ဘာမှ မဖြစ်ပါဘူး .... ငါ့စိတ်ထဲမှာ အံ့သြနေတာက မင်းတို့ကို ငါ မတွေ့ရတာ နှစ်နှစ်လောက်ပဲ ရှိသေးတယ် .... မင်းတို့အားလုံး ပြောင်းလဲနေကြပြီပဲ"

ဖုန်ရွှယ်၏စကားကြောင့် ဟိုလင်ဖုန်း၏ရင်သည် တထိတ်ထိတ်ခုန်သွားရပြီး သူက ရန်ကျိဝေအဖြစ် ဟန်ဆောင်ထားခြင်းကို ဖုန်ရွှယ် သိသွားလေပြီလားဟု မလုံမလဲ ဖြစ်နေမိ၏။

ဟိုလင်ဖုန်းက ဖုန်ရွှယ်ကို မဝံ့မရဲ လှမ်းကြည့်လိုက်ပြီး ....

"အစ်ကိုကြီးက ကျွန်တော်တို့ကို ပြောနေတာလား .... ပြောင်းလဲနေပြီဆိုတာ ကျွန်တော်လား .... ဝမ်ကျင်းလား ...."

"မင်းတို့နှစ်ယောက်စလုံးပဲ .... "

ဖုန်ရွှယ်က ဟိုလင်ဖုန်းကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြောလိုက်၏။

ဟိုလင်ဖုန်း၏ရင်သည် စောစောကထက်ပင် ပို၍ခုန်သွားရတော့သည်။

ထိုစဉ် ဖုန်ရွှယ်က ပြုံးလိုက်ပြီး ....

"မင်း အရင်ကထက်တောင် ဉာဏ်ရည်ပိုကောင်းလာပြီး .... စိတ်ဓာတ်လည်း ခိုင်မာလာတယ် .... ပြီးတော့ မင်းက ယောကျ်ား



ပီသလာတယ် .... ညီမလေးဝမ်ကျင်းကတော့ အရင်ကထက် ပိုပြီး ပါးနပ်သလိုပဲ .... "

ဖုန်ရွှယ်က ထိုသို့ ပြောလိုက်တော့မှ ဟိုလင်ဖုန်းသည် တိတ်တခိုး သက်ပြင်းချလိုက်ပြီး ....

"အစ်ကိုကြီး .... ဝမ်ကျင်းက ဘယ်လိုပါးနပ်လာတာလဲ"

ဖုန်ရွှယ်က ဟိုလင်ဖုန်း၏အမေးကို မဖြေဘဲ တခြားစကားများကို ပြောလိုက်၏။

"သူက အရင်တုန်းက မီးဖိုချောင်ကို တစ်ခါမှ မဝင်ဖူးဘူး.... နောက်ပြီး ဘယ်တော့မှလည်း ကြက်ဥပေါင်း မချက်ဖူးဘူး .... "

ဟိုလင်ဖုန်း၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားပြီး ပါးစပ်အဟောင်းသားဖြင့် ဖုန်ရွှယ်ကို ငေးကြည့်နေမိ၏။

ဖုန်ရွှယ်က ဝမ်ကျင်းအစစ် မဟုတ်မှန်း သိသွားသည်မှာ သေချာနေပြီဖြစ်၏။

ထို့ကြောင့် ....

ဟိုလင်ဖုန်းက ဝမ်းသာသွားမိသည်။

သို့သော် သူ့ကိုလည်း ရန်ကျိဝေအစစ်မဟုတ်မှန်း သိသွားလေပြီလားဟု စိုးရိမ်ပူပန်နေမိပြန်သည်။

ဖုန်ရွှယ်သည် အမှန်ပင် လိမ္မာပါးနပ်သူ ဖြစ်၏။

သူက ဝမ်ကျင်းကို သံသယရှိနေသောကြောင့် ယခုကဲ့သို့ ကြက်ဥပေါင်းဖြင့် စမ်းသပ်လိုက်ခြင်းပင် ဖြစ်၏။

ဟိုလင်ဖုန်းက အမှန်အတိုင်း ဝန်ခံလိုက်ရန်ပင် စိတ်ကူးလိုက်သေး၏။

သို့ရာတွင် နှုတ်မှ ပြောမထွက်ခဲ့ပေ။

"ညီလေး .... မင်းနဲ့ သူနဲ့ လင်မယားတွေပဲ .... နည်းနည်းကလေးမှ မရိပ်မိဘူးလား"

ဖုန်ရွှယ်က လေသံတိုးတိုးဖြင့် မေးလိုက်၏။

"အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ"

"ဝမ်းကျင်းက ဝမ်းကျင်း အစစ်မဟုတ်ဘူး .... ဝမ်းကျင်းအတု"

ဖုန်ရွှယ်က တစ်လုံးချင်း လေးလေးပင်ပင် ပြောလိုက်၏။

"ဩော် .... ဟုတ်လား အစ်ကိုကြီး"

ဟိုလင်ဖုန်းက အာမေဋိတ်သံဖြင့် ပြောလိုက်၏။

"ငါ ဒီကို ပထမဦးဆုံး ရောက်တဲ့နေ့ကစပြီး သတိထားမိတာပဲ .... သူ့ရဲ့အသံက ဝမ်ကျင်းရဲ့အသံနဲ့ မတူဘူး .... ဒါပေမယ့် ငါက ဒီကိစ္စကို သိပ်အရေးမထားပေမယ့် ဒီရက်တွေမှာ သူ့ရဲ့အပြောအဆို အမူအရာတွေက မသင်္ကာစရာ ဖြစ်လာတယ် .... စောစောတုန်းက .... "

ထိုစဉ် ခြေသံကြားလိုက်ရသဖြင့် ဟိုလင်ဖုန်းက အသံတိုးတိုးဖြင့် ကပျာကယာ ပြောလိုက်၏။

"အစ်ကိုကြီး သတိထား .... "



စောစောက ခြေသံမှာ အခြွေအရံကလေး ဖိန်လေ၏ခြေသံပင်ဖြစ်၏။

ဖိန်လေသည် အပြင်ဘက်မှ ခေါင်းပြူ၍ သစ်ခွပန်းအဆောင်ထဲသို့ လှမ်းကြည့်နေ၏။

ပြီးမှ သစ်ခွပန်းအဆောင်အနီးမှ ပြန်လည်ထွက်ခွာသွားလေသည်။

ဖုန်ရွှယ်က တိုးညင်းသောလေသံဖြင့် ....

"သူတို့က မင်းကို အကျပ်ကိုင်ထားသလား .... "

"အစ်ကိုကြီး .... ဒီကိစ္စက အတော်ကို ရှုပ်ထွေးနေတယ်.... အစ်ကိုကြီး နားလည်အောင် သေသေချာချာ ရှင်းပြမှဖြစ်မယ် .... ပြီးတော့ အစ်ကိုကြီး ဒီအကြောင်းတွေကို သိသွားပြီဆိုတာ သူတို့မရိပ်မိပါစေနဲ့ .... ဒီညသန်းခေါင်ကျော် အချိန်မှာ အစ်ကိုကြီး ဧည့်ခန်းကို လာခဲ့ပါ .... ကျွန်တော် ဒီကိစ္စအားလုံးကို ရှင်းပြပါ့မယ် .... "

ထိုစဉ် အပြင်ဘက်ကမှ ခြေသံများ ကြားလိုက်ရသဖြင့် သူတို့နှစ်ဦးသည် စကားဆက်မပြောကြတော့ဘဲ နှုတ်ဆိတ်နေလိုက်ကြ၏။

သစ်ခွပန်းအဆောင်ထဲသို့ ဝင်လာသူမှာ ဝမ်ကျင်းနှင့် အခြွေအရံမလေးနှစ်ဦးပင်ဖြစ်ပါ၏။

အခြွေအရံမကလေးနှစ်ယောက်က အရက်နှင့်စားသောက်ဖွယ်ရာများကို ယူလာပြီး သစ်ခွပန်းအဆောင်ထဲရှိ ကျွန်းစားပွဲပေါ်တွင် ပြင်ဆင်ချခင်းပေးလိုက်၏။

ဝမ်ကျင်းက ပြုံးရယ်လျက် ....

"ကဲ .... အစ်ကိုကြီး ဗိုက်ဆာနေပြီဆို .... သုံးဆောင်လိုက်ပါဦး .... ကျွန်မလက်ရာက မကောင်းရင် အပြစ်မတင်ရဘူးနော်"

ဖုန်ရှုယ်က ပြုံးရယ်လျက် ....

"ငါကတော့ စားရရင် ကျေနပ်ပါပြီ .... သူများကို အပြစ်မတင်တတ်ပါဘူး .... "

ဖုန်ရှုယ်နှင့် ဟိုလင်ဖုန်းတို့ နှစ်ဦးစလုံးက ဝမ်ကျင်းကို အကဲခတ်သော မျက်လုံးအစုံဖြင့် မသိမသာ တိတ်တခိုး လှမ်းကြည့်လိုက်ကြ၏။

သို့သော် ....

ဝမ်ကျင်းမှာ အမူအရာ တစ်ချက်ကလေးမျှပင် မပျက်ခဲ့ချေ။

ဖုန်ရှုယ်က ကျွန်းစားပွဲအနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ကြက်ဥပေါင်းကို စားလိုက်ပြီး ....

"ညီမလေးချက်တဲ့ ကြက်ဥပေါင်းက စားလို့ သိပ်ကောင်းတယ် .... အရင်တုန်းက လက်ရာအတိုင်းပဲ .... "

"ကျွန်မက မီးဖိုချောင်ထဲကို မဝင်တာကြာပြီဆိုတော့ ကျွန်မချက်တဲ့ ကြက်ဥပေါင်းက စားလို့မှ ကောင်းပါ့မလားလို့ စိတ်ပူနေတာ၊ အစ်ကိုကြီးက စားလို့ကောင်းတယ်ဆိုတော့ တော်သေးတာပေါ့"

ယခုအချိန်အထိ ဝမ်ကျင်းသည် မျက်နှာတစ်ချက်ကလေးမျှ



မပျက်သေးဘဲ ပြုံးရွှင်သော မျက်နှာထားဖြင့် ဖုန်ရှုယ်ကို လှမ်းကြည့်လိုက်ပြီး စကားဆက်၍ ပြောလိုက်၏။

"အစ်ကိုကြီး ကြိုက်တတ်တဲ့ ကြက်ဥပေါင်းကို ကျွန်မ နေ့တိုင်းချက်ပေးမယ်လေ .... ကဲ .... အစ်ကိုကြီး အားရပါးရ စားသောက်လိုက်ပါဦး .... "

ဖုန်ရှုယ်က အရက်ကိုငှဲ့လိုက်ပြီး မော့သောက်လိုက်ရင်း ....

"ညီမလေးပဲ အရက်သောက်ပါလား"

"ဟင့်အင်း .... ကျွန်မ မနက်အစောကြီး အရက်သောက်တတ်တဲ့အကျင့် မရှိဘူး .... အစ်ကိုကြီးပဲ သောက်ပါ"

"အင်း....ငါကလည်း အရက်ကို တစ်ယောက်တည်းမသောက်တတ်ဘူး ညီမလေး .... မင်း ငါနဲ့အတူ အရက်သောက်ပါလား"

ဖုန်ရှုယ်က ထိုသို့ပြောရင်း အရက်ကို ငှဲ့လိုက်၏။

ပြီးနောက် အရက်ခွက်ကို ဝမ်ကျင်းအား ပေးလိုက်ပြီး ....

"ကဲ .... ဝမ်ကျင်း၊ အရက်ခွက်ကို ညီလေးကို ပေးလိုက်ပါ၊ ညီလေး အရက်သောက်ပါစေ"

ဝမ်ကျင်းက အရက်ခွက်ကို လှမ်းယူလိုက်၏။

ထိုစဉ် ဟိုလင်ဖုန်းသည် ခုတင်ပေါ်မှ အားယူ၍ ထလိုက်ပြီး ခုတင်ပေါ်တွင် ထိုင်လိုက်၏။

"အစ်ကိုကြီးရဲ့ ညီလေးကတော့ အရက်သာ သောက်ရမယ်ဆိုရင် ဘယ်လောက်ပဲ ဒဏ်ရာရနေပါစေ သောက်မှာပဲ .... အခုကြည့်

လေ .... ခုဘင်ပေါ်မှာ ငေါက်ခနဲ ထထိုင်နေတာ"

ဝမ်ကျင်းက ထိုသို့ပြောရင်း အရက်ခွက်ကို ဟိုလင်ဖုန်းအား ပေးလိုက်၏။

ဟိုလင်ဖုန်းက အရက်ခွက်ကို လှမ်းယူလိုက်ပြီး ချက်ချင်းပင် မော့သောက်လိုက်၏။

"ဒီအရက်ရဲ့အရသာ ဘယ်လိုနေသလဲ"

ဖုန်ရွှယ်က နောက်ထပ် အရက်တစ်ခွက် သောက်လိုက်ပြီး ဟိုလင်ဖုန်းအား လှမ်း၍ပေးလိုက်၏။

"မဆိုးပါဘူး .... သောက်လို့ ကောင်းသားပဲ အစ်ကိုကြီး"

"နည်းနည်း မချဉ်ဘူးလား .... "

"ဒီအရက်ရဲ့အရသာကိုက ချဉ်လို့များလားမှ မသိတာ"

ဟိုလင်ဖုန်းက ထိုသို့ပြောရင်း အရက်ခွက်ကို ဝမ်ကျင်းအား လှမ်းပေးလိုက်ပြီး ....

"နောက်ထပ် တစ်ခွက်လောက် ပေးပါဦး .... "

ဝမ်ကျင်းက အရက်ခွက်ကို လှမ်းယူလိုက်ပြီး ....

"မောင်က ဒဏ်ရာရထားတော့ အရက်သိပ်မသောက်ပါနဲ့ .... ဒီတစ်ခွက် သောက်ပြီးရင် တော်တော့နော် .... "

ဟိုလင်ဖုန်းက ခေါင်းညိတ်ပြလိုက်၏။

ဝမ်ကျင်းက ဟိုလင်ဖုန်းအတွက် အရက်တစ်ခွက်နောက်ထပ် ငှဲ့လိုက်ပြီး အရက်ခွက်ကို ဟိုလင်ဖုန်းအား ပေးလိုက်၏။



ဟိုလင်ဖုန်းသည် ဝမ်ကျင်းထံမှ အရက်ခွက်ကို လှမ်းယူလိုက်ပြီး မော့သောက်လိုက်ပြန်၏။

"ဘယ်လိုလဲ ဒီအရက်က ချဉ်တယ်မဟုတ်လား"

ဖုန်ရွှယ်က ဟိုလင်ဖုန်းကို မေးလိုက်ပြန်၏။

"ဟုတ်တယ် အစ်ကိုကြီး .... ချဉ်တယ်"

"အမှန်ဆိုရရင် ဒီအရက်က မချဉ်ရဘူး .... လူတစ်ယောက်ယောက်က အရက်ထဲကို တစ်ခုခုထည့်လိုက်လို့ ချဉ်သွားတာ"

ဟိုလင်ဖုန်းက အံ့အားသင့်သွားပြီး ....

"ဒီအရက်ထဲကို လူတစ်ယောက်ယောက်က တစ်ခုခုထည့်လိုက်တယ် ဟုတ်လား"

"အေး .... ဟုတ်တယ် .... မင်း မယုံရင် ဝမ်ကျင်းကို မေးကြည့်ပါလား"

ဟိုလင်ဖုန်းက ဝမ်ကျင်းကို ငေးစိုက်၍ကြည့်လိုက်ရင်း .... မေးရန်ဟန်ပြင်လိုက်၏။

ဝမ်ကျင်းက ဟိုလင်ဖုန်း မမေးခင်မှာပင် တည်ငြိမ်အေးစက်သောအသံဖြင့် ....

"ဟုတ်တယ် .... ကျွန်မကိုယ်တိုင် အရက်ထဲကို သိုင်းဖျက်ဆေးမှုန့်ခတ်ထားလိုက်တာပဲ .... "

ဝမ်ကျင်း၏အသံက တည်ငြိမ်အေးစက်နေသလို သူမ၏ မျက်နှာမှာလည်း ပကတိ တည်ငြိမ်လျက် ကြွေရုပ်ရလွန်း၏။

သိုင်းဖျက်ဆေးမှုန့်ကို သောက်မိသော သူသည် မိမိ၏သိုင်းပညာအားလုံးကို ထိန်းချုပ်ခြင်း ခံလိုက်ရပြီး၊ သိုင်းပညာမတတ်သော ရိုးရိုးသာမန်လူ တစ်ယောက်ကဲ့သို့ ဖြစ်သွား၏။

"မင်းက ဘာသဘောနဲ့ ဒီဆေးမှုန့်ကို အရက်ထဲမှာထည့်လိုက်ရတာလဲ"

ဟိုလင်ဖုန်းက အံ့သြတုန်လှုပ်စွာဖြင့် အော်၍ပြောလိုက်၏။

ဝမ်ကျင်းက ခနဲ့ပြုံးပြုံးလျက် ....

"ဘာသဘောမှ မဟုတ်ပါဘူး .... အစ်ကိုကြီးရဲ့သိုင်းပညာက သိပ်အဆင့်မြင့်နေတော့ ကျွန်မတို့က ဘယ်နည်းနဲ့မှ အစ်ကိုကြီးကို ယှဉ်လို့ရမှာ မဟုတ်ဘူး .... ဒါကြောင့် အခုလို ကြိုတင်ပြီး ကာကွယ်လိုက်ရတာပါ .... "

ဖုန်ရွှယ်က ဟားတိုက်၍ ရယ်လိုက်ပြီး ....

"မင်းက ငါ့ကို အစ်ကိုကြီးလို့ ခေါ်တုန်းပဲလား .... "

"ဘာဖြစ်လို့ မခေါ်ရမှာလဲ .... ကျွန်မက အစ်ကိုကြီးရဲ့ညီမပဲ .... "

ဖုန်ရွှယ်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်သည်။

"ငါက မင်းရဲ့အစ်ကိုကြီး ဟုတ်လား"

"ဟုတ်တယ်လေ .... ကျွန်မရဲ့အစ်ကိုကြီးကို ကျွန်မက အစ်ကိုကြီး မခေါ်ရတော့ဘူးလား .... "



"အေး ကောင်းတယ် .... ကောင်းတယ် .... မင်းခေါ်ချင်သလို ခေါ်ပေတော့ .... ငါ စိတ်မဆိုးပါဘူး .... "

ဖုန်ရွှယ်က ထိုသို့ပြောရင်း အရက်ကိုငှဲ့လျက် မော့သောက်လိုက်ပြန်သည်။

ဟိုလင်ဖုန်းက ဖုန်ရွှယ် အရက်ထပ်သောက်နေသည်ကို တွေ့လိုက်ရသဖြင့် စိုးရိမ်သောအသံဖြင့် အော်၍ ပြောလိုက်၏။

"အစ်ကိုကြီး .... ဒီအရက်ကို ဆက်မသောက်နဲ့တော့လေ"

ဖုန်ရွှယ်က ပြုံးလိုက်ပြီး ....

"စိတ်မပူပါနဲ့ကွာ .... ဒီလို သိုင်းဖျက်ဆေးက နည်းနည်းသောက်လည်း ဒီလိုပဲ .... များများသောက်လည်း ဒီလိုပဲ .... ဘာမှ မထူးပါဘူး .... တတ်ထားတဲ့ သိုင်းပညာတွေကို မေ့သွားတာကလွဲလို့ ဘာမှ မဖြစ်နိုင်ပါဘူး .... "

ဟိုလင်ဖုန်းမှာ ယခုအချိန်တွင် မိမိ၏ချက်အောက်တွင် ထူးဆန်းသော ခံစားချက် ထွက်ပေါ်လာသည်ကို သတိထားလိုက်မိ၏။

မိမိ၏အတွင်းအားလှိုင်းများမှာ ချက်အောက်တွင် စုစည်းနေပြီး ကိုယ်ခန္ဓာအနှံ့အပြားသို့ လှည့်ပတ်သွားလာနိုင်ခြင်းမရှိနိုင်တော့မှန်း သိလိုက်ရ၏။

"ဟေ့ .... ဝမ်ကျင်း .... မင်းလက်ထဲက အရက်ခွက်ကို ဒီကိုယူလာခဲ့ .... ငါ့ညီလေး သောက်ဖို့အတွက် ငါကိုယ်တိုင် အရက်ငှဲ့

ပေးမယ် .... ”

ဖုန်ရွှယ်က ရီဝေနေသော မျက်လုံးအစုံနှင့် ဝမ်ကျင်းကိုစိုက်ကြည့်လိုက်ရင်း အားလေး လျှာလေးဖြင့် ပြောလိုက်၏။

ဝမ်ကျင်းက လက်ထဲတွင် အရက်ခွက်ကို ကိုင်ထားရင်း ဖုန်ရွှယ်ထိုင်နေသောနေရာသို့ပ မသွားဘဲ၊ ဟိုလင်ဖုန်းအနီးတွင် မတ်တတ်ရပ်နေပြီး ....

“အစ်ကိုကြီးရဲ့ညီလေးကို ကျွန်မ အရက်ထပ်မတိုက်နိုင်တော့ဘူး .... ဘာဖြစ်လို့လဲဆိုတော့ သူက ဒဏ်ရာရထားတယ် မဟုတ်လား၊ သူ အရက်များများသောက်ရင် ဒုက္ခရောက်သွားနိုင်ပါတယ် .... ဒါကြောင့် ကျွန်မက သူ့ကို စေတနာနဲ့ အရက်ထပ်မတိုက်ဘူးလို့ ပြောနေရတာပါ .... ”

“ဘာစေတနာလဲ .... မင်းရဲ့စေတနာကို ငါ နားမလည်ဘူး၊ မင်းက အခုမှ ကြောင်က ကြွက်ကို ငိုပြမနေနဲ့ .... ငါ သေသွားရင် မင်း သိပ်ပျော်မယ်ဆိုတာ ငါ သိပါတယ် .... ဒီမှာ ဝမ်ကျင်း .... မင်း အပိုတွေ ပြောမနေနဲ့ .... ”

ဟိုလင်ဖုန်းက ဒေါသဖြင့် အော်၍ ပြောလိုက်သောကြောင့် သစ်ခွပန်းအဆောင်တစ်ခုလုံးတွင် သူ့အသံက ကျယ်လောင်စွာပဲ့တင်ထပ်သွားလေ၏။

“ညီလေး .... မင်းက ဒီလိုမပြောနဲ့လေ’ .... မင်းနဲ့သူက လင်မယားပဲ .... သူက မင်းကို ဘယ်သေစေချင်ပါ့မလဲ .... မင်းသာ



တကယ်သေသွားရင် ငါတို့ရဲ့ ပူးပေါင်း ဓားသိုင်းကွက်ကို ဘယ်လိုလုပ်လေ့ကျင့်နိုင်တော့မှာလဲ”

ဝမ်ကျင်းက ပြုံးလျက် ....

“ဟုတ်ပါတယ် .... အစ်ကိုကြီးပြောတာ သိပ်မှန်တာပဲ .... ပူးပေါင်းဓားသိုင်းကွက်ကို လေ့ကျင့်ဖို့က သိပ်အရေးကြီးတယ် မဟုတ်လား .... ”

ဖုန်ရွှယ်က ရုတ်တရက် မဲ့ပြုံးပြုံးလိုက်ပြီး ဝမ်ကျင်းဘက်သို့လှည့်လျက် ....

“ဒီမှာ ဝမ်ကျင်း .... မင်းကို ငါတစ်ခုပြောမယ် .... ပူးပေါင်းသိုင်းကွက်က ငါ့ရဲ့ဦးနှောက်ထဲမှာ ရှိနေတာကွ .... မင်း သိုင်းဖျက်ဆေးမှုန့်နဲ့ ငါ့ရဲ့သိုင်းပညာကိုပဲ ထိန်းချုပ်လို့ရမယ် .... ငါ့ရဲ့ဦးနှောက်ထဲက ပူးပေါင်းဓားသိုင်းကွက်ကိုတော့ ထုတ်ယူလို့ရမှာ မဟုတ်ပါဘူး”

ဝမ်ကျင်းက ခစ်ခနဲ တစ်ချက်ရယ်လိုက်ပြီး ....

“ဒါကလည်း မခက်ပါဘူး .... ကျွန်တို့မှာ အချိန်တွေ အများကြီး ရှိပါသေးတယ် .... အစ်ကိုကြီးရဲ့ညီလေး ဒဏ်ရာက လုံးဝကောင်းသွားတော့မှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေ့ါ .... ”

ဝမ်ကျင်းက ထိုသို့ပြောပြီး လက်ခုပ်တစ်ချက် တီးလိုက်၏။

ထိုအချိန်တွင် ဓားကိုယ်စီ လွယ်ထားသော အခြေအရုံမကလေးနှစ်ယောက်သည် သစ်ခွပန်း အဆောင်ထဲသို့ ရောက်လာကြ၏။

"အစ်ကိုကြီးက အရက်အတော်ကလေး မူးနေပြီ .... မင်းတို့ သူ့ကို နှင်းဆီပန်း အဆောင်ထဲကို ခေါ်သွားကြ .... ပြီးတော့ သေသေချာချာ ပြုစုစောင့်ရှောက်လိုက်ပါ .... "

ဝမ်ကျင်းက အခြွေအရံမကလေး နှစ်ယောက်ကို အမိန့်ပေးလိုက်၏။

အခြွေအရံမကလေးနှစ်ဦးက ချက်ချင်းပင် ဖုန်ရွှယ်၏လက်မောင်းကို ဘေးတစ်ဘက်တစ်ချက်ဆီမှ ဆုပ်ကိုင်တွဲခေါ်လျက် သစ်ခွပန်းအဆောက်ထဲမှ ထွက်ခွာသွားကြသည်။

ဖုန်ရွှယ်က လုံးဝရုန်းကန်လှုပ်ရှားခြင်း မပြုဘဲ ပြုံးရွှင်သောမျက်နှာထားဖြင့် လိုက်ပါသွားရင်း ....

"ညီမလေး .... မင်းနဲ့ငါ ဘာမှဆွေးနွေးစရာ မရှိပါဘူး .... မင်းက ဝမ်ကျင်း ဘယ်မှာရှိတယ်ဆိုတာကို ပြောပါ .... ငါက ပူးပေါင်းစားသိုင်းကွက်ကို သင်ပြပေးမှာပေါ့ .... "

ဝမ်ကျင်းက ဘာမျှပြန်မပြောဘဲ အခန့်သားပြုံးလိုက်၏။

ဖုန်ရွှယ်ကဲ့သို့ သိုင်းပညာ အဆင့်မြင့်သော သိုင်းသမား တစ်ယောက်ကို အရက်ထဲတွင် သိုင်းဖျက်ဆေးမှုန့် ထည့်လျက်တိုက်လိုက်ပြီး ယခုလို အခြွေအရံမကလေးနှစ်ဦးက လွယ်လင့်တကူ ခေါ်ဆောင်သွားခြင်းကို ငေးကြည့်နေရင်း ဟိုလင်ဖုန်းသည် အတော်ကလေးခံပြင်းသွား၏။

မိမိသည် ဤမျှ သပွတ်အူကဲ့သို့ ရှုပ်ထွေးနေသော ဇာတ်လမ်း



တွင် ပါဝင်ခဲ့ရသည့် နောက်တွင်တော့ မထူးတော့ပါ။

အစအဆုံးတိုင် ပါဝင်ရန်သာ ဆုံးဖြတ်လိုက်ရ၏။

ထို့ပြင် ....

ဟိုလင်ဖုန်းသည် ရန်ကျိဝေတို့လင်မယားနှစ်ယောက်ကိုလည်း မတွေ့တွေ့အောင် ရှာဖွေလျက် ဖုန်ရွှယ်နှင့်အတူ သွားရောက်ကယ်တင်ရန် သန္နိဋ္ဌာန်ချလိုက်၏။

"ဝမ်ကျင်း .... မင်းဘယ်လိုလုပ်လိုက်တာလဲ .... မင်းက ငါ့ကို ဒီလိုလျှို့ဝှက်ချက်ကို မပြောနဲ့လို့ ပိတ်ပင်ခဲ့ပြီး မင်းကိုယ်တိုင်က ဘာဖြစ်လို့ ဒီလျှို့ဝှက်ချက်တွေကို ဖွင့်ပြောလိုက်ရတာလဲ"

"အခုအချိန်ကျမှ မထူးတော့ပါဘူး .... မျောက်ကြီးကလည်း ရိပ်မိသွားပြီပဲ .... ရှင်ကတော့ ကျွန်မက မပြောပါနဲ့လို့ ပိတ်ပင်ခဲ့ပေမယ့် နှုတ်လုံခဲ့လို့လား .... "

"မင်းကို ငါ ကတိပေးထားလျက်သားနဲ့ မင်းက အရက်ထဲမှာ သိုင်းဖျက်ဆေးမှုန့် ခတ်ထားလိုက်တာ ဘာသဘောလဲ .... "

"အစကတော့ ကျွန်မ ဒီလိုမလုပ်ချင်ပါဘူး .... ဒါပေမယ့်.... ရှင်က မျောက်ကြီးကို ညသန်းခေါင်အချိန်မှာ ချိန်းထားတော့ ကျွန်မက လက်ဦးအောင် လုပ်လိုက်ရတာပဲ .... "

ဟိုလင်ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး ....

"လက်စသတ်တော့ မင်းက ငါတို့စကားပြောနေတာကို ကြားသွားတာကိုး .... တကယ်တော့ မင်း ငါ့ကို အထင်လွဲနေတာပါ၊

ဖုန်ရွှယ်က မင်းကို သံသယရှိနေတော့ ငါက ဒီအကွက်ကို တမင်သက်သက်ဆင်ပြီး သူ့ကို ညသန်းခေါင်မှာ ချိန်းလိုက်ရတာပဲ .... ညသန်းခေါင်အချိန် မရောက်ခင်မှာ မင်းကို ငါလာတွေ့ပြီး ဖုန်ရွှယ်ကို ငါ ဘယ်လို ရှင်းပြမယ်ဆိုတာ လာပြောမလို့ပဲ .... "

ဝမ်ကျင်းက အံ့အားသင့်သွားဟန်ဖြင့် ....

"ဟုတ်လား .... ရှင်က ဖုန်ရွှယ်ကို ဘယ်လိုရှင်းပြမလို့လဲ.... ပြောစမ်းပါဦး .... "

"မင်းဟာ ဝမ်ကျင်းအတု ဆိုတာကိုတော့ ငါက ဘယ်ပြောပါ့မလဲ .... မင်းမီးလို့ချောင်ဝင်ပြီး ဟင်းချက်တဲ့ကိစ္စကိုတော့ ငါနဲ့အိမ်ထောင်ကျပြီးမှ ချက်ပြုတ်တတ်အောင် သင်ထားလို့ .... ပြီးတော့ ငါက ကြက်ဥပေါင်းချက်တာကို ကြိုက်လို့ မင်းက .... "

ဟိုလင်ဖုန်း စကားမဆုံးခင်မှာပင် ဝမ်ကျင်းက လက်ကာလျက် ....

"တော်တော့ .... ရှင့်ရဲ့သဘောကို ကျွန်မ နားလည်သွားပြီ၊ ရှင်က ကျွန်မနဲ့ ပူးပေါင်းမယ်ပေါ့ .... ကျွန်မပြောတဲ့ စကားကို ရှင် နားထောင်မလား"

ဟိုလင်ဖုန်းက ခေါင်းညိတ်လျက် ....

"ဒီကိစ္စမှာ မင်းနဲ့ငါ ပူးပေါင်းရုံကလွဲပြီး တခြားဘာလုပ်နိုင်ဦးမှာလဲ"

ဟိုလင်ဖုန်း၏စကားကို ဝမ်ကျင်းသည် နှစ်သက်သဘောကျသွားပြီး သူမ၏ မျက်လုံးတစ်စုံလုံးမှာလည်း ကြည်လင်ဝင်းလက်သွားလေသည်။



"ဒီလိုဆိုရင် ရှင့်ကို ကျွန်မ တာဝန်တစ်ခုပေးမယ် .... ရှင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးရမယ်"

"ဘယ်လိုတာဝန်မျိုးပဲဖြစ်ဖြစ် .... ငါ အတတ်နိုင်ဆုံးဆောင်ရွက်ပေးမယ်"

"ဖုန်ရွှယ်ကို သွားပြီးနားချပါ .... ပူးပေါင်းဓားသိုင်းကွက်ရဲ့ နည်းစနစ်ကို အမြန်ဆုံးပြောပြပါလို့ .... "

"ဒီကိစ္စကို ငါဆောင်ရွက်နိုင်ပါတယ် .... ဒါပေမယ့် ဖုန်ရွှယ်က ငါ့ကို ယုံမယုံတော့ မသိဘူး"

"ဖုန်ရွှယ်က ရှင့်ကိုယုံမှာပါ .... ဘာဖြစ်လို့လဲဆိုတော့ သူက ရှင့်ကို ရန်ကျိုဝေလို့ ထင်နေသေးတယ် ...., ဝမ်ကျင်းဟာ ကျွန်မတို့လက်ထဲမှာ ရှိနေတယ်ဆိုတာကို ရှင်က ဖုန်ရွှယ်ကို ပြောပြလိုက်ပါ.... ပြီးတော့ တကယ်လို့ ပူးပေါင်းဓားကွက်ရဲ့ ကျင့်စဉ်ကို မပြောရင်တော့ ဗိမာန်ဂေဟာရော .... မဟာဂေဟာပါ သိုင်းလောက ကနေ တစ်ခါတည်း ပျောက်ကွယ်သွားမယ်ဆိုတာကိုလည်း သတိပေးလိုက်ပါ"

ဟိုလင်ဖုန်းက သွေးတိုးစမ်းသလို ဝမ်ကျင်းကို မေးလိုက်၏။

"ဒီလိုဆိုရင် မင်းက တိမ်လွှာဂေဟာက လူပေါ့ .... "

ဝမ်ကျင်းက ဟိုလင်ဖုန်း၏အမေးကို မဖြေဘဲ ဟိုလင်ဖုန်းကို ပြန်၍မေးလိုက်၏။

"သိုင်းလောကမှာ ဗိမာန်ဂေဟာနဲ့ မဟာဂေဟာကလွဲရင် တိမ်လွှာဂေဟာ တစ်ခုတည်းပဲ ရှိတယ်လို့ ထင်နေသလား"

"ဒီလိုဆိုရင် မင်းက ဘယ်သူလဲ .... ဘယ်ကလဲ .... "

ဝမ်ကျင်းက ပြုံး၍ ဟိုလင်ဖုန်းအား ငေးစိုက်ကြည့်လိုက်ပြီး သစ်ခွန်ပန်းအဆောင်ထဲမှ ထွက်ခွာသွားလေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်။

**တက္ကသိုလ်နေလင်းအောင်**